www.burmeseclassic.com

မောင်မိုး
စီစဉ်သည်
TWO CATS PUBLICATION

# ဒိုက်ကိုရဲ သူရာထောင်မှ ဒုတိယအလွဲများ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နိုကိုရဲ့

သူရာထောင့်မှ ဒုတိယအလွဲများ

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ချစ်ကြည်ရေး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခံစားချက် | ၅ |
| ခုံပိုင်ရှင် | ၁၈ |
| အချိုရည် 'ဆရာမ' | ၃၈ |
| ဆရာ. . . 'ညာတယ်' | ၅၈ |
| နှစ်ခွ | ၇၆ |
| ကျွန်တော်နှင့် ဘတ်တာဖလိုင်းဆရာမ | ၉၈ |
| ဖောင်တိန်နှင့်ဘော(လ်)ပင် | ၁၂၂ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC

# ခံစားချက်

ကျွန်တော့်အတွင်းစိတ်များသည် မငြိမ်မသက်ဖြစ်နေကြသည်။ ထိုမငြိမ်မသက်ဖြစ်နေသော စိတ်၏အောက်ခြေတွင် ဆို့နင့်ပူလောင်နေသော မည်သို့မှန်းမသိရသည့် ဆိုးဝါးသော ဝေဒနာကြီး ရှိနေသည်။

အရင်တုန်းက ငါဟာ စက္ကန့်တိုင်း စက္ကန့်တိုင်း သစ္စာဖောက်တာကို ခံနေရတာပဲ. . . လို့တွေးလိုက်ရင် တစ်ကိုယ်လုံးဟာ ဆို့နင့်ကြေကွဲတဲ့ ဝေဒနာနဲ့ နစ်မြုပ်သွားတယ်ဗျာ. . .။

အဲဒီဝေဒနာဟာ မငြိမ်သက်ဘဲ ပူလောင်နေတဲ့ ရင်ထဲကပဲ လာပါတယ်။ အဲဒီအတွေးရဲ့စကားလုံးတွေကို ရအောင်ဖျောက်တော့ စကားလုံးတွေပျောက်သွားပေမယ့် ဝေဒနာကတော့ တအားနဲ့

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အရှုံးလိုက်ရသလို နာပြီး ကျန်ရစ်ခဲ့တာပါပဲ။

ကျွန်တော့်ကို လူတွေက ငြိမ်ငြိမ်ကလေး ထိုင်နေတာလို့မြင်ကြလိမ့်မယ်။

မဟုတ်ပါဘူး။

ကျွန်တော့်အတွေးတွေဟာ ပူလောင်တဲ့အသိတွေနဲ့ ဆက်ခါဆက်ခါ လောင်ကျွမ်းနေတာပါ။

ကျွန်တော် ပြန်မြင်ကြည့်မိနေတယ်။

ဥပမာ. . . အဲဒီနေ့က. . .

ကျွန်တော်ဟာ စာရေးနေတယ်. . .။ သူက ကျွန်တော်ငဲ့ကြည့်ရင် မြင်နေရတဲ့ ကုတင်ကလေးအပေါ်မှာ လှဲလျောင်းလို့. . .။ နဖူးကလေးအပေါ်မှာ လက်ကလေးကိုတင်လို့. . . မျက်နှာကျက်ကို မော့ကြည့်ပြီး ငေးနေတယ်။

သူဟာ. . . ကျွန်တော် ဝတ္ထုရေးပြီးလို့ ပိုက်ဆံရရင် သူလိုချင်တာတစ်ခုခုကို ပူဆာဖို့တွေးနေလိမ့်မယ်။ သူ ဘာစားချင်သလဲဆိုတာကို စဉ်းစားချင်စဉ်းစားနေလိမ့်မယ်။ ကျွန်တော်နဲ့ အပြင်မသွားရတာကြာပြီလို့ တွေးချင်တွေးနေလိမ့်မယ်။ ကျွန်တော့်သားကလေးအကြောင်းကို တွေးချင်တွေးနေလိမ့်မယ်လို့ ကျွန်တော်ငဲ့ကြည့်ရင်း စဉ်းစားမိတယ်။

ဆိုလိုတာက သူဟာ ကျွန်တော်နဲ့ မလှမ်းမကမ်းမှာ သက်တောင့်သက်သာလှဲလျောင်းရင်း ကျွန်တော်နဲ့ မိသားစုအကြောင်းကို စဉ်းစားနေလိမ့်မယ်လို့ချည်း ကျွန်တော်ထင်ခဲ့တယ်။





အခုပြန်စဉ်းစားလိုက်တော့ အဲဒီလိုမဖြစ်နိုင်ဘူး။ မဟုတ်ဘူး။ သူဟာ ကာမပိုင်လင်ယောကျ်ား ကျွန်တော်ရှိရက်နဲ့. . . သူကိုယ်တိုင် ရင်နဲ့လွယ်ပြီးမွေးထားခဲ့တဲ့ သားကလေးရှိရဲ့သားနဲ့. . .။ တစ်ခြား ယောကျ်ားသားတစ်ယောက်အကြောင်းကိုပဲ စဉ်းစားနေခဲ့တယ်။

ပြီးတော့. . . သူအဲဒီလို အမြဲနေခဲ့တာ ၁-နှစ်ကျော်ကြာပြီ ဆိုတဲ့အတွေးဟာ ကျွန်တော့်ရင်ကို တည့်တည့်ချိန်ပြီး ရင်ထဲကနှလုံးသားရှိမယ့် နေရာတည့်တည့်ကို တည်ပြီးချိန်ပြီး တစ်ကိုယ်လုံးအားနဲ့ လှံသွားကို ဖိချလိုက်သလိုပဲ နင့်ကနဲ စူးကနဲ နာကျင်လှပါတယ်။

သူရယ်နေတာ၊ သူအလှပြင်နေတာ၊ သူ သီချင်းဆိုနေတာ အဲဒါတွေအားလုံးဟာ ကျွန်တော့်အတွက် မဟုတ်ဘူးဆိုတာကို သိလိုက်ရတော့ ရူးသွားမတတ် ရင်နာရပါတယ်။

ဒီလိုအသိကို နောက်ကျမှရတဲ့အတွက်လည်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို ကျေးဇူးတင်ရပါတယ်။ သူက တစ်ခြားယောကျ်ားကို စိတ်ဖေါက်ပြန်နေတဲ့အချိန်မှာ သူ့ကို ကျွန်တော်က ဖြူဖြူစင်စင်ပဲ လုပ်ကျွေးနေခဲ့တယ်။ ဟိုး အရင်တုန်းကအတိုင်းပဲ သူပြောသမျှကို ယုံနေမိတယ်။ ကျွန်တော် ချစ်နေတဲ့အချစ်နဲ့ သူဟာ လှနေခဲ့တယ်။ စောစောစီးစီးသာ သိရရင် အဲဒီအချိန်တွေကစပြီး ကျွန်တော် နာကျင်နေရမှာပဲ။ အခုတော့ သူ့အပေါ်မှာ ဖြူစင်မှုနဲ့ တစ်နှစ်လောက် ထပ်ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က လူတွေက ဒီလောက်တောင်မသိရအောင် မင်း ဘာတွေလုပ်နေသလဲ။ ငါတို့သိတာ တွေ့တာ လူတွေပြောနေကြတာကြာပြီ. . . တဲ့။

ပြောပြရင်တော့ ရယ်စရာပါ. . . ကျွန်တော်က အလေးတွေ မနေတယ်။ ကဗျာတွေရေးနေတယ်။ အရက်မသောက်ဖြစ်အောင် စိတ်ငြိမ်တဲ့လေ့ကျင့်ခန်းတွေ ယူနေတယ်။ ဝတ္ထုတွေရေးနေတယ်။ ကဲ. . . ရယ်စရာမကောင်းဘူးလား။ ရင်နာစရာကောင်းတဲ့ ရယ်စရာတစ်ခုလို့ပဲ ဆိုကြပါစို့။

ကျွန်တော်ဟာ သူ့ကို အိမ်ထောင်ရေးနဲ့ပတ်သက်လို့ အမြဲ ယုံခဲ့တယ်။ သူ့ကိုချုပ်ချယ်မှုမရှိပဲ လွတ်လပ်မှုအပြည့် ပေးထားခဲ့တယ်။ အဲဒါကိုလဲ လူရှေ့မှာ အမြဲကြွားတတ်တယ်။ ငါ ဒီလို ကြွားတိုင်း သူကတော့ စိတ်ထဲက ရယ်ရယ်နေမှာပဲ။ ငါ. . . ဖတ်ခဲ့ရဖူးတဲ့ ပုံပြင်ထဲကဘုရင်ကြီးလို ဖြစ်နေတယ်။

ဘုရင်ကြီးတစ်ပါးမှာ အင်မတန်ဟင်းချက်တော်ပြီး စိတ်ချယုံကြည်ရတဲ့ စားတော်ကဲကြီးတစ်ယောက်ရှိတယ်တဲ့။ ဘုရင်ကြီးက သူ့စားတော်ကဲကြီးချက်တဲ့ အစားအသောက်တွေကို မစားခင်မှာ အမြဲကြွားလေ့ရှိတယ်တဲ့။ "ဟောဒီလို အရသာအရှိဆုံးအစားအသောက်တွေကို ငါ့လို ဦးဦးဖျားဖျား ဘယ်သူစားနိုင်သလဲ" တဲ့။ အဲဒီအသံကိုကြားတော့ စားဖိုမှူးကြီးဟာ ကြိတ်ပြီးရယ်သတဲ့။ သူက ဘုရင်ကြီးမစားခင် သူနဲ့ သူ့မိသားစု အမြဲတမ်းဦးဦးဖျားဖျား စားနေကြကိုး. . .။





စားတော်ကဲကြီး ပြုံးတာကိုမြင်တော့ မောင်းမတွေက မေးတဲ့အခါ ပြောပြတော့ နန်းတော်တစ်ခုလုံးက မောင်းမမိဿံတွေက အားလုံးသိသွားကြပြီး ဘုရင်ကြီးကြုံးဝါးတိုင်း စားတော်ကဲကြီးပြုံးသလို လိုက်ပြုံးကြသတဲ့။

ငါ့ကိုလဲ ပတ်ဝန်းကျင်ကလူတွေက ဒီလိုပဲပြုံးနေကြတာကြာပြီတဲ့။ ငါ သိလိုက်ရတဲ့အချိန်မှာ ဖြူစင်သန့်ရှင်းတဲ့ ငါ့မေတ္တာတွေအားလုံးကို အဆိပ်ခတ်ခံလိုက်ရသလို ဖြစ်သွားတယ်။ ငါဟာ မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို နာကျင်သွားတယ်။ အရှိန်နဲ့ ပြေးလာနေတဲ့ လူတစ်ယောက်ကို ခြေထိုးချတာခံလိုက်ရသလိုမျိုး. . .။ ငါ့ဘဝရဲ့ ပုံမှန်အချိန်တွေအားလုံး ဒလိမ့်ကောက်ကွေးပြီးလဲကျကုန်တယ်။ ငါ့ဘဝမှာ တစ်ခါမှတွေးမကြည့်ခဲ့ဘူးတဲ့ အခြေအနေမျိုးကို ငါရောက်သွားတော့ ဘာလုပ်ရမှန်းမသိလောက်အောင် ထူပူသွားခဲ့တယ်။

အဲဒီခံစားမှုတွေအားလုံးက တဖြည်းဖြည်းချင်း အသိဉာဏ်ဝင်လာမှ ပြုံပြီးသိ။ ပထမဦးဆုံး ခံစားရတာကတော့ ဥပမာလဲပေးလို့မရ၊ နာကျင်လို့လဲမရတဲ့ တုန်လှုပ်ချောက်ချားမှုပါပဲ။ ခုနက ရေးပြတဲ့ အခြေအနေတွေက တုန်လှုပ်မှုကြီးထဲက အရှိန်လျှော့ပြီး ကျန်ခဲ့တဲ့ ဥပမာတွေပါ။

ငါ သူ့အပေါ်မှာထားခဲ့တဲ့ ယုံကြည်မှုနဲ့ ပေးခဲ့တဲ့ လွတ်လပ်မှုဟာ သစ္စာ စည်းစားဆင်ချင်ဉာဏ်နည်းတဲ့၊ အရှက်အကြောက်နည်းတဲ့၊ တစ်ကိုယ်ရည်သာယာ၊ သူ့ရဲ့ပင်ကိုယ်စရိုက်တွေနဲ့ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မယုံကြည်နိုင်လောက်အောင် နာကျင်ရတဲ့ ဒုစရိုက်တွေနဲ့ ပြည့်နေတဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အဆိပ်တစ်ခွက်ဖြစ်သွားခဲ့တယ်။

အဲဒီ အဆိပ်ကို ငါသောက်လိုက်ရတယ်။

အခြေအနေအကြောင်းကြောင်းကြောင့် ရလာတဲ့အဆိပ်ခွက်ကို ငါ မငြင်းဘူး၊ ငြင်းလို့လဲမရဘူး၊ ငြင်းခွင့်လဲမရှိဘူးလေ. . . ။

ငါဟာ. . . ငါ့ကိုယ်ငါ ပြန်မမြင်ရဘဲ ခံစားမှုဆိုးဆိုးဝါးဝါးတွေထဲမှာ မြောနေတယ်။ ငါဟာ ငါ့အရှုံးတွေကို အနုပညာပါပါ တွေးပြီး ငါ့ရင်ကို ထပ်နာကျင်အောင်လုပ်နေခဲ့တယ်။ ငါကိုယ်တိုင် တွေ့ရတာလဲမဟုတ်ဘဲနဲ့ သူနဲ့ အဲဒီကောင်လေးနဲ့တွဲလာတာ၊ ပျော်ပျော်ရွှင်ရွှင် ရယ်မောနေတာတွေကို တွေးမိပြီး ထိမ်းလို့မရဘဲ ရင်နင့်မှုကိုခံစားနေခဲ့တယ်။ ကိုယ့်ဘာသာ လုပ်တွေးထားတဲ့ ထင်ကြေးအရိပ်တွေ၊ ငါ့ကို အချိန်တိုင်း နှိပ်စက်နေခဲ့တယ်။

ရက်တွေကြာလာပေမယ့် ငါ့ဘာသာဖန်ဆင်းထားတဲ့ နာကျင်မှုတွေဟာ ကုန်မသွား။ သစ်သည်ထက်တောင် သစ်လာနေသေးတယ်။ ငါဟာ. . . နာကျင်မှုမှာ အကြိမ်ကြိမ် ငရဲခံနေရတယ်။ ငါ့ကိုယ်ငါမပိုင်ဘဲ. . . စိတ်ထင်ရာတွေကို ခံစားနေမိတယ်။

ဒါပေမယ့် ငါဟာ အပြင်ကိုမထွက်ဘူး။ ခံစားရတာလိမ့်နေပေမယ့် အလိုကိုမလိုက်ခဲ့ဘူး။ အရက်ပြန်သောက်ဖို့ ဆေးလိပ်ပြန်သောက်ဖို့ကို အင်အားကောင်းကောင်းနဲ့ ဆန့်ကျင်ထားနိုင်ခဲ့တယ်။ အဲဒီအတွက် ငါ့ကိုယ်ငါ ဂုဏ်ယူပြီးကြည်လဲကြည်ညိုတယ်။





စိတ်က ကြေကွဲနာကျင်ပြီး မထိမ်းနိုင်တော့. . . ။ ငါဟာ ငါဖတ်ထားတဲ့ တရားဓမ္မတွေနဲ့ ငါ့ကိုယ်ငါ တိုက်ကြည့်တယ်။ စိတ်လေလွင့်တဲ့အခါ ငြိမ်သက်တဲ့အလုပ်ကို လုပ်ရမယ်. . . ။ ငါ့အတွက် စာရေးနေတဲ့အချိန်ဟာ စိတ်အတည်ငြိမ်ဆုံး. . . ငါ စာရေးတဲ့အလုပ်ကို ပြန်လုပ်ဖို့ပြင်ဆင်တယ်။ အဲဒီအချိန်မှာ ငါဟာ လွတ်ထွက်ချင်နေတဲ့ အသိစိတ်တွေ အမြန်ဆုံးနဲ့ ခံနိုင်ရည်အရှိဆုံး ထိမ်းသိမ်းရတယ်။

ငါ ဗေဒင်ဆရာဆီ မသွားပါဘူး။ ယတြာယာမချေဘူး။ ရိုးသားတဲ့ ငါ့ရဲ့ကိုယ်ကျင့်တရားကို အားကိုးပြီးတော့ပဲ ပြဿနာတွေကို ဖြေရှင်းခဲ့တယ်။ အဆုံးမှာ ငါ အောင်နိုင်ခဲ့တာပါပဲ။ အဲဒီအနိုင်ရရှိမှုက ငါ့ကိုယ်ငါ ပြန်လည်ယုံကြည်စေတယ်။ နောက်ဆုံးမှာ အဓမ္မနဲ့ဓမ္မပြိုင်ကြရင်း ဓမ္မကပဲ အနိုင်ယူရစမြဲကို ငါ ကောင်းကောင်းနားလည်သွားတယ်။ သစ္စာ(၂)ခါ အဖောက်ခံခဲ့ရတဲ့ ငါဟာ အဲဒီတစ်လတည်းအတွင်းမှာပဲ တော်တော်ပြောင်းလဲသွားခဲ့တယ်။

ငါ့စိတ်တွေ ပိုပြီးတည်ငြိမ်လာအောင် စာရေးဖို့ကြိုးစားရတယ်။

ငါ စာရေးချင်စိတ်ရှိအောင် စာအုပ်တွေပြန်ဝယ်ပြီး စာတွေဖတ်တယ်။ စာကောင်းပေကောင်းဖတ်လိုက်ရတာနဲ့ ငါဟာ စာရေးချင်စိတ်ပေါက်လာတာပဲ။ ဒီတော့ ပိုပြီးဆွဲဆောင်မှုရှိအောင် ဘောလ်ပင်ရောင်စုံကလေးတွေ. . . ငါရေးချင်တဲ့ ဘောလ်ပင်အထုပ်လိုက်တွေ စာအုပ်လှလှကလေးတွေ. . . ဒိုင်ယာရီတွေချုပ်



www.burmeseclassic.com

www.burmeseclassic.com



စက်အသစ်၊ colour pen အသစ်တွေ ဝယ်ပစ်လိုက်တယ်။

ပြီးတော့ ငါ စာစရေးတယ်။

ငါ့စိတ်ဟာ လန်းဆန်းမှု နည်းနည်းနဲ့စရာက ရေးရင်းရေးရင်း တဖြည်းဖြည်း တော်တော်ရေးလို့ကောင်းလာတယ်။ "အိုလေး" ဝတ္ထုဟာ ငါ့ဘဝမှာရေးရတာ ရေးလို့အကောင်းဆုံး ဝတ္ထုတစ်ပုဒ်ပဲ။ ရှည်လွန်းလို့ ကိုမျိုးကတောင် တော်ပါတော့ အရမ်းရှည်နေပြီလို့ တားယူရတဲ့ အထိပါပဲ။

ငါ့စိတ်ဟာ တည်ငြိမ်တော့ အတွေးတွေသန့်ရှင်းလာတယ်။

သူနဲ့ပတ်သက်ပြီး ငါ မမြင်မတွေ့တာကို ငါ့ဘာသာပုံရိပ်ဖော်ပြီး နာကျင်အောင်တွေးတာတွေကို မတွေးဖြစ်ဖို့ စဉ်းစားရတယ်။ ဆုံးဖြတ်ချက်ချရတယ်။ ပြီးတော့. . . ငါ စိတ်ရင်းခံနဲ့ သူ့အပေါ် ဖြူစင်ခဲ့တာ၊ လှပခဲ့တာ၊ ပျော်ရွှင်ခဲ့တာတွေကို ငါ အခုရနေတဲ့ ညစ်ညမ်းစုတ်ပဲ့နံစော်နေတဲ့စကားတွေ သက်သေတွေ၊ အရုပ်တွေနဲ့ရောပြီး အကျည်းတန်မသွားအောင်ထားရတယ်။ အရင်တုန်းက သူနဲ့ အခု သူ့ကို ရောမသွားဖို့ ကြိုးစားရတယ်။ ငါ့ရင်ထဲမှာ လှခဲ့ဖူးတဲ့သူ့မှာ ဘာမှအပြစ်မရှိဘူး။ သူဟာ ရိုးသားခဲ့တုန်းက ရိုးသားခဲ့တယ်။ ငါ့အပေါ် သိပ်သည်းခံခဲ့တယ်။ ငါ့ဒဏ်တွေကို ခံခဲ့ရဖူးတယ်။ အရက်သမားမယားလို့ အကြည့်ခံခဲ့ရဖူးမယ်။ အဲဒီတုန်းက သူဟာ လှခဲ့တယ်။ အဲဒီကိစ္စတွေကို အခု သူ့ဖေါက်ပြန်မှုနဲ့ သွားရောလိုက်လို့ ငါ မချိမဆန့်ခံစားနေရတာ ဆိုတာကို ငါသွားတွေ့ တယ်။ ဒီတော့ အရင်တုန်းက လှခဲ့တဲ့သူ့ကို မလှခဲ့တဲ့





အခု သူနဲ့ ခွဲထုတ်ထားဖို့ကြိုးစားရတယ်။

ဒါက. . . ရေးချရတာလွယ်ပေမယ့် လုပ်ရတာ၊ ကျင့်ကြံရတာ၊ အလေ့အကျင့်ဖြစ်အောင် ကိုယ့်ကိုယ်ကို ခိုင်းရတာ လုံးလုံးမလွယ်ပါဘူး။

ဒါပေမယ့် အလုပ်ကိုဖိလုပ်ရင်း ကိုယ့်တည်ငြိမ်မှုကို ကိုယ်မွေးရင်း ငါဟာ တဖြည်းဖြည်း တည်ငြိမ်နိုင်လာတယ်။ "အိုလေး" အပ်တဲ့နေ့က ပိုက်ဆံတွေ့ရတော့ ငါဟာ ဝမ်းသာနေမိတယ်။ ရွှံ့နွံ့ထဲကနေ "ကြာ"ပန်းတစ်ပွင့် ပွင့်လာသလို ငါခံစားရတယ်။ ငါ စိတ်ဆင်းရဲကြီးစွာ ခံစားနေရတဲ့ကြားထဲက တည်ငြိမ်မှုနဲ့အတူ ငါ့ကိုယ်ငါ ကြိုးစားတည်ဆောက်ရင်းနဲ့ ရလာတဲ့ပိုက်ဆံဖြစ်လို့ မက်မောမှုထက် ကြည်နူးမှု၊ ငါ့ကိုယ်ငါ ပိုယုံကြည်လာမှုက တကယ်ကိုပိုပါတယ်။

ငွေရတော့ ငါ့သားအတွက် အိမ်အတွက် ငါ့အတွက်လိုတာတွေကို ဝယ်ဖြစ်ပါတယ်။ ငါ့စိတ်ကိုတည်ငြိမ်အောင် ငါ့အတွက် အသစ်ပြန်ဖြစ်နိုင်မယ့်အရာတွေ လိုအပ်တာတွေကို ဝယ်မိပါတယ်။

ငါ တည်ငြိမ်မှုရလာတဲ့စိတ်မှာ အသေအချာ ပြန်စဉ်းစားကြည့်တော့ ငါ့စိတ်ထဲမှာ ငါခံစားရသလို သူ့ကို ခံစားစေချင်တဲ့ စိတ်က ရှိနေသေးတယ်။ ငါ သူ့ကို ပစ်ထားလိုက်မယ်၊ ငါ ဒုက္ခရောက်သလို သူလည်းရောက်ရမည်။ ငါနာကျင်သလို သူနာကျင်စေရမယ်ဆိုတဲ့ ပူလောင်မှုကြီးရှိနေသေးတယ်။

အဲဒီမေတ္တာရစိတ်ကိုတွေ့ရတော့ အခုရှိနေတဲ့သူဟာ အရင်တုန်းက "ကလေး"လို့ ငါခေါ်ခဲ့တဲ့ သူမဟုတ်တော့ဘူး။ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်ဝင်းသာဖြစ်တယ်။

ငါက ဆက်မပေါင်းချင်တော့သလို သူကလည်း ဆက်မပေါင်းချင်တော့။ ငါကလည်း နာကျည်းနေသလို ငါ့ကိုလည်း နာကျည်းနေမယ့် နိုင်နိုင်ဝင်းပဲဖြစ်တယ်။ ငါ့အပေါ်မှာ အရင်ကောင်းမွန်လှပခဲ့ဖူးပြီး အခု မကောင်းနိုင်တော့သော နိုင်နိုင်ဝင်းသာဖြစ်တယ်။

ငါဟာ. . . ငါနာကျင်စေခဲ့သလို သူ့ကိုနာကျင်စေချင်လို့ဘာ အကျိုးမှမရှိတော့ဘူး။ သူဟာ ငါနဲ့ မဆိုင်တော့ဘူး။ သူ့ပျော်ရွှင်မှု၊ သူ့သာယာမှု၊ သူ့မှုဆိုတာတွေဟာ အခြားသူတွေနဲ့ပဲ ပတ်သက်တော့တဲ့ နိုင်နိုင်ဝင်းသာဖြစ်တယ်။ သူဟာ ငါ့သားရဲ့ အမေတစ်ယောက်အဖြစ် ငါ အသိမှတ်ပြုပေးရမယ့် နိုင်နိုင်ဝင်းသာဖြစ်တယ်။

ကိုအောင်မင်းသိမ်းဟာ နတ်ပြည်ကို ရောက်ချင်ရောက်သွားမယ်။ ငရဲပြည်ကို ရောက်ချင်ရောက်သွားမယ်။ ကိုအောင်မင်းသိမ်းရဲ့ ပျော်ရွှင်မှု၊ နာကျင်မှုတွေဟာ မဇာကြီးနဲ့မဆိုင်တော့သလို၊ မဇာကြီးရဲ့ ပျော်ရွှင်မှု၊ နာကျင်မှုတွေကလည်း ကိုအောင်မင်းသိမ်းနဲ့ ဘာမှမဆိုင်တော့သလိုပါပဲ။ သူနဲ့ငါဟာ ခံစားမှုခြားသွားတာကို ငါလက်ခံနိုင်ရမယ်။ သူဟာ လှခဲ့တယ်ဆိုတာကိုပဲ ငါ အမြဲတမ်းအောက်မေ့နေရမယ်။ လှခဲ့ပြီးပြီ၊ အဲဒါကို ငါလည်း ခံစားပြီးပြီဆိုတာကို ငါ ယုံကြည်နိုင်ရမယ်။

ငါဟာ "သူ့အပေါ် မေတ္တာမပျက်ဘူး" ဆိုတာအထိ မစွမ်းဆောင်နိုင်ဘူးဆိုတာကို ငါ ဝန်ခံပါတယ်။ အဲဒီလိုထားတယ်ဆိုရင် ကြွားရာလိမ်ရာကို ရောက်ပါလိမ့်မယ်။ ငါ မလုပ်နိုင်ခဲ့ပါဘူး။





ငါဟာ သူနဲ့ခံစားမှုခြင်းမဆိုင်တော့ဘူးဆိုင်တာကိုတော့ ခိုင်ခိုင်မာမာ တွေးနိုင်သွားပါပြီ။ အဲဒီအဆင့်ရောက်ဖို့ကိုတောင် အကြိမ်ကြိမ် ကြိုးစားခဲ့ရတာပါ။ ငါ့အတ္တအတွက်ကတော့ ငါလုံခြုံခဲ့ပါပြီ။

ငါဟာ မနက်မိုးလင်းရင် ငါ့သားနဲ့ ကော်ဖီဆိုင်အသစ်ကလေးမှာထိုင်တယ်။ သူကစားချင်တာကို ခဏလိုက်ကစားတယ်။ ပြီးရင် မနက်ခင်းမှာစာရေးတယ်။ နေ့ခင်းစာဖတ်ရင်း အိပ်တယ်။ ထမင်းစားလို့ကောင်းရင် ပျော်တယ်။ သားနဲ့ ညနေဘက် စက်ဘီးထွက်စီးကြတယ်။ ညကြရင် T.V ဂိမ်းနှိပ်တယ်။ ဒီငတိအိပ်တော့ စိတ်ပါသလောက် ညဘက်စာရေးတယ်။

အပြစ်အနည်းဆုံးနေခွင့်ရတဲ့အချိန်မှာ အပြစ်အနည်းဆုံးနေနိုင်အောင် ကြိုးစားရတာ ပျော်စရာကောင်းပါတယ်။

ငါ့သားနဲ့ပတ်သက်လို့တော့ လေးလေးနက်နက် အခုလိုမျိုးစဉ်းစားရလိမ့်ဦးမယ်။ အခု စဉ်းစားစရာမလိုသေးတဲ့အတွက် သားကိုတော့ သူ ပျော်ရွှင်အောင်လုပ်ပေးဖို့ပဲ လိုပါတယ်။

ခံစားသူရဲ့ လောကဓံတရားဟာ လူကို ရင့်ကျက်စေတာ အမှန်ပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



# နီကိုရဲ

ခုံပိုင်ရှင်




www.burmeseclassic.com

www.burmeseclassic.com



## ခုံပိုင်ရှင်

(၃၃)လမ်းထဲကို ကျွန်တော်ဝင်လိုက်တော့ မဲမဲလုံးလုံးနဲ့ ပုံပုံကြီးထိုင်နေတဲ့ သူ့ကိုယ်လုံးကြီးကို အရင်ဆုံးသွားတွေ့ပါတယ်။ သူက အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ကြီးတစ်အုပ်ကို သဲသဲမဲမဲကြီး ကို ဖတ်နေပါတယ်။

ကျွန်တော်ဝင်ထိုင်တော့ သူက တစ်ချက်မော့ကြည့်ပြီး စာကို ပြန်ဖတ်တယ်။ ကျွန်တော့်စိတ်ထင်အရတော့ စာပုဒ်မဆုံးသေးလို့ ဆက်ဖတ်နေတယ်ထင်တာပဲ။ ကျွန်တော်ဝင်ထိုင်တဲ့အတွက် သူ့မျက်နှာမဲမဲကြီး ဝင်းပသွားတာကို ကျွန်တော်ဆိုတဲ့ငတိကလည်း သိတာပေါ့။

ကိုမျိုးသိန်းကို လက်ဖက်ရည်တစ်ခွက်မှာရင်း စီးကရက်





မီးညှိနေတုန်းမှာပဲ ကိုယ့်ဆရာက "ဝိုး" ဆိုတဲ့ သက်ပျင်းကြီးကိုချပြီး စာအုပ်ကိုပိတ်တယ်။ ပြီးတော့ ရှိရှိသေသေပဲ သူ့လွယ်အိတ်ကြီးထဲကို ထည့်ပါတယ်။

"ကွာတယ်ဗျာ. . . ကွာတယ်. . . ကွာတယ်"

သူပြောတဲ့ကွာတယ်ဆိုတာ ဘာကိုဆိုလိုတယ်ဆိုတာကို ကျွန်တော်ရိပ်မိပါတယ်။ ဒီရောဂါမျိုးက အင်္ဂလိပ်လိုဖတ်တတ်တဲ့ လူတွေမှာ ဖြစ်နေကျရောဂါပါ။

"International ကြီးတစ်ခုလုံးကို (၃၃)လမ်းနဲ့ ခုခံမယ်ဆိုရင်တော့ ကွာတာပေါ့ဆရာညိုရယ်"

"ဒီတစ်ခါ မောင်ရင်လွဲသွားပြီ၊ (၃၃)လမ်းကြီးတစ်ခုလုံးကို International ကြီးက ခုခံနေရတာ"

သူနဲ့ကျွန်တော် ပြိုင်တူရယ်လိုက်ကြတယ်၊ အဲဒီအချိန်မှာပဲ ကိုမျိုးသိန်းရဲ့တပည့်ကလေးက လက်ဖက်ရည်လာချတော့ သူက ကျွန်တော့်ကို မျက်လုံးကြီးပြူးပြီးကြည့်တယ်။

"ဒီမှာ. . . မောင်ရင် Tea-Time က လွန်သွားပြီဗျ၊ အခုအချိန်က Party-Time အချိန်၊ ကျုပ်က နေလုံးကိုတောင်မှ ကြက်ဥဟပ်ဖရိုက်ကြော်လို့ မြင်နေတာ"

ကျွန်တော်တို့နှစ်ယောက် အားရပါးရရယ်လိုက်ကြပါတယ်၊ သူဆိုလိုတဲ့အဓိပ္ပါယ်ကို ကျွန်တော်သိတယ်လေ၊ နေညိုချိန် ဘားကလေးမှာ ဘဝကို အနားပေးပါပေါ့ဗျာ။

"တစ်ခွက်တော့သောက်ပါရစေဦးဗျာ၊ ပြီးတော့ မောင်နိုး



www.burmeseclassic.com

www.burmeseclassic.com



တိုဝုံအပ်ဖို့ ကိုတင်ကိုအောင်က ပေးအပ်ထားတဲ့ တာဝန်ကလည်း ရှိသေးလို့ပါ"

"ကိုင်း. . . ဒါဆိုလည်း စိတ်လက်မကြည်သာစွာနဲ့ပဲ ခွင့်ပြုလိုက်မယ်၊ သောက်စေဗျား"

ကျွန်တော် လက်ဖက်ရည်တစ်ငုံသောက်လိုက် တွေ့သမျှလူတွေကို ကိုနိုးကို တွေ့သလားမေးလိုက်နဲ့ အဲဒီနေ့က ကိုနိုး မြို့ထဲထွက်ဟန်မတူပါဘူး၊ ဒါမှမဟုတ် ကိုယ့်ထက်စောအောင် နေညိုချိန်ဘားကို ရောက်နေတာလည်းဖြစ်နိုင်ပါတယ်။

"မောင်ရင် ဒီညနေခင်းကို ကျုပ် ဘယ်သူ့ကိုမှ လေလံမပစ်တော့ဘူးနော်"

"မပစ်ပါနဲ့တော့ဗျာ၊ ကျွန်တော် ကန်ထရိုက်ဆွဲလိုက်ပါပြီ"

ဒီလိုနဲ့ ကျွန်တော်ရှာတဲ့ ပန်းချီဆရာကိုလည်း မတွေ့တော့တာ သေချာပြီမို့ လေထန်ကုန်းမပိတ်ခင်မှာပဲ ကျွန်တော်တို့ထိုင်နေကျဆိုင်ကို ချီတက်ခဲ့ကြတယ်။

ကျွန်တော့်လက်ထဲမှာ ကျွန်တော်တို့နှစ်ယောက် လောကကြီးကို အနိုင်ယူဖို့အတွက်တော့ လုံလောက်တဲ့ငွေကြေးပါ,ပါတယ်။

ဆိုင်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ စီးကရက်မီးခိုးနံ့ရယ်၊ အရှိန်ရနေကြပြီဖြစ်တဲ့ ဝိုင်းအသီးသီးက စကားသံတဝေါဝေါရယ်က ဆီးကြို နှုတ်ဆက်ကြပါတယ်။

ကျွန်တော် ဝိုင်းတွေအားလုံးကို မျက်စေ့ကစားလိုက်တော့ ဝိုင်းတိုင်းဝိုင်းတိုင်း လူပြည့်နေတော့ တော်တော်လေးစိတ်ပျက်သွား





မိတယ်။ ဟုတ်တယ်လေ. . . အရက်သောက်တယ်ဆိုတာ ကိုယ့်ဝိုင်းနဲ့ ကိုယ့်ဂီတနဲ့ ကိုယ့်စကားလုံးနဲ့ သီးသန့်မှကောင်းတော့မှာပေါ့။

ကိုယ်နဲ့လည်းမသိ၊ ရင်ခုန်သံချင်းလည်းမတူ၊ သူ့ဂီတနဲ့ ကိုယ့်ဂီတနဲ့လည်း မတူတဲ့ဝိုင်းမှာ နှစ်ဖွဲ့စပ်သောက်ရရင် သောက်ရတဲ့အရက် ကိုယ်ကျိုးနဲ့ရောပေါ့။

"အစ်ကိုကြီး ဒီမှာလူပြည့်နေပြီ၊ တစ်ခြားဆိုင်သွားမလား"

"မောင်ရင့်သဘောပဲလေ၊ မောင်ရင်က လေလံပိုင်ရှင်မဟုတ်လား"

ကျွန်တော်တို့ မတ်တပ်ရပ်လျက်ကနေ လှည့်အထွက်မှာ. . .

"နီကိုရဲ. . . ဟေ့. . . နီကိုရဲ. . . "

ကျွန်တော့်နာမည်ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကိုခေါ်တာ စာပေမိတ်ဆွေတစ်ယောက်ပါ။ သူ့ကို ကျွန်တော်တို့ နှစ်ယောက်စလုံးသိပါတယ်။ သိပ်အရင်းနှီးကြီးတော့ မဟုတ်ဘူးပေါ့ဗျာ။

သူထိုင်နေတဲ့ဝိုင်းကိုကြည့်လိုက်တော့ သူတစ်ယောက်တည်း။

ဒါနဲ့ ကျွန်တော် ကိုညို့ကို တစ်ချက်ကြည့်ရတယ်။ သဘောကတော့ ဒီမှာပဲဝင်ထိုင်မလား၊ တခြားဆိုင်မှာပဲ ထိုင်မလားပေါ့လေ။

"သူတစ်ယောက်တည်းဗျ၊ သူနဲ့ဆိုမဆိုးပါဘူး"

"မောင်ရင့်သဘောလို့ ပြောထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ကျွန်တော်တို့ သူ့ဝိုင်းကို ဝင်ထိုင်ကြတယ်။

Rum တစ်ပိုင်းနဲ့ ကြက်ဥမွှေကြော်တစ်ပွဲမှာတော့ ခုံပိုင်ရှင် စာပေမိတ်ဆွေက ပြောပါတယ်။

"ဒီဆိုင်က နံရိုးအကြွပ်ကြော်သိပ်ကောင်းတာ၊ အဲဒါပါမှာလိုက်ကွာ"

ဒါနဲ့ ကျွန်တော်လည်း နံရိုးအကြွပ်ကြော်ပေါ့လေ၊ ကိုယ်က သူ့ခုံကိုဝင်ထိုင်မိမှကိုး။ Rum တစ်ပိုင်းရောက်လာတော့ ဝိုင်းဆရာကပဲ မာကာလုပ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ခွက်ရဲ့ အပြင် သူ့ခွက်ထဲကိုလည်း ထည့်ပါတယ်။ ကျွန်တော်က ဘာပြောလို့ရတော့မှာတုံး။

First cup ကို ချီးယားတောင်မလုပ်ဘဲ ရေနည်းနည်းရောပြီး ကိုညိုရော ကျွန်တော်ပါ တစ်ရှိန်ထိုးကစ်ပစ်လိုက်ကြတယ်။

ကစ်ပြီးတော့ သူမှာထားပြီး သူစားလို့ကုန်ခါနီးနီးဖြစ်နေတဲ့ အဖိုးကြီးသုပ်ထဲက လက်ဖက်လေးတစ်ဇွန်းကို ကျွန်တော်ရော ဆရာညိုပါ စားလိုက်ကြရတယ်။ ဟုတ်တယ်လေ. . .။ကျွန်တော်တို့မှာတဲ့ အမြည်းတွေက ရောက်မှမရောက်သေးတာကိုး။ ခုံပိုင်ရှင်ကလည်း သူ့ခွက်ထဲက Rum ကို ကစ်ပစ်လိုက်ပြီး ကုန်ခါနီး သူ့အဖိုးကြီးသုတ်ထဲက လက်ဖက်ကို လက်နဲ့ပဲယူစားလိုက်တယ်။ ပြီးတော့ ကုန်လုလုလက်ဖက်ပန်းကန်ကို ကျွန်တော်တို့ဘက် တွန်းပို့ရင်း. . .

"စားကြဗျာ. . . ကျွန်တော်က တစ်ဝိုင်းတည်းထိုင်ရင်း သူ့





အမြည်းကိုယ့်အမြည်း မခွဲတတ်ပါဘူး၊ ဒါနဲ့ ဆရာမြသန်းတင့်ကို မောင်သွေးချွန်က ဝေဖန်လိုက်တာဖတ်ပြီးပြီလား"

ခုံပိုင်ရှင်ဆရာက ထိုသို့သောစကားဖြင့် အနုပညာနှင့် စာရေးခြင်း စာရေးဆရာလောက စသည်တို့ကို စတင်ဆွေးနွေးပါတယ်။ ကျွန်တော်တို့နှစ်ယောက်က တစ်ခွက်စီပဲကစ်ရသေးတော့ သူပြောသမျှကိုပဲ နားထောင်နေရတာပေါ့ခင်ဗျ။

ဒါနဲ့. . . မဖြစ်ချေဘူး သူ့ကိုတော့ "မှီအောင်လိုက်မှပဲ" ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကိုညို့ကိုကြည့်တော့ သူကလည်း သဘောတူပုံရတာနဲ့ ကျွန်တော် ပုလင်းကိုယူပြီး ခပ်များများလေးထည့်ပြီး ပုလင်းကို ဆရာညိုဘက်ပေးလိုက်တော့ ဆရာညိုကလည်း ကျွန်တော့်ထက်မနည်း ငှဲ့ချလိုက်ပြီး ရေကိုပါးပါးထည့်၊ ရေခဲတစ်တုံးထည့်ပြီး တစ်ရှိန်ထိုးကစ်ပစ်လိုက်ရော၊ ကျွန်တော်ကတော့ ရေခဲတောင်မထည့်တော့ပါဘူး၊ ဟုတ်တယ်လေ. . . ကျွန်တော်က အရက်အေးစက်စက်ကြီးဆိုရင် မသောက်တတ်ဘူးမဟုတ်လား။

ခုံပိုင်ရှင်ဆရာကလည်း သူ့ခွက်ထဲက လက်ကျန်ကိုရှင်းပစ်လိုက်ပြီး နောက်ထပ်တစ်ခွက် ငှဲ့ပြန်ပါတယ်။ ရေခဲတွေ ဘာတွေနဲ့ စပ်ပြီးတော့မသောက်သေးဘဲ သူ့ရဲ့ ကုန်လုလု အဖိုးကြီးသုပ်ပန်းကန်ကို ကျွန်တော်တို့ဘက်ကို တွန်းလွှတ်ပါတယ်။ ပန်းကန်ထဲမှာက နှမ်းနဲ့ မြေပဲနည်းနည်းကလေးပဲ ကျန်တာပါ။ ဒါပေမယ့် ကျွန်တော်တို့ကလည်း ဒါကိုပဲ စားမိသွားတယ်၊ မှာထားတဲ့အမြည်းက မရောက်သေးတော့ ရှိတာလေးပဲ လျှာပေါ်ဖြတ်ပြေးရင် တော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သဘောမျိုးနဲ့ပါ။

"ဝတ္ထုတိုတစ်ပုဒ်မှာ အကြောင်းအရာနဲ့ ပုံသဏ္ဌာန် ဘယ်ဟာက ပိုအရေးကြီးတယ်လို့ ခင်ဗျားတို့ထင်သလဲ"

"နှစ်ခုစလုံး အရေးကြီးတာပေါ့ဗျ"

ခုနကကစ်လိုက်တဲ့ နှစ်ပတ်စာလောက်က စကားတွေကို ကျွန်တော့်နှုတ်ခမ်းပေါ် တွန်းတင်ပေးလိုက်တယ်ဆိုတာကို ကျွန်တော် သဘောပေါက်သွားပြီဆိုတော့ ဘာမှထပ်မပြောခင် ပုလင်းထဲမှာကျန်တဲ့ လက်ကျန်လက်နှစ်လုံးစာလောက်ကို အကုန်ထည့်ပြီး ရေပါးပါးထည့်ပြီး ထပ်ကစ်ပစ်လိုက်တယ်။

ခုံပိုင်ရှင်ဆရာက ဘာမှမပြောဘဲ သူ့ရဲ့ နှမ်းကလေးနည်းနည်းပဲရှိတော့တဲ့ အဖိုးကြီးသုတ်ပန်းကန်ကို ကျွန်တော့်ရှေ့ကို ထပ်တွန်းပေးပြန်ရော. . .။

"ဆရာညိုကရော အကြောင်းရာနဲ့ ပုံသဏ္ဌာန် ဘယ်ဟာကို ဦးစားပေးရေးတတ်သလဲ"

"ကျွန်တော်ကတော့ ဒီလိုပဲရေးတာပါပဲဗျာ"

"အဲဒါပြောတာပေါ့ဗျာ၊ အခု ကျွန်တော်တို့ဝတ္ထုတိုလောကမှာ အကြောင်းအရာရော ပုံသဏ္ဌာန်ရောကိုပါ ဖျက်ပြီး စကားလုံးတွေနောက်ကို လိုက်နေကြတယ်။ စာဖတ်ပရိသတ်ကို ဘာပေးချင်တာလဲ၊ ဘာပြောချင်တာလဲဆိုတာ မရှိတော့ဘူး။ ဟော့. . . ညီလေး Rum တစ်ပိုင်းပေးဦးကွာ၊ အမြည်းမှာထားတာ မလာသေးဘူးလား"

"လုပ်နေပြီဆရာ. . . လာတော့မှာပါ"





"မင်းတို့ကိုပြောလိုက်ရင် လုပ်နေပြီ၊ ချက်နေပြီဆိုတာချည်းပဲ၊ ရေခဲတစ်ပွဲနဲ့ Rum တစ်ပိုင်း အမြန်လုပ်"

"ဟုတ်ကဲ့. . . ဆရာ"

"အဲဒီတော့ဗျာ. . . ကျွန်တော်မြင်တာကတော့ ဝတ္ထုတိုခေတ်မဟုတ်တော့ဘဲ စကားလုံးခေတ်ကို ရောက်နေတယ်။ စကားပြေဆိုတာ မရှိသလောက်ဖြစ်သွားပြီဗျ"

"သူ့ခေတ်နဲ့သူတော့ အဆင်ပြေနေတာပဲမဟုတ်လား၊ မြစ်တွေ ချောင်းတွေလိုပေါ့ဗျာ၊ ရေစီးကြောင်းဆိုတာ တစ်သမတ်ထဲ ဘယ်ရှိပါ့မလဲ၊ ပြောင်းချင်ပြောင်းသွားတာပဲမဟုတ်လား"

အောင်မယ်. . . ဘယ်ဆိုးလို့တုံး၊ Rum သုံးပက်လောက်ဝင်သွားတာနဲ့ ကျွန်တော့်ဦးနှောက်က မြူးပြီး သူ့ကို ပြန်ခုခံတဲ့ဘက်ကို အလိုလိုရောက်သွားတယ်၊ ဆရာညိုကတော့ သူ့ဆေးပေါ့လိပ်ကို ဖင်ဆောင့်ပြီး ကုန်သွားတဲ့ အရက်ပုလင်းကိုပဲ တွေတွေကြီးစိုက်ကြည့်ရင်း ဆေးပေါ့လိပ်ကို မီးညှိပါတယ်။ ဒါပေမယ့် ဆရာညို့ GAS မီးခြစ်က တော်တော်နဲ့ခြစ်မရဘူးခင်ဗျ။ GAS ကုန်ပြီးတဲ့ မီးခြစ်ကို ဘယ်နှစ်ကြိမ် GAS ပြန်ဖြည့်ထားတဲ့ မီးခြစ်လည်းတော့ မသိဘူး။

အဲဒီမှာ ခုံပိုင်ရှင်ဆရာက သူ့မီးခြစ်ကိုခြစ်ပြီး လက်နဲ့ကာရင်း ဆရာညိုရဲ့ ဆေးပေါ့လိပ်ကို မီးညှိပေးတယ်။

"ခေတ်ရေစီးကြောင်းကို ကျွန်တော်သိပါတယ်ဗျာ၊ ဝတ္ထုတိုင်း မကောင်းဘူးလို့ပြောနေတာ မဟုတ်ပါဘူး၊ အချို့ဝတ္ထုတို



www.burmeseclassic.com

www.burmeseclassic.com



တလေးတွေ တော်တော်လေးကောင်းပါတယ်၊ ဖတ်ရင်းနဲ့ ပါသွားတယ်ပေါ့ဗျာ၊ ဒါပေမယ့် ဇာတ်သိမ်းပိုင်းလည်းရောက်ရော ကိုယ်တော်က လူနားမလည်အောင် လုပ်ချလိုက်ရော၊ ဆရာညို အဲဒီလို ဝတ္ထုမျိုးကို ဘယ်လိုထင်သလဲ"

ခုံပိုင်ရှင်ဆရာက စကားဝိုင်းထဲကို မဝင်တဲ့ ဆရာညို့ကို အပါဆွဲခေါ်တယ်၊ အဲဒီအချိန်မှာ Rum တစ်ပိုင်းနဲ့ ရေခဲတစ်ပွဲရောက်လာတယ်၊ ကြက်ဥမွှေကြော်လည်းပါလာတယ်။ ကုန်သွားတဲ့ ပုလင်းကို ပြန်ယူ၊ ရေခဲခွက်ကိုပြန်ယူ၊ ပုလင်းအသစ်ချ၊ ကြက်ဥမွှေကြော်ချနဲ့ ဝိုင်းက ခဏအလုပ်ရှုပ်သွားလို့ ပြောလက်စ စကားခဏပြတ်သွားသည်။ စားပွဲထိုးကလေးထွက်သွားတော့ ကိုညိုက ပုလင်းကိုယူပြီး တော်တော်များများထည့်ပြီး ရေနည်းနည်းပဲရောပြီး ကစ်ပစ်လိုက်တယ်။ ပြီးတော့မှ ကြက်ဥမွှေကြော်တစ်ဇွန်းကိုကောက်ဝါးတယ်။ ဆရာညို့ကိုကြည့်ရတာ အခုမှ လင်းသွားသလိုပဲ။

"Rum က အပြောအဆိုမစစ်ဘူးဗျ၊ အတုတွေများတယ်၊ အခုလို ပုလင်းကြီးကို တစ်ဝက်ခွဲမှာတာကမှ စစ်တာ"

"ကောင်းပါတယ်"

"နံရိုးအကြွပ်ကြော်ကလည်း ခုထိမလာသေးဘူး၊ ခေါ်မေးလည်း လုပ်နေပါပြီပဲပြောဦးမှာပဲ၊ အဲဒီတော့ ဆရာညိုရာ ဝတ္ထုကို ရိုးရိုးရေးရင်ရရဲ့သားနဲ့ မော်ဒန်ဆန်အောင် လုပ်ပစ်လိုက်တော့ ဝတ္ထု ပျက်စီးမသွားဘူးလား"

"ဟုတ်တယ်. . . ဆရာ့ Rum က စစ်တယ်ဗျ၊ သုံးခွက်





တည်းနဲ့ တော်တော်လေးလာတယ်"

"ဟုတ်တယ်. . . ကျွန်တော်လည်း ဆိုင်တွေစုံနေပြီ၊ ဒီဆိုင်ကအမှန်ဆုံးပဲ၊ ဝေဖန်ရေးလည်းရှိရမယ်ဗျ၊ အခုခေတ်မှာ ဝေဖန်ရေးဆိုတာ မရှိသလောက်ဖြစ်သွားပြီ၊ ဝေဖန်ရေးမရှိတော့ အကွပ်မရှိတဲ့တောင်းလို ဝတ္ထုတိုတွေ လုံးချင်းဝတ္ထုတွေက ပရမ်းပတာတွေဖြစ်ကုန်ပြီ၊ ဟော့. . . ဟော့. . . ရေဗူး. . . ရေဗူးပေးပါဦး"

ခုံပိုင်ရှင်ဆရာက ရေဗူးလာချပေးတဲ့ စားပွဲထိုးကလေးကို စီးကရက်တစ်ပွဲမှာတယ်။ ပြီးတော့ သူ့ခွက်ထဲကို Rum ထပ်ငှဲ့ထည့်တယ်။ စီးကရက် တစ်လိပ်ကိုမီးညှိတယ်။ အားရပါးရဖွာပြီးတော့မှ တစ်ယောက်တည်းခေါင်းကိုညိတ်နေတယ်။ သူ့အတွေးထဲမှာ ဘယ်အမှန်တရားကိုတွေ့လို့ သူ့ဘာသာသူထောက်ခံနေတာလဲတော့ မသိဘူး။

"ဆရာနီကိုရဲ့ စဉ်းစားကြည့်ဗျာ၊ မော်ဒန်ပေါ်လာတယ်ဆိုတာကို ကျွန်တော်က ဒီလိုမြင်တယ်။ သူတို့ဆီမှာ ပုံသဏ္ဌာန်ဟောင်းကို ငြီးငွေ့လို့ သူတို့က ပုံသဏ္ဌာန်အဟောင်းတိုင်းမရေးတော့ပဲ ပြောင်းရေးရာကနေ သူ့အလိုလို မော်ဒန်ဆိုတာကြီးပေါ်လာတာဖြစ်ဖို့များတယ်"

အဲဒီနေရာအရောက်မှာ နံရိုးအကြွပ်ကြော်ကရောက်လာလို့ စကားခဏပြတ်သွားတယ်။ ခုံပိုင်ရှင်ဆရာက သူ ခုနကငှဲ့ထားတဲ့ Rum ကိုတစ်ရှိန်ထိုးကစ်ပြီး နံရိုးတစ်ခုကို ကောက်ဝါးတယ်။

"အင်း. . . ကောင်းတယ်ဗျ၊ ကောင်းတယ် စားကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ဗျာ ကျွန်တော်တို့ဆီမှာက ရေးရင်းနဲ့ ဒန်သွားတာမဟုတ်ပဲ မဒန်ဒန်အောင် ရေးနေကြတော့မခက်ဘူးလား ဆရာညို”

“အင်း. . . စဉ်းစားစရာတစ်ခုပေါ့လေ. . .”

ခုံပိုင်ရှင်ဆရာက သူ့ခွက်ထဲကို ထပ်ထည့်တော့ ကျွန်တော်လည်း ထပ်ထည့်လိုက်တယ်ခင်ဗျ။ အဲဒီတော့မှ သူက ပုလင်းကို ကမ်းပေးရင်းနဲ့. . .။

“ဆရာနီကိုရဲတို့ကတော့ ဟာသလေးတွေ ဘာလေးတွေ ရေးတယ်ဗျာ၊ ပြီးရောပေါ့ ကိုယ်ရေးတတ်သမျှစာလေးကို ရိုးရိုးသားသားရေးတာ၊ ဒါပေမယ့် ဆရာနီကိုရဲလည်း အကြောင်းအရာနဲ့ ပုံသဏ္ဍာန်ကိုတော့ သတိထားရလိမ့်မယ်”

“ဘာကိုပြောတာလဲဗျ၊ ကျွန်တော်နားမလည်ဘူး”

“အဟမ်း. . . ဒီလိုဗျာ ဟိုငတိတွေက မဒန်တာကို ဒန်အောင်ရေးတယ်၊ ဆရာနီကိုရဲကျတော့ မရယ်ရတာတွေကို ရယ်ရအောင်ရေးတယ်၊ အဲဒါကိုပြောတာ”

သူ့စကားဆုံးတော့ ကျွန်တော် ဒေါသတော်တော်ဖြစ်သွားတယ်။ အရက်ရှိန်ကလေးကလည်း ရနေပြီဆိုတော့ ဒါမျိုးကတော့ ပွဲကြီးပွဲကောင်းပေါ့။

“မရယ်ရတာကို ရယ်ရအောင်ရေးတာ လွယ်တယ်လို့များ ကိုယ့်ဆရာကထင်လို့လား၊ လွယ်တယ်လို့ထင်ရင် ကိုယ့်ဆရာအဲဒီလို ဝတ္ထုမျိုး တစ်ပုဒ်လောက်ရေးကြည့်ပါလား”

ကျွန်တော့်အသံမှာ ဒေါသကပါနေတယ်။ စကားလုံးတွေ





က ရိုးရိုးပေမယ့် ဒေါသအရှိန်ကြောင့် တုန်ခါနေတယ်။ ဒီတော့ သူက ကျွန်တော့်ကို လက်ကာပြရင်းနဲ့ Rum ထပ်ထည့်ပြီးရေခဲထည့်ရေရောပြီး တစ်ဝက်လောက်သောက်တယ်။

“ကျွန်တော်က အပြုသဘော ဝေဖန်တာပါဗျာ၊ စိတ်မဆိုးပါနဲ့၊ ဟုတ်တယ်မဟုတ်လား ဆရာညို စာနဲ့ပေနဲ့ဝေဖန်တာမျိုးကို လုပ်ဖို့ကျွန်တော်စဉ်းစားနေတုန်းပါ၊ ဝေဖန်ရေးလိုတယ်ဗျာ ဝေဖန်ရေး. . .၊ ဟော့ချာတိတ်. . . ဟော့. . . လာဦး၊ အစိမ်းကြော်တစ်ပွဲနဲ့ ထမင်းတစ်လုံးမြန်မြန်လုပ်ကွာ. . . ငါဆာနေပြီကွ”

“ဟုတ်ကဲ့. . . ဆရာ”

ခုနကတင်းမာမှုကြောင့် ကျွန်တော်တို့ဝိုင်းဟာ ခဏစကားပြတ်သွားတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ခုံပိုင်ရှင်ဆရာနဲ့ စကားမပြောကြတော့ဘူး။ ဆရာညိုက ဆေးပေါ့လိပ်ဖွာရင်း လက်ကျန်ကို ကစ်ပစ်လိုက်ပြီး ကျွန်တော့်ကိုမေးတယ်။

“ဟန်သစ်ထွက်ပြီလား”

“မနေ့ကမှ ရုံးတင်တယ်လေ”

“ဒါဆို ထုံးစံအတိုင်း လကုန်ပြီး ပထမအပါတ်ပေါ့၊ မောင်ရင့်ဝတ္ထုရောပါသေးလား၊ ကျုပ်ကြီးတော်ကြီးကတော့ တစ်လတစ်လ မောင်ရင် မကြည်ပြာနဲ့ဘာလွဲဦးမလဲ ဆိုတာကိုပဲ သိချင်နေတယ်ဗျာ”

“ဟုတ်တယ်၊ ဒါ ပရက်ဆန်တေးရှင်းကောင်းလို့ပေါ့ဗျ”

ခုံပိုင်ရှင်ဆရာက ဝင်ပြောတော့ ကျွန်တော်တို့စကားကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပစ်လိုက်တယ်။ ပြီးတော့ အရက်ကိုယ်စီငှဲ့ပြီး ကိုယ့်ဘာသာအေးအေးဆေးဆေး သောက်နေလိုက်တယ်။ အဲဒီအချိန်မှာ နံရိုးနုကြော်က သုံးလေးခုလောက်ပဲ ကျန်တော့တယ်။ မှတ်မှတ်ရရ ကျွန်တော် ၂ခုပဲ စားရသေးတယ် ဆရာညိုလည်း ဒီလောက်ပါပဲ၊ ခုံပိုင်ရှင်ဆရာ တွယ်သွားပြီပေါ့ ရှိစေပေါ့လေ. . .။

ကျွန်တော်နဲ့ ဆရာညိုတို့ စာပေရေးရာတွေမပြောတော့ပဲ ဆရာမ မဂျူးရဲ့ Care အကြောင်း၊ ဆရာလူထုစိန်ဝင်းရဲ့ အင်္ဂလိပ်စာသင်တန်း အကြောင်းတွေပဲပြောနေလိုက်တယ်။ ခုံပိုင်ရှင်ဆရာကတော့ ပူပူနွေးနွေးရောက်လာတဲ့ အစိမ်းကြော်နဲ့ ထမင်းကိုမစားခင် Rum တစ်စိတ်ထပ်မှာတယ်။

"အေးဗျာ ဆရာမဂျူးက စာသိပ်မရေးတော့ပဲ လူမှုရေးလှုပ်ရှားမှုတွေ လုပ်လာတာ ချီးကျူးဖို့ကောင်းတယ်ဗျာ၊ တစ်နေ့တော့ ကျွန်တော်လည်း ဆရာမတို့နဲ့ ပေါင်းပြီး ကူညီဦးမှာပါ"

Rum တစ်စိတ်ရောက်လာတော့ သူက တစ်ဝက်လောက်ထည့်ပြီး ကျန်တဲ့ Rum ကို ကျွန်တော်တို့တစ်ဝက်စီငှဲ့ပေးပါတယ်။ သူက ရေခဲထည့်၊ ရေရောပြီး တစ်ရှိန်ထိုးကစ်တယ်။

"ဆရာမဂျူးရဲ့ လိပ်စာကိုသိလား"

"မသိဘူး. . ."

"ကျွန်တော်လည်း လူမှုရေးလုပ်ချင်တယ်ဗျာ ဆရာညိုရာ"

"ကောင်းပါတယ်"





"Phone နံပါတ်ရောသိလား"

"မသိဘူး"

"လူမှုရေးလုပ်ရမယ်၊ လူမှုရေး. . . လူမှုရေး"

ခုံပိုင်ရှင်ဆရာ တော်တော်မူးနေပြီလို့ ကျွန်တော်ထင်တယ် ကျွန်တော်တို့က သူ့ကို စကားမပြောချင်တော့မှန်းလည်း သူသိတယ်။ ဒီတော့ သူက အစိမ်းကြော်နဲ့ ထမင်းကိုစားတယ်၊ ကျွန်တော်တို့က အရက်သောက်တယ်၊ အစိမ်းကြော်ကို ကျွန်တော်တို့ ယောင်လို့တောင်မနှိုက်ပါဘူး၊ ခုံပိုင်ရှင်ဆရာက ထမင်းစားတာမြန်သလားမမေးနဲ့။ ကျွန်တော်တို့ စကားနည်းနည်းပြောပြီး အရက်တစ်ခွက်စီ သောက်အပြီးမှာ သူထမင်းစားတာပြီးသွားပါပြီ။

သူက တစ်ရှူးပေပါနဲ့ နှုတ်ခမ်းသုတ်ရင်း. . .။

"ဆရာနီကိုရဲကို ခုနက ကျွန်တော် ပြောတာ တော်တော်စိတ်ဆိုးသွားသလား"

"ထားလိုက်ပါတော့ဗျာ"

"ထားလို့ဘယ်ရမလဲဗျ၊ စာရေးဆရာဆိုတာ ဝေဖန်တာကို ခံနိုင်ရမှာပေါ့၊ ကျွန်တော်ကလည်း အပြုသဘောဝေဖန်တာပဲ၊ ကိုနီကိုရဲ ဘယ်လောက်စာရေးကောင်းကောင်း ဘယ်တော့မှ ဂန္ထဝင်မတွင်ဘူး"

"ဟော့. . . လူ ခင်ဗျား စကားကိုရပ်လိုက်တော့ဗျာ"

ကျွန်တော် ဒေါသပြန်ဖြစ်လာတယ်၊ ဆရာညိုကတော့ အခြေအနေကို ဝင်ထိန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဗျာ. . . ကိုရဲကလည်း ဝေဖန်ခံနိုင်ပါတယ်၊ စာနဲ့ပေနဲ့ သေသေချာချာသာဝေဖန်ပါဟုတ်လား၊ ခင်ဗျားလုပ်ရင် ဖြစ်ပါတယ်"

"ဖြစ်ပါတယ် ကျွန်တော်က ဝေဖန်ရင်ရတာပေါ့ ဒါပေမယ့် ကိုယ့်လူတွေဆိုပြီး အမေ့ခံထားတာ၊ ဒီမှာ ဆရာနီကိုရဲ၊ ဆရာလည်း စာဖတ်နာခဲ့တဲ့လူပဲ၊ နိုင်ငံအသီးသီးက ဂန္ထဝင် ဝတ္ထုတွေမှာ ဟာသ ဝတ္ထုမပါဘူးဗျ"

ကျွန်တော် "ဝုန်း"ခနဲ ထရပ်လိုက်တယ်၊ စားပွဲခုံပေါ်က ဖန်ခွက်တွေဘာတွေလဲ မှောက်ကုန်တယ်။

"ဟေ့လူ ခင်ဗျား ထွက်သွား၊ ကျွန်တော့်ရှေ့က အခုထွက်သွား မသွားရင်ခင်ဗျားကို ကျွန်တော် တစ်ခုခုလုပ်မိလိမ့်မယ်၊ အခုထွက်သွားဗျာ"

"ကဲ. . . ကိုယ့်ဆရာသွားပါတော့ဗျာ၊ သွားတော့ သွားတော့"

ဆရာညိုကလည်း လေသံတင်းတင်းနဲ့ ပြောတော့မှ ခုံပိုင်ရှင်ဆရာက သူ့လွယ်အိတ်ကလေးကောက်လွယ်ပြီး ဆိုင်ထဲက ခပ်သုတ်သုတ်ထွက်သွားတယ်။ ဆိုင်ထဲမှာသောက်နေတဲ့ လူတွေက စကားသံခဏတိတ်ပြီး ကျွန်တော်တို့ဝိုင်းကို ကြည့်ကြတယ်။

ဆရာညိုက နောက်ထပ်တစ်စိတ်ထပ်မှာပြီး ကျွန်တော် တစ်ခွက်လောက်ကစ်ပြီးတော့မှ စိတ်ကငြိမ်သွားတယ်။

"ကျွန်တော်တို့ဝင်ထိုင်မိတာကိုက မှားတာဗျ"





"မှန်တာပေါ့၊ မှားတာကတော့ သူ့ကို ချက်ချင်းမောင်း ထုတ်ပစ်လိုက်တာပါပဲ"

"ဘာဖြစ်လို့လဲ ဆရာညိုရဲ့ မောင်းမထုတ်ရင် ရန်ပွဲသေးသေးလေးတစ်ခုတော့ ဖြစ်သွားမှာပေါ့"

"သူ မှာစားချင်တာတွေ စားသွားပြီး ပိုက်ဆံတစ်ပြားမှ ရှင်းမသွားဘူးလေ"

"ဟိုက်. . ."

ဘီလ်တောင်းကြည့်လိုက်တော့ အားလုံး ခြောက်ထောင့် ရှစ်ရာကျတယ်။ ကျွန်တော်နဲ့ဆရာညို နှစ်ယောက်ပေါင်းငွေက ငါး ထောင့်နှစ်ရာပဲရှိတယ်။ အဲဒီ ငါးထောင့်နှစ်ရာထဲက အပြန်လမ်း စရိတ် ငါးရာနုတ်လိုက်ရင် ဆိုင်ကိုပေးလို့ရမယ့်ပိုက်ဆံက လေး ထောင့်ခုနစ်ရာပဲရှိမယ်ဆိုတော့ တော်တော့်ကို ပြဿနာတက်နေ ပြီပေါ့ဗျာ။ ငွေက နှစ်ထောင့်တစ်ရာ လိုနေတာကိုး။

သူမှာပြီးစားသွားတဲ့ အမြည်းတွေရယ်၊ သူ့အတွက် ညစာ အစိမ်းကြော်နဲ့ ထမင်းဖိုးရယ်တွေသာမပေးရရင် ကျွန်တော်တို့ မှာရှိတဲ့ငွေဟာ ကျွန်တော်တို့နှစ်ယောက်အတွက် ကောင်းကောင်း လောက်ပါတယ်။

အခု ငွေလိုနေပြီဆိုတော့ ကောင်တာကိုလှမ်းကြည့်လိုက် တော့ ထိုင်နေတာက ဆိုင်ပိုင်ရှင်ရဲ့ဇနီးပါ။ မိန်းကလေးဆိုတော့ သနားအောင်ပြောနိုင်ရင် ခွင့်ပြုနိုင်ကောင်းပါရဲ့လို့ တွေးပြီး ကောင် တာကိုသွားရတယ်။

www.burmeseclassic.com



"ကျွန်တော်လည်း ဒီဆိုင်မှာ ရံဖန်ရံခါသောက်နေကျပါ အန်တီရယ်၊ ဒီနေ့တော့ ပြဿနာက အန်တီတွေ့တဲ့အတိုင်းဖြစ်သွားတော့ လိုတဲ့နှစ်ထောင့်တစ်ရာကို. . ."

"ရပါတယ် ဆရာရယ်၊ ဆရာ့ကို ကျွန်မတို့သိပါတယ်၊ ဆရာတို့က ထောင်ချောက်မိသွားတာကိုး"

"ဗျာ. . . ထောင်ချောက်"

"ဟုတ်တယ်. . . အဲဒီလူက ခပ်စောစောလာပြီး ခုံတစ်လုံးမှာ ထိုင်နေလေ့ရှိတယ်၊ သူ့ခုံဝင်ထိုင်တဲ့လူကို စကားပြော မှာချင်တာတွေမှာစားပြီး ပြဿနာတက် မောင်းထုတ်အောင်လုပ်နေကျ ဆရာ. . ."

"ဩော်. . ."

"ဆရာ့အတွက် ဝတ္ထုတစ်ပုဒ်ရတာပေါ့ ဆရာရဲ့"

"တော်ပါပြီဗျာ. . . အဲဒီလိုဝတ္ထုမျိုးတော့ နောက်ထပ် မရချင်တော့ပါဘူး"

ဒီတော့ ကိုယ့်ဆရာတို့ကို ပြောချင်တာက အရက်သောက်မယ်ဆိုလျှင် ဆိုင်ရွေးပါ၊ လူရွေးပါ၊ နေရာရွေးပါ။

တစ်ယောက်တည်းထိုင်နေတဲ့ "ခုံပိုင်ရှင်"မျိုးကို ရှောင်ပါလို့ အတွေ့အကြုံနဲ့ သတိပေးလိုက်ပါတယ်ခင်ဗျား။

■





## အချိုရည် "ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကျွန်တော် အရက်စ,သောက်တတ်တုန်းက အဖော်မရှိလျှင် အဖော်မပါလျှင် အရက်ကို လုံးဝမသောက်တတ်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်သည် ညနေစောင်းလျှင် အရက်သောက်ဖော်တိုရှာရသည်။ ကိုယ်က တိုက်မယ်စိတ်ကူးထားလျှင် အရက်သောက်ဖော်ရှာရတာများ ခက်လို့လားဟု မေးချင်ကြလိမ့်မည်။

ခက်ပါသည်. . . ။

ကျွန်တော်တို့ စာရေးဆရာများ၊ ကဗျာဆရာများမှာ အရက်ကလေး ပုံမှန် limit သို့ရောက်သွားလျှင် အနုပညာအကြောင်းကို စကားစ,တတ်သည်။ နောက်ပြီးတော့ ကိုယ်လုပ်ချင်တာ၊ ကိုယ်လုပ်မယ့်ဟာ၊ ကိုယ်အားမရတာ. . . စသည့် အနုပညာ





ကိစ္စတွေကို ပြောချင်သည်။ ပြီးတော့ လုပ်ပြီးသားကလေးတွေကို စားမြုံ့ပြန်ချင်သေးသည်။

ဒီတော့. . . ကျွန်တော်နှင့် အတူသောက်မည့်သူသည် အနုပညာသမားဖြစ်ချင်သည်။ စာနယ်ဇင်းသမားဖြစ်ချင်သည်။ လောဘ အနည်းဆုံးဟုဆိုလျှင် အနုပညာကို ဝါသနာပါသူကလေးတော့ ဖြစ်စေချင်သည်။

ထို့ကြောင့် (၃၃)လမ်းသည် အနုပညာကိစ္စတွေအတွက် ကျွန်တော်တို့ မသွားမဖြစ်သွားရသော နေရာတစ်ခုဖြစ်သည့်အပြင် ကိုယ်နဲ့ ညနေခင်းအလွန်မှာ ရင်ဘတ်ချင်းဂျပ်ပင်ထိုးပြီး အရက်သောက်ဖက်ရှာရန် တောအုပ်ကြီးတစ်ခု ဖြစ်လာသည်။

ကျွန်တော်နှင့် ဆယ်ခါတွင် ကိုးခါတွဲသောက်ဘက်များက ကာတွန်းဆရာများသာဖြစ်သည်။ (သူတို့သည် သူတို့လိမ်သို့ရောက်လျှင် ပါးစပ်ဖြင့် စကားလုံးဖြင့်၊ ကာတွန်းဆွဲတတ်ကြသဖြင့် အလွန် ပျော်စရာကောင်းသည်)။ ကျွန်တော်သည် ကဗျာဆရာ၊ ဝတ္ထုဆရာများနှင့်တော့ တစ်ခါတစ်ရံကြုံကြိုက်သည့်အခါတွင်လည်းကောင်း၊ ကိစ္စရှိသောအခါတွင်လည်းကောင်း ကျွန်တော်ကိုယ်တိုင်ကိုက သူတို့နှင့် စကားပြောချင်သည့်အခါတွင်လည်းကောင်းမှသာ သောက်လေ့ရှိပါသည်။

ကျွန်တော်တို့ (ဗ်း၃၀)လောက်တွင် အတူ နေ့စဉ်ထိုင်ဖြစ်သူများက ကိုရွှေထူး(ပြည်)၊ ကာတွန်းစောမင်းဝေ၊ စာအုပ်၊ ပြက္ခဒိန် computer ဒီဇိုင်းအစုံလုပ်သော မိုးကျော်၊ ကိုရွှေထူး၏ညီ မျိုးကြီး၊

www.burmeseclassic.com



ဝလုံး၊ ဖေသစ်တည်နှင့် တိရိစ္ဆာန် စိုးစံဝင်းတို့ဖြစ်သည်။

ဆရာအော်ပီကျယ်နှင့် ဆရာစိုးသော်တာတို့ကတော့ အိမ်က ကိုယ့်ဇနီးကို ကိုယ်ငွေများများအပ်နိုင်သည့် နေမျိုးနှင့် ငွေလုံးဝမအပ်နိုင်သော နေမျိုးဆိုလျှင် ရံဖန်ရံခါ ဝင်ကြိတ်လေ့ရှိပါသည်။ တစ်ပတ်မှာ တစ်ကြိမ်နှစ်ကြိမ်လောက်တော့ သူတို့ ပါဝင်တတ်သည်။

ဆရာအော်ပီကျယ်နှင့် ဆရာစိုးသော်တာတို့ကို အရက်သောက်ခြင်းနှင့်ပတ်သက်ပြီး ချီးကျူးပါသည်။

ဆရာအော်ပီကျယ်၊ ကျွန်တော်၊ ဆရာညို၊ ဆရာကိုတင်ကိုအောင်၊ ဆရာကိုခင်ဇော်တို့ တစ်ညဆုံကြရာ ဆိုင်တွင် အဝသောက်ပြီးသော်လည်း ကိုယ့်အိမ်ကိုမပြန်ကြသေးဘဲ တွေ့သည့်ဆိုင်တွင် တစ်ယောက်တစ်ပက်စီချကြမည်ဆိုပြီး လျှောက်ကြရာ အရက်ဆိုင်ကိုတွေ့သည်နှင့် ခုံတွင်ဝင်မထိုင်ဘဲ ဘီအီးတစ်ပက်စီမှာ၍သောက်ကြရာ ဘယ်နှစ်ဆိုင်ဝင်၍ ဘယ်နှခွက်သောက်မိသည်မသိတော့။ ကျွန်တော် အိပ်ယာကနိုးတော့ မနက်(၁၁)နာရီ၊ နေရာက ဆရာတင်ကိုအောင်၏အိမ်။ ခေါင်းတွေတစ်ခေါင်းလုံး လေးလံပြီး နားထင်တွင် ဘင်ခရာတပ်ဖွဲ့ရောက်၍နေသည်။

"ကောင်လေးနိုးပြီလား"

"ခေါင်းတွေအရမ်းကိုက်နေတယ် အစ်ကိုကြီး"

"ရေအဝသောက်လိုက်"

"ကျွန်တော်ခေါင်းတောင်မထူနိုင်ဘူး"





ဆရာတင်ကိုအောင်က ကိုယ်တိုင်ထ၍ ရေခပ်တိုက်ပါသည်။ ဒါလည်း ခေါင်းကိုက်တာကမပျောက်၊ ရင်တွေခုန်တာကမပျောက်၊ ဆရာတင်ကိုအောင်ကတော့ ဘာမှမဖြစ်သည့်ပုံစံဖြင့် မျက်မှန်ကလေးတပ်ရင်း နယ်မှလာသော ဆရာနေမျိုး၏ လက်ရေးဝတ္ထုကိုဖတ်နေသည်။

ကျွန်တော် ခေါင်းအုံးတွေ စောင်တွေကြားထဲသို့ ပြန်ပြုတ်ကျသွားသည်။

ဆရာတင်ကိုအောင်က သူဖတ်နေသောဝတ္ထုပြီးတော့မှ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး တံခါးကြားထဲက ပုလင်းကိုထုတ်ယူပြီး လက်နှစ်လုံး (နှစ်ပက်)လောက်ကို ငှဲ့ထည့်ပြီး ရေနည်းနည်းသာရောပြီး ကျွန်တော့်ကိုပေးပါသည်။

"မင်း ဘာဆေးမှသောက်လို့ ခေါင်းကိုက်တာ ဘာညာမပျောက်ဘူး၊ ဒါပဲချလိုက်၊ ပြီးတော့ ညက ငါတို့လုပ်တာ အဓိပ္ပါယ်မရှိဘူးကွ၊ နောင်ကိုမလုပ်နဲ့၊ ရော့. . . သောက်လိုက်"

ကျွန်တော် ယုံကြည်စွာပင် အသက်ကို တစ်ချက်မှမရှူဘဲသောက်ချလိုက်သည်။ ပြီးတော့ ပြန်မှိန်းနေလိုက်သည်။ သို့သော်မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် တစ်မိနစ်ကျော်ကျော်တွင် ကျွန်တော်သည် လန်းဆန်းစွာ ပြန်လည်နိုးထ၊ ကောင်းမွန်၊ လန်းဆန်းသွား၏။

"အစ်ကိုကြီး ယူပစ်လိုက်သလိုပါပဲလား"

"အေး. . . အဲဒါဖြေတယ်လို့ ခေါ်တယ်၊ ဒါပေမယ့် ဒါ

www.burmeseclassic.com



ကောင်းတဲ့လက္ခဏာမဟုတ်ဘူး၊ နောင်ကို အဲဒီလို ဘယ်တော့မှ မဖြစ်စေနဲ့"

ကျွန်တော်သည် ထိုစဉ်က အရက်ကို ကာတွန်းအဖွဲ့နှင့် မဟုတ် လျှင် ဆရာတင်ကိုအောင်၊ ဆရာညို၊ ဆရာကောင်းသာ၊ ဆရာကိုသန်း ထိုက်တို့နှင့်သာ သောက်လေ့ရှိပါသည်။ ထိုသို့ ပုံမှန်သောက်သောက်ခဲ့ သည်မှာ လေးနှစ်ခန့်ရှိပါသည်။

ထို့နောက် ကျွန်တော်တို့ကာတွန်းအဖွဲ့သည်လူလည်း မစုံ၊ အရင်ကလိုလည်း ညနေတိုင်းမတွေ့တော့ဘဲ ဝိုင်းပျက်သွား၏။ ဟန်သစ် အယ်ဒီတာချုပ် ကိုတင်ကိုအောင်ကလည်း ဘောလုံးဂျာ နယ်တစ်ခုတွင် အယ်ဒီတာလုပ်ပြီး "ဟန်သစ်မဂ္ဂင်း"ကို နှစ်နှစ် အငှားစာချုပ်ဖြင့် ခဏလက်လွှဲထားပြီး ဆရာကိုခင်ဇော်က ငြိမ်း ငြိမ်းချမ်းချမ်းဆိုသော စာအုပ်တိုက်မှာရောက်ပြီး ငြိမ်းငြိမ်းချမ်းချမ်း ပင် ရှိနေဟန်တူပါသည်။ဆရာသန်းထိုက်ကတော့ သူတွဲနေသည့် ကောင်မလေးပဲ အိမ်ထောင်ကျသွားသလား၊ သူပဲ အိမ်ထောင်ကျ သွားသလားမပြောတတ် တွေ့ကိုမတွေ့တော့ပါ။

သို့သော် ညနေစောင်းလျှင် အရက်တောင်းသော သွေး သားဆန္ဒကတော့ လျော့မသွား၊ ပြိုကွဲ၍မသွားသည့်အတွက် ကျွန် တော်သည် အုပ်စုတွေကွဲကုန်ပြီဖြစ်သော ၃၃-လမ်းသို့လည်း မရောက်တော့။ ဆရာတင်ကိုအောင်နှင့် အတယ်ကြီးဆိုင်သို့လည်း မရောက်တော့ဘဲ ရပ်ကွက်ကဆိုင်တွေမှာပင် ကြိတ်ရတော့သည်။

အရက်ကတော့ သူ့ထုံးစံအတိုင်း သစ္စာမဖေါက်ဘဲ မူးမြဲမူး





ပေးသော်လည်း အရက်သောက်ဖော်ကားမရပါ။

ပထမ ကျွန်တော်တို့၏ ဝါဆိုဦးကားဂိတ်မှ ကားစပါယ်ယာ တစ်ယောက်နှင့် မျက်မှန်းတန်းမိရာမှ အတူထိုင်ဖြစ်သည်။ သူက ကျွန်တော့်ကို စာရေးဆရာမှန်း သိနေသဖြင့် သူ့ဘဝ ဇာတ် အကြောင်းကို ပြောပြပါမည်။ ကျွန်တော့်ကို ရေးဟုဆိုသည်။ ထို ဇာတ်ကို ကျွန်တော်ရေးလျှင် ပေါက်မှာကျိန်းသေသည်ဟုဆိုပြီး ပြောရင်းသောက်သည်။ သူ့ဇာတ်လမ်းက ဘာမှထူးခြားတာမပါ။ သူလိုကိုယ်လို ကြုံနေကျဇာတ်လမ်းဖြစ်သည်။

စာတွေရေးနေသော စာရေးဆရာနှင့်တွေ့လျှင် ကိုယ့် ဇာတ်လမ်းကို လူတိုင်းကပြောချင်ကြသည်။ စာရေးဆရာသည် သူ့ (ပြောသူ) ဇာတ်လမ်းကိုရေးလိမ့်မည်။ စာရေးဆရာသည် အရက် ဆိုင်မှာ ဇာတ်လမ်းရေးစရာလာရှာသည်။ သွားကောလိပ်ထဲမှာ ဇာတ်လမ်းလာရှာနေသည်ဟု သူတို့ထင်ကြသည်။ စာရေးဆရာ မဟုတ်သူတွေ ထိုသို့ အတွေးရောက်အောင် မည်သည့်စာရေးဆရာ ကများ လုပ်သွားသည်မသိ။ တော်တော်ဆိုးပါသည်။

အင်ဗက်တာနှင့် မီးအားမြှင့်စက်တွေဆင်ပြီး ရောင်းသူ၊ ပျက်လျှင်လည်း ပြင်ပေးသောလူတစ်ယောက်နှင့် အရက်အတူ သောက်ဖြစ်သည်။

"ခင်ဗျားကို ကျွန်တော့်အကြောင်းပြောပြမယ်၊ ရေးစမ်းပါ ဗျာ၊ အချစ်ရော ဘဝရော ပညာပေးရောပါတယ်"

ကျွန်တော့်စိတ်နှလုံးသည် လေးလံထိုင်းမှိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လွတ်လပ်မှုသည် ပြိုကွဲသွားသည်။ သူကတော့ အားကြိုးမာန်တတ်ဖြင့် သူ့ပေါင်ကိုသူပုတ်လိုက်၊ ကျွန်တော့်ပေါင်ကိုပုတ်လိုက်ဖြင့် ပြောသည်။

ပြီးတော့ ထိုငတိကြီးက စကားပြောလျှင် မေးခွန်းမေးမေးပြီး စကားပြောသည်။ ထိုစကားပြောနည်းမှာ ကျွန်တော် စက်စက်ဆုပ်ဆုပ် မုန်းတီးသော စကားပြောနည်းဖြစ်သည်။

"ကဲ. . . ခင်ဗျားအင်ဇာတာကို လေးထပ်တိုက်ပေါ်က ပစ်ချလိုက်ဗျာ၊ လေးထပ်တိုက်ပေါ်က ဘယ်လုပ်ရဲမလဲ"

"အင်း. . . အင်း. . . ဒါပေါ့"

"ပစ်ချရမှာ. . . ပစ်ချရမှာ. . . "

သူ့ပေါင်ကိုသူပုတ်ပြီး အားရပါးရ မာန်ပါပါပြောသည်။

"အဲဒီလို ပျက်စီးပြီး တစ်စစီဖြစ်သွားတဲ့ အင်ဇာတာကို ကျွန်တော်က ဘာဖြစ်လဲ"

ကျွန်တော့် ပေါင်ကိုပုတ်ပြန်သည်။

"အင်း. . . ပေါ့"

"ဘာဖြစ်လဲ. . . ဘာဖြစ်လဲ. . . တစ်ရက်တည်းနဲ့ ပြီးအောင်ပြင်နိုင်တယ်၊ တစ်ရက်တည်းနဲ့၊ ဘယ်နှရက်လဲ"

"အင်းပေါ့. . . အင်းပေါ့. . . ဒါပေမယ့် ခင်ဗျား ကျွန်တော်မေးတာလေးတစ်ခုတော့ ဖြေပေးစေချင်တယ်"

"မေးလေ. . . မေးမေး ဒါမှပဲ ဆရာရေးရတာ လွယ်ကူမှာပေါ့. . . မေး. . . "





"ထူးထူးခြားခြားမဟုတ်ပါဘူး၊ ခင်ဗျား ဘုန်းကြီးလူထွက်လားလို့ မေးချင်တာ"

"ဘုန်းကြီးလူထွက်"

"ဟုတ်တယ်. . . စကားပြောရင် မေးမေးပြီးပြောလွန်းလို့"

တစ်ချို့ကလည်း သူတို့အချစ်အကြောင်းကို ပြောတတ်ကြသည်။ ရည်းစားဦးအကြောင်း အခုကျနေတဲ့ လက်ရှိအိမ်ထောင်အကြောင်းပြောပြီးလျှင် ရေးပါဟုဆိုတတ်ကြသည်။ ဆရာ ဘာရသလဲ ဟု မေးတတ်ကြသည်။ သူတို့ပြောပြသည့် ဇာတ်လမ်းတွေက ဘာမှမထူးခြားသော ဖြစ်နေကျတွေမို့ ဘာမျှမထူးခြားလှပါ။

ကျွန်တော်ရေးချင်တာက အဲဒီလူတွေအကြောင်းမဟုတ်ပါ။

ကျွန်တော် ထိုလူတွေကို ရှောင်ချင်သဖြင့် အရက်ကို အိမ်မှာ ဝယ်သောက်ဖြစ်သွားသောအကြောင်းပင် ဖြစ်ပါသည်။ တစ်ချို့လူတွေက စကားနည်းနည်း ထူးထူးခြားခြားလေးပြောလိုက်လျှင် "ဟေ့ကောင် မင်း သိပ်အာကျယ်မနေနဲ့၊ ကိုရဲက မင်းအကြောင်း သူ့ဝတ္ထုထဲထည့်ရေး သွားဦးမယ်" ဟု ပြောတတ်သည်။

တစ်ချို့လူတွေကျတော့လည်း ဘာမျှမဟုတ်သည့်ကိစ္စကို ကျွန်တော့်ရှေ့တွင် အမှတ်တမဲ့လုပ်မိပြီး "ဆရာ အဲဒီအကြောင်းကိုတော့ ထည့်မရေးပါနဲ့နော် ဆရာ" ဟု ပြောတတ်ကြပြီး သူတို့မျက်နှာတွေက ထည့်ရေးစေချင်နေသည်။ ဇာတ်လမ်းတစ်ပုဒ်ဖြစ်စေချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသည် ဈေးဝယ်ထွက်သော အိမ်ထောင်သက်ရှင့် အိမ်ရှင်မနှင့်တူပါသည်။ ဈေးကိုသွားရာလမ်းတစ်လျှောက်တွင် သူသည် ဘာကိုဘာနှင့်ချက်မည်ဟု စိတ်ကူး၍မသွား။ ဈေးကိုရောက်၍ သားငါးတန်းကိုဝင်တော့မှ တွေ့သည့်သားငါးနှင့် ကိုယ့်ငွေနှင့် အသီးအနှံနှင့်တွဲ၍ လိုက်ဖက်အောင် ရွေးချယ်ဝယ်ယူတတ်လေ့ရှိပါသည်။

စာရေးဆရာဆိုသည်မှာလည်း လောက လူ့ဘောင်ကိုစွန့်ပြီး ရသကို ဖန်တီး၍မရစကောင်းပါ။ ကျွန်တော်တို့ရေးသမျှဆိုသမျှသည် နောက်ခံလူ့ဘဝကြီး ရှေ့ကိုဆွဲထုတ်ပြခြင်းသာဖြစ်ပါသည်။ ခံစားသူကလည်း နောက်ခံလူ့ဘဝကြီးကို သူ့အလိုလိုနားလည်ထားပြီးမှ ခံစားလေ့ရှိပါသည်။

ကျွန်တော်သည် ရင်ခုန်သံတူသူတို့နှင့် မသောက်ဖြစ်တော့ကတည်းက ကြုံရာဆိုင်တွင် သောက်သည့်အခါ အထက်ပါဒုက္ခများကို ကြုံခဲ့ရပါသည်။ ကျွန်တော့်ကို စာရေးဆရာဟု မသိသည့်ဆိုင်မှာသွားသောက်တော့လည်း ရေချိန်ကိုက်လျှင် စကားပြောဖော်မရှိသဖြင့် ဆိုးဝါးသောဒုက္ခကို ခံစားရလေသည်။

ထို့ကြောင့် ကျွန်တော်အရက်ကို အိမ်မှာပဲ ဝယ်သောက်တော့ သည်။

ကျွန်တော်ရေးချင်တာက အိမ်ကို အရက်ဝယ်သောက်သည့်အဆင့်မှာ ယစ်ထုပ်ဖြစ်ရန် ရာခိုင်နှုန်း ၉၀ ရှိနေပြီဆိုတာပဲဖြစ်၏။ ပထမရက်တွေမှာတော့ ကျွန်တော်သည် ညနေခြောက်နာရီ





လောက်တွင် ဝယ်ထားသောအရက်ကို နှစ်ပက်လောက်ထည့်ပြီး အချိုရည်ရော၍ ကစ်ပစ်လိုက်သည်။ ပြီးတော့ "ဆရာသော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်အကြောင်း" ကို ဖတ်သည်။ နှစ်ပတ်ဖိမ်ကလေးဖြင့် ဖတ်ရင်း နည်းနည်းကျသွားသောအခါ နောက်နှစ်ပတ်လောက် ထပ်တင်သည်။

ဒီလိုကျသွားလိုက် ထပ်တင်လိုက်နှင့် တစ်ပိုင်းကျော်ကျော်လောက်တွင် ပထမ ထမင်းစားပါသေး၏။ ဒုတိယကျတော့ ညနေသောက်သည့်အချိန် တိုး၍လာသည်။ ၅-နာရီလောက်ဆိုလျှင် ၂-ပက်တင်ပြီ။ ညစာကို စားသည့်နေ့စားသည်။ မစားသည့်နေ့ လုံးဝမစားတော့။ တတိယက ညဘက် စာရေးရင်းသောက်၊ သောက်ရင်းမစားတော့ စာကတော့ပြီးပါ၏။ လူကား ပန်းပြီး နံနက်ခင်းသည်မလန်းဆန်းတော့ ဒီတော့ သုံးပက်လောက်သောက်၍ အိပ်လိုက်သည်။

အိမ်ကတော့ တစ်ညလုံး စာရေးရသည့်လူဆိုပြီး မနိုးဘဲထားသည်။

အရက်အရှိန်ရော ညမအိပ်ရတာရောနှင့် ပန်းပြီး အိပ်သော ကျွန်တော်သည် နေ့လည်နှစ်နာရီလောက်မှာ နိုးလာသည်။ ခေါင်းတွေ လေးနေသည်။ ရင်တွေတုန်နေသည်။ တစ်ကိုယ်လုံးမလှုပ်ချင်မရှားချင် အရာရာ ဘာမျှအဓိပ္ပါယ်မရှိ။ နာရီကိုကြည့်တော့ နှစ်နာရီ။ နားထင်တွေ ကိုက်ခဲနေသည်။

ဘာမှမတတ်နိုင် ၂-ပက်။



www.burmeseclassic.com

www.burmeseclassic.com



နေ၍ကောင်းသွားသည်။ နောက် ၂-ပက်။ ကျွန်တော် မှူးသွားပြီး အရာရာသည် နဂိုအသက်ဓါတ်ပြန်ရလာသည်။ လူတွေ၏ မျက်နှာက ကြည်လင်၍နေသည်။ မှန်ထဲမှာ ကျွန်တော့်မျက်နှာကို ကြည့်တော့ ကြည့်၍မကောင်းတော့။

ထိုသို့ နေ့ပြန်ညပြန် တစ်ပါတ်လောက်သောက်ပြီးသော အခါ လူသည် ဘာအစာကိုမျှ စားချင်စိတ်မရှိတော့ပေ။ အရက်ပြီး အရက်သာဖြစ်နေသည်။တစ်ရာတန် ရှောက်ပြားကွင်းတစ်ထုပ် ရှိလျှင် ကျွန်တော့်အတွက် လုံလောက်နေပြီ။

ထိုသို့ဖြင့် ကျွန်တော်သည် ဆရာဒေါက်တာဆန်းလင်း၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အရ လှိုင်သာယာမြို့နယ်ရှိ လူမွှနီစိတ် ရောဂါအထူးကုဆေးခန်းသို့ ရောက်ခဲ့ပါသည်။ ဤမှာပင် ထိုဇာတ်လမ်းများသည် စ,ကြလေသည်။

ဆရာ ဆရာမများက သပ်သပ်ရပ်ရပ်ပြင်ဆင်ထားသော အိပ်ယာပေါ်သို့ ကျွန်တော့်ကိုတင်ပေးလိုက်ပြီး အိပ်ခိုင်းလိုက်သည်။ ပြီးလျှင် သွေးပေါင်ချိန်မည်။ ကျွန်တော်ကား အိမ်မှ သောက်ထားသောအရှိန် ရှိနေသဖြင့် အေးဆေးသပ်ရပ်သော အခန်းထဲမှာ ဇိမ်တွေ့ပြီး နှပ်နေသည်။

အိပ်ယာကနိုးလာတော့ အရက်က သွေးထဲကတောင်းလာသည်။ မရနိုင်တော့ ဆေးရုံပေါ်ရောက်နေပြီ။ အဲဒီမှာ ခြေတွေလက်တွေ တုန်လာမည်။ ရင်ထဲက ကတုန်ကယင်ဖြစ်လာမည်။ အိမ်က ကျွန်တော့်အတွက် အစောင့် ကျွန်တော့်ညီဝမ်းကွဲကလေးကို ထည့်





ထားပေးသည်။ ကျွန်တော် နေ၍မရတော့. . . ဆရာမကို သွားခေါ် ခိုင်းရသည်။

အချိန်က ညနေ(၅)နာရီရှိနေပြီ။ အိမ်မှာကျန်ခဲ့သော ပုလင်းကို သတိရ၏။

လူတစ်ကိုယ်လုံး အဆစ်တွေမှာ ဘာအားအင်မှမရှိတော့ လက်ထောက်ပြီး အိပ်နေရာမှ မထနိုင်တော့။ ရင်တွေ အရမ်းတုန်နေသည်။ ရင်ထဲမှာ လှပ်ခနဲ လှပ်ခနဲဖြစ်သည်။ ခေါင်းလည်း မထောင်နိုင်တော့။ ကျွန်တော့်ညီနှင့် ဆရာမ sister တစ်ယောက် ဖြစ်မည်။ ထဘီအပြာ အင်္ကျီအဖြူနှင့် ခေါင်းမှာတော့ ဘာမှစောင်း၍မထား. . .။

"အစာဘာစားထားလဲ"

ကျွန်တော့်ညီကိုမေးပြီး ကျွန်တော့်ကိုကြည့်သည်။

"ဘာမှ ကျွေးလို့မရဘူး ဆရာမ"

ကျွန်တော့်ညီက ပြန်ဖြေသည်။

"အို. . . မစားလို့တော့မဖြစ်ဘူးလေ၊ တစ်ခုခုတော့ စားမှပေါ့"

"ဘာမှမစားချင်ဘူး ဆရာမ"

"မစားချင်လို့မရဘူး၊ စားရမယ်၊ အချိုရည်လေးတော့ သောက်ပါ"

"ရင်တွေ အရမ်းတုန်နေတယ်ဆရာမ"

"တုန်မှာပေါ့၊ အစာအိမ်မှာ အစာမှမရှိတာ၊ အစားစား



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်နှစ်ရက်လောက်ရှိပြီလဲ”

ကျွန်တော့်အသံတွေ တုန်၍နေသည်။ ပြီးတော့ မော၍နေသည်။ ဆရာမက ကျွန်တော့်လက်ကောက်ဝတ်ကို လက်ညှိုး လက်ခလယ်တို့နှင့် ထောက်ထားပြီး သူ့လက်က ရွှေရောင်နာရီကို ကြည့်နေသည်။ ကျွန်တော် ရင်တွေတလှပ်လှပ်တုန်နေသည်။ ဆရာမ၏လက်မှာ ဝတ်ထားသော ရွှေလက်စွပ်ကို ကျွန်တော် ငေးနေသည်။ ကျွန်တော် ရင်တွေတုန်နေသည်။

“အချိုရည်သောက်ရမယ်၊ မင်း သူ့အဖော်လား”

“ဟုတ်ကဲ့. . . ဆရာမ”

“အချိုရည်သွားဝယ်၊ Gas ပါတဲ့အချိုရည် မဝယ်နဲ့၊ sharp ဖြစ်ဖြစ်၊ ကျွဲရိုင်းဖြစ်ဖြစ် အဲဒီလိုဟာမျိုး အချိုရည်၊ အချိုရည် သောက်ရမယ်၊ ဟုတ်ပြီလား၊ ရင်ထဲမှာ အစာမရှိတော့ ရင်တုန်တာပေါ့၊ အချိုရည် သောက်ရမယ်”

ကျွန်တော့်ညီ အချိုရည်သွားဝယ်သည်။ ဆရာမလည်း ထွက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း “တအင်းအင်း” အော်၍ ကျန်ခဲ့သည်။ ရင်ထဲမှာ မော၍နေသည်။ အခုနေ နှစ်ပက်လောက် သောက်လိုက်ရလျှင် ကျွန်တော် ပြန်အိပ်၍ပျော်သွားမည်။ ကျွန်တော် အိပ်ပျော်ချင်နေသည်။

ကျွန်တော့်ညီပြန်လာတော့ အချိုရည်တစ်လုံးပါလာသည်။

ကျွန်တော် ထ၍မသောက်နိုင်။ တစ်ကိုယ်လုံး တုန်၍ယိုင်နေသည်။ ထိုအချိုရည်ကို ပိုက်ကလေးနှင့် တစ်ငုံသာစုပ်နိုင်သည်။





နောက် တစ်ငုံဆက်စုပ်လျှင် အန်တော့မှာသေချာသည်။ ထို့ကြောင့် တစ်ငုံစုပ်ပြီး လက်ကာပြလိုက်ရ၏။ ကျွန်တော့်ညီက အချိုရည်ပုလင်းကို ကိုင်ထားပြီး အနားမှမသွား. . .။ ကျွန်တော် တအင်းအင်း အော်နေရသည်။

“နည်းနည်းကလေးတော့ သောက်လိုက်ပါဦး”

ကျွန်တော် လက်ကိုကာပြီးတားရသည်။ ကျွန်တော် သောက်၍မရသေး။ စိတ်ထဲမှာလည်း သောက်ချင်စိတ်က လုံးလုံးမရှိ။ စိတ်ထဲမှာ အရက်ကိုသာ ဖန်(လ်)ခွက်နှင့်အပြည့် အားရပါးရ သောက်ပစ်လိုက်ချင်နေသည်။ ညီဆိုတော့ ဒီကောင်ကလည်း အတင်းမတိုက်ရဲပါ။

ညီက ကျွန်တော့်ပါးစပ်နားကို ပိုက်ထိုးပေးပြန်သဖြင့် အားနာပြီး တစ်ချက်စုပ်လိုက်သည်။ တော်ပြီ။ ကျွန်တော့်တစ်ကိုယ်လုံးက အရက်မှလွဲ၍ ဘာကိုမျှမလိုချင်။

ထိုအချိန်တွင် ဆရာမဝင်လာပြန်သည်။

“သောက်. . . သောက်. . . ဒီအချိုရည်တော့ ကုန်အောင် သောက်၊ သောက်လိုက်လေ. . .”

“သောက်ပြီးပြီ ဆရာမ”

ကျွန်တော့်အသံက အားပျော့၍နေသည်။ ဆရာမက ကျွန်တော့်ညီကိုမေးသည်။

“ဘယ်လောက်သောက်သလဲ”

“တစ်ငုံ နှစ်ငုံပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . ဒီလောက်ဘယ်ရမလဲ၊ အချိုရည်သောက်ရမယ်၊ ဒါက အားဖြစ်လွယ်တယ်၊ အစာအိမ်ကိုလည်း ထိထားတာ ကာကွယ်တယ်၊ ကဲ. . . ပေး. . ."

ကျွန်တော့်ညီလက်ထဲက အချိုရည်ပုလင်းကိုဆွဲယူပြီး ပိုက်ကို ဆရာမကိုယ်တိုင် နှုတ်ခမ်းသို့တပ်ပေးသည်။ ပြီး ပိုက်ထဲသို့ တက်လာသော လိမ္မော်ရောင်အရည်များကို ကြည့်သည်။

ကျွန်တော်စုပ်တာ ရပ်လိုက်သဖြင့် လိမ္မော်ရည်များ ပိုက်ထဲမှ ပြန်ဆင်းသွားသည်။

"အို. . . မရဘူးလေ၊ စုပ်စုပ်. . . ဒီလောက်နဲ့ရမလား၊ အရက်ကျတော့ သောက်တယ်၊ ဒီမှာ ကိုယ့်အတွက်လည်းကောင်း၊ ကျန်းမာရေးအတွက်လည်း ကောင်းတာကျတော့မသောက်ဘူး၊ မရဘူး. . . သောက်၊ ဒီအချိုရည်ကို ကုန်အောင်သောက်"

ကျွန်တော့်ပါးစပ်နားက ပိုက်ကို နှုတ်ခမ်းနှင့်ဆွဲယူပြီး အားနာနာနှင့် စုပ်ရသည်။

"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဒီလိုမှပေါ့၊ စုပ်. . . မရပ်နဲ့ ဒီတစ် ပုလင်းကုန်အောင်တော့ သောက်"

ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ပြဋ္ဌာန်းပြီး သောက်ပါသည်။ အားနည်းနေသည့် ကျွန်တော့်အတွက် သကြားဓါတ် (အချိုဓါတ်) လိုနေလိမ့်မည်။ ထို့ကြောင့် အားတင်းပြီး တော်တော်များများ စုပ်ယူလိုက်သည်။ ဆရာမမျက်နှာမှာ ဝမ်းသာရိပ်ကလေး ပေါ်၍ လာ၏။





"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဒီအချိုရည်လေးတော့ ကုန်အောင် သောက်လိုက်. . . ဟုတ်ပြီလား. . . ဟုတ်ပြီ. . . ဟုတ်ပြီ"

ကျွန်တော်ဆက်သောက်၍မရတော့ ဆက်သောက်လျှင် အန်တော့မည်။ ထို့ကြောင့် ကျွန်တော် ရပ်ပစ်လိုက်သည်။ အချိုရည် ဆရာမက ပုလင်းကိုထောင်ကြည့်သည်။ ပြီးတော့ ကျေနပ်ဟန် ရှိပါသည်။

"လက်လေးလုံးလောက်ကျန်တယ်။ တစ်ခါတစ်ခါကို အများကြီးမတိုက်နဲ့၊ အခုလိုတိုက်တိုက်ပေး အများကြီးတိုက်ရင် အန်ပစ်လိမ့်မယ်"

"ဟုတ်ကဲ့"

အချိုရည်ဆရာမထွက်သွားသည်။

ကျွန်တော် တအင်းအင်းအော်နေသည်။

အချိုရည်ဆရာမသည် ဆံပင်လှိုင်းတွန့်နှင့်ဖြစ်သည်။ နောက်မှ ဆံပင်များကို သူနာပြုတိုင်းလိုက်နာရသည့် စည်းကမ်းနှင့် အညီ ထုံးထားသော်လည်း ရှေ့ဆံပင်များကိုကြည့်ပြီး လှိုင်းတွန့်ဟု ကျွန်တော် ခန့်မှန်းပါသည်။

အချိုရည်ဆရာမသည် လူနာ၏လက်ကောက်ဝတ် သွေးခုန်နှုန်းကို တိုင်းသည်။ လက်နှစ်ဖက်တွင် လက်စွပ်ဝတ်ထားသည်။ အရပ်မောင်းကား ထောင်ထောင်မောင်းမောင်းဟုပြော၍ရပြီး ခန္ဓာကိုယ်မှာ တောင့်တင်းသည်။ အချိုရည်ဆရာမသည် sister ထက် ရဲမေတစ်ယောက်နှင့် ပိုတူနေသည်။ ဆရာမသည် စိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြန်ပုံရပါသည်။

ထိုညက ကျွန်တော် တစ်ရေးမှအိပ်၍မပျော်ပါ။ တစ်ညလုံး "တအင်းအင်း" "တအားအား" အော်နေရသဖြင့် ကျွန်တော့်ညီလည်း အိပ်၍မရပါ။ မနက်မိုးလင်းစကလေးကို ခေါင်းလှန်ကြည့်ရုံနှင့်ပင် ရင်ထဲမှာ "လှပ်"ခနဲမောပြီး "လှိုက်"ခနဲမူးနေသည်။

အရုဏ်ဦးသည် ညကို ကောင်းကောင်းအနိုင်ယူလိုက်ပြီဖြစ် သည်။

အမှောင်ဆိုတာမရှိတော့ ဆေးရုံထဲမှာလည်း စကားပြောသံ သွားသံလာသံကြားနေရသည်။ ကျွန်တော့်ညီက မျက်နှာသုတ်ပုဝါ အသေးကလေးဖြင့် ကျွန်တော့်ကိုမျက်နှာသစ်ပေးသည်။

ထိုစဉ်မှာပင် ဆရာမ ကျွန်တော့်အခန်းထဲဝင်လာသည်။

အချိုရည်နံ့သည် ကျွန်တော့်နှာခေါင်းမှ နှလုံးသားထဲသို့တိုး၍ ဝင်ရောက်လာလေသည်။

■






## ဆရာ ... "ညာတယ်"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြုံဖူးသမျှထဲက ပြောရမည်ဆိုလျှင် လူတွေတော်တော်များများက အရက်ကို အပျော်သောက်ကြခြင်းဖြစ်ပြီး အချို့လူများက အရက်ကို ခံစားချက်ဖြင့် သောက်တတ်ကြသည်။ တစ်ချို့က မသောက်ရလျှင်မနေနိုင်၍ သောက်ကြရသည်။

ပျော်စရာအနေနှင့်သောက်လျှင် သူတို့ပျော်စရာကုန်ဆုံးသွားပြီးသည့် နောက်တစ်နေ့၌ အရက်သည် သူတို့နှင့် အဝေးမှာကျန်ရစ်ခဲ့သဖြင့် ထိုအုပ်စုမှာ အရက်သမားများမဟုတ်ဘဲ "ခဏ . . . အမူးသမားများသာ" ဖြစ်ပါသည်။

ခံစားချက်ဖြင့် အရက်ကိုသောက်သူများကြတော့ တော်တော်ကလေးကို ရှုပ်ထွေးပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ယောက်၏ခံစားချက်ကိုက အတော့်ကို ရှုပ်ထွေးသောကြောင့်ဖြစ်၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ထို့ကြောင့် ကိုယ်နှင့် အတူအရက်သောက်သောလူသည် ရည်းစားနှင့် အဆင်မပြေဖြစ်နေသူလည်း ဖြစ်နိုင်သည်။ အိမ်ကမိသားစုနှင့် အဆင်မပြေသူလည်းဖြစ်နိုင်သည်။ သူလုပ်သည့်အလုပ်တစ်ခုခုထဲက အကြီးအကဲတို့ဘာတို့နှင့် အဆင်မပြေသူလည်းဖြစ်နိုင်သည်။ သူ့ဇနီးနှင့် ယောက္ခမနှင့် ရာသီဥတုနှင့် ဓါတ်မီးတစ်လက်နှင့် ဖန်(လ်)ခွက်တစ်လုံး၊ သစ်သီးခွံနွှာသော ဓါးတစ်ချောင်းနှင့် ရေလဲပုဆိုးတစ်ထည်နှင့် စွပ်ကျယ်တစ်ထည်နှင့် ဈေးကြီးပေးဝယ်ထားပြီး လူတွေက (သူနှင့်လိုက်သည်ဟု) ထင်ကြေးပေးထားသော အကျႌတစ်ထည်နှင့်၊ ငါးမြွေထိုးတစ်ကောင်နှင့် သရိးကွာတားဘောင်းဘီတစ်ထည်နှင့်၊ မိန်းမက ယတြာချေသောကိစ္စနှင့် ရပ်ကွက်ထဲမှာ မီးမလာသောကိစ္စနှင့် သောက်ကြသောဆိုင်က ပဲပြားသုပ်ကောင်းတယ်ဆိုသောကိစ္စနှင့် ကိုယ်ကချစ်နေသော ကောင်မကလေးက တစ်ခြားတစ်ယောက်နှင့် လက်ချင်းတွဲသွားသောကိစ္စနှင့်၊ ဒန့်သလွန်သီးရောင်းတာ တော်တော်ကလေးပိုက်ဆံရသွားသောကိစ္စနှင့်၊ ခပ်ထောထော သူငယ်ချင်းမိတ်ဆွေတစ်ယောက်နှင့် အနှိပ်ခန်းမသွားခင် ဇိမ်ယူရရန်ဆိုသောကိစ္စနှင့်၊ အိမ်က ခြောက်ပစ်ကင်းသဲလဲစင်ကြီးကို မုန်းသည့်ကိစ္စနှင့် . . . စသည်ဖြင့် လူတွေခံစားချက်ဖြင့် အရက်သောက်တတ်ကြပါသည်။

မသောက်ရလျှင် မနေနိုင်သူများကတော့ ရှင်းပါသည်။

ဘာကြောင့်မျှမဟုတ်။ မသောက်ရလျှင် မနေနိုင်သော ကြောင့် သောက်ရခြင်းဖြစ်သည့်အတွက် သူတို့သည် အရက်မှ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ဘာကိုမျှဂရုမစိုက်တတ်။ ပြဿနာလည်းမရှာတတ်ဘဲ ခင်မင်သူကိုတွေ့လျှင် သူ့ကိုတိုက်မည်လားဆိုသောသဘောနှင့် စိတ်ရောလူပါ နူးညွတ်၍လာတတ်ကြောင်းကို ကျွန်တော် အကြိမ်ကြိမ်ကြုံခဲ့ဖူးပါသည်။

ခံစားချက်ဖြင့်သောက်သော ငတိများက သောက်စကားများသလောက်၊ ပျော်စရာတစ်ခုခုကြောင့် သောက်ဖြစ်ကြသည့် ဝိုင်းက ဆူညံသလောက် မသောက်မဖြစ်လူများကတော့ တိတ်ဆိတ်ငြိမ်သက်စွာ ရှိတတ်ကြသည်။

(အရက်ကို ငြိမ်ငြိမ်ကလေးသောက်ပြီဆိုလျှင် ကိုယ့်ကိုယ်ကို အန္တရာယ်ရှိသည်ဟု ဆုံးဖြတ်ရန် ကျွန်တော်အကြံပေးလိုပါသည်)

ကျွန်တော်ကတော့ ထိုအချိန်က သောက်ဖော်သောက်ဖက်ကောင်းတွေ့လျှင် အိမ်ခေါင်မိုးကဆီလင်ပြားတွေပြေးနေအောင် သောက်တတ်သော သောက်ပြီးမှ စကားများတတ်သော သောက်စကားများသည့် ငတိတစ်ယောက်သာဖြစ်ပါသည်။

ညနေစောင်းလျှင် ကျွန်တော်က အရက်ကိုအရင်မရှာ။ ဘော်ဒါကိုသာ အရင်ရှာတတ်သူလည်း ဖြစ်ပါသည်။ ဘယ်ဘော်ဒါမျှ မတွေ့ခဲ့လျှင် ကျွန်တော်သည် ဖတ်ချင်သောစာအုပ်တစ်အုပ်ကို ဆွဲပြီး အိမ်နှင့် ခပ်ဝေးဝေးကဆိုင်ကလေးတွင် သွားထိုင်တတ်သည်။

ကျွန်တော်ထိုင်သောဆိုင်သည် အရက်မကောင်းလျှင် နေ





ပေ့စေ အမြည်းကတော့ကောင်းရမည်ဟု ကျွန်တော်က ဆုံးဖြတ်သည်။

အမြည်းကောင်းသည်ဆိုသည်မှာလည်း ဘဲကင်၊ အသားကင်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်. . . စသည့် နာမည်ကြီးအမြည်းများကို ဆိုလိုခြင်းမဟုတ်ဘဲ ဒညင်းသီးပြုတ်၊ ပဲပြားသုပ်၊ ဝက်ခေါင်းသုပ်၊ အမဲကြော်၊ ရခိုင်ငါးခြောက်ကြော်၊ ခေါက်ဆွဲသုပ်၊ ကြာဇံသုပ်၊ လက်ဖက်သုပ်၊ ဆေးဘဲဥသုပ်၊ မြေပဲနှင့် မြင်းခွာရွက်သုပ် တို့ကိုသာ ကျွန်တော်က ကြိုက်ပါသည်။

ကျွန်တော် ပါးစပ်ပျက်ပြီဆိုလျှင် ထိုဆိုင်ကလေးများကို သွားပြီး ဘီအီးတစ်ပိုင်းလောက်တီးရင်း ထိုအမြည်းများနှင့် ဇိမ်ကျခဲ့ဖူးပါသည်။ ကျွန်တော် အများဆုံးစားသော အမြည်းမှာ ဒညင်းသီးပြုတ်တစ်ပွဲ ဝက်ခေါင်းသုပ်တစ်ဝက်ကို ပဲပြားနှင့်ရော၍ထားပြီး အချဉ်ရည်များများဆမ်း၍ထားသည့် ထိုဆိုင်မှကောင်မလေးသုပ်သောအသုပ်ဖြစ်သည်။(ထိုကောင်မလေးမသုပ်လျှင် ကျွန်တော့်အထာကိုမသိသဖြင့် မကောင်းတတ်ပါ)။

ဆိုင်က ရောင်းရေးဝယ်တာလူတွေကရော ကျွန်တော့်လိုပဲလာပြီး ကစ်ကြသူများကရော ကျွန်တော့်ကိုတော့ နည်းနည်းဦးစားပေးပြီး ဆက်ဆံကြသည်ဟု ကျွန်တော် ခံစားရသည့်ကိစ္စကို ကျွန်တော် အိမ်ပြန်ရောက်၍ စဉ်းစားသောအခါ “သြော်. . . ငါ့ကို စာရေးဆရာလို့သိပြီး ဦးစားပေးကြဟန်တူပါရဲ့” ဟု တွေးမိသည်မှာ ရက်တော်တော်ကလေး များလာတော့မှ ငတိတစ်ကောင်နှင့်တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးသည် "လျှော်"လေသော အတွေးဖြစ်ကြောင်း သိလိုက်ရသည်။

"ဆရာက ဒီဆိုင်ကို တစ်ပတ်ကိုသုံးရက်လောက်တော့ လာတယ်နော်"

"အမြည်းကောင်းတာကိုးကွ"

"မနေ့က ပဲပြားသုပ်တစ်ပွဲတောင် ပါဆယ်ယူသွားသေးတယ်နော်"

"အချဉ်ရည်ကောင်းတယ်ကွ၊ အိမ်မှာ ထမင်းနဲ့တီးဖို့ယူသွားတာ"

"ဆရာက အမြည်းတွေလျှောက်မှာပြီး ကုန်အောင်လည်း မစားတော့ မနေ့က ဆရာ့အမြည်းအကျန်တွေကို ကျွန်တော်တို့ တီးပစ်လိုက်ကြတယ်၊ ဒါကြောင့် ဆရာပိုက်ဆံရှင်းနေတုန်းမှာ ကျွန်တော်က လှမ်းနှုတ်ဆက်လိုက်တာလေ၊ ဆရာက လက်ဆွဲနှုတ်ဆက်လိုက်တော့ ဆရာအမြည်းအကျန်တွေ ကျွန်တော်တို့ရတာပေါ့၊ မိုက်တယ်ဗျာ၊ ဆရာ့ကိုတော့ ခိုက်တယ်၊ ဒါနဲ့. . . ဆရာက ဘယ်ဌာနမှာလုပ်တာလဲဟင်"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။

သူက "ဆရာ"ဟုခေါ်တုန်းက ကျွန်တော့်ကို "စာရေးဆရာ"ဟု သိ၍ ခေါ်သည်ဟုထင်ခဲ့သည့် စိတ်ကူးမှာ မဟုတ်မှန်းသိရသောအခါ ကျွန်တော့်ထံတွင် သူ့ကို ပြန်ပြောစရာစကားလုံးတော်တော်ကလေးရှားသွားသဖြင့် ခေါင်းထဲမှာ စကားလုံးတွေကို အပြေးအလွှား စဉ်းစားကြည့်ရ၏။





စကားလုံးဆိုသည်မှာ ကိုယ့်စိတ်ထဲကိုယ်ပြန်ရှာရသော ဝေါဟာရဖြစ်၏။

ဒေါသဖြစ်လျှင် ဒေါသစကားလုံး ပျော်နေလျှင် ပျော်သောစကားလုံး စိတ်ညစ်နေလျှင် ငြီးငြူသောစကားလုံး၊ ဝမ်းနည်းနေလျှင် ငြိုးငယ်သောစကားလုံး စသည့်စိတ်ခံစားချက်မှ လူတွေပြောနေကြသော စကားလုံးများကို မွေးထုတ်ပေးတတ်ကြောင်း ကျွန်တော် ကောင်းကောင်းကြီးသိပါသည်။

ဝမ်းနည်းနေသော လူတစ်ယောက်သည် ဘယ်လိုမှ ရယ်စရာစကားကို မပြောနိုင်သလို ပျော်နေသော၊ မြူးနေသောလူတစ်ယောက်ကလည်း ဘယ်လိုမှ ဝမ်းနည်းစရာစကားကို မပြောနိုင်ပါ။ လူတွေ နေ့စဉ်ပြောပြောနေကြသော စကားသည် သူတို့စိတ်ခံစားချက်မှသာ ထွက်လာကြသည်ဟု (မှားချင်လျှင်မှားပေ့စေ) ကျွန်တော် ယုံကြည်ပါသည်။

အခုလည်း ထိုငတိက "ဆရာ"ဟုခေါ်တာကို ကျွန်တော်ကလည်း ဘီအီးကလေးတစ်ပိုင်းကစ်ပြီးတော့ စိတ်ကလေးကခပ်ထွေထွေနဲ့ ငါ့ကို "စာရေးဆရာ"လို့ သိပြီးတော့ "စကားလေးဘာလေး ပြောလိုက်မဟဲ့" ဆိုပြီး ဝမ်းထဲကမြူးသွားတုန်းမှာ သူက "ဘယ်ဌာနမှာလုပ်တာလဲ" ဆိုတော့ "ကွိ"သွား၏။

ကျွန်တော့်ခံစားချက်သည် ပျော်တာလည်းမဟုတ်တော့။ မြူးတာလည်းမဟုတ်တော့၊ မှူးတာလည်းမဟုတ်တော့ဘဲ အီလည်



www.burmeseclassic.com

www.burmeseclassic.com



လည်ကြီး ဖြစ်၍သွားသည်။

"ကျွန်တော်က ဝန်ထမ်းမဟုတ်ဘူးခင်ဗျာ"

"ဒါဆို. . . ဆရာက အရာရှိပေါ့"

"မဟုတ်ဘူးလို့ ပြောနေပြီဗျာ"

"မညာပါနဲ့. . . ဆရာရယ်"

ထိုလူက ရယ်ရယ်ပြုံးပြုံးပြောရင်း သူ့အရှေ့ကဘီအီးခွက်ကို ကောက်ကစ်ပစ်လိုက်၏။ ပြီးတော့ ကျွန်တော်မှာထားတဲ့ ပဲပြားသုပ် ကို တစ်ဖွန်းတီးပြီး သံပုရာသီးညှစ်ထားတဲ့ ရခိုင်ခြောက်လေး ငါးခြောက်ကောင်ကို ကောက်ဝါး၏။

သူစားသောအမြည်းအတွက် ကျွန်တော် ငွေရေးကြေးရေးအရ နှမြောစရာဘာမှမရှိပါ။ သို့သော်လည်း သူလက်ရဲဇက်ရဲနိုင်ခြင်းအတွက်တော့ (ကိုယ်နှင့်လည်း ရင်းနှီးသူမဟုတ်၍) စိတ်ထဲမှာ မကျေမနပ်ဖြစ်မိကြောင်း ဝန်ခံပါသည်။

BURMESE CLASSIC

"မညာပါဘူး. . . "

"ညာတယ်ဆရာ၊ ဆရာညာတယ်. . . ဆရာ့လိုလူမျိုး ဒီဆိုင်ကိုလာထိုင်တာကို ကျွန်တော်က ဂုဏ်ယူနေတာ၊ ဆရာ့ ဌာနမှာလည်း ကျွန်တော်မလုပ်ပါဘူးဆရာ၊ ဆရာက အဲဒီဌာနကိုပြောလို့လဲ ကျွန်တော်ကလာပြီး ကျွန်တော်နဲ့ အရက်သောက်ဖက်ပါလို့ မပြောပါဘူးဆရာ၊ အဲဒါစိတ်ချပါ၊ ဒီမှာ ထွန်းဝင်းတဲ့ကွ၊ ဆရာ့ကိုလေးစားလို့ပြောနေတာ၊ ဆရာ ကျွန်တော့်ကို မယုံကြည်လို့ညာနေတာ . . . ဆရာညာတယ်"





သူက ဒေါသတကြီးပြောနေသဖြင့် နံဘေးနားက ခုံတွင် "ကစ်" နေကြသောလူများက ဝိုင်း၍ကြည့်ကြပြီဖြစ်သောကြောင့် အခြေအနေက ဆိုးနေပြီဖြစ်ကြောင်း ကျွန်တော်နားလည်လိုက်သည်နှင့် ကျွန်တော်လည်း ရှေ့မှာရှိသော ဘီအီးတစ်ခွက်ကို ရေပင်မရောတော့ဘဲ "ကစ်" ပစ်လိုက်ပြီး ပဲပြားသုပ်တစ်ဖွန်းကို ကောက်ဝါးရင်း "ထွန်းဝင်း"ဆိုသောလူကို ကြည့်လိုက်သည်။

သူကလည်း "ထွန်းဝင်း" ငါကလည်း "ရဲဝင်း" ဘာကြောက်စရာရှိသလဲဟု ကိုယ့်ကိုယ်ကို စကားပြောရင်း ပုလင်းနဲ့ပဲ ကောက်ရိုက်ရမလား။ နံဘေးနားက သစ်သားခွေးခြေနဲ့ပဲ ဆော်လိုက်ရမလားဟု စဉ်းစားရင်း နောက်ဆုံးတော့ အကြမ်းနည်းသုံးလျှင် ကျွန်တော့်ဗလနှင့် မဖြစ်ဆိုတာကို တွေးမိသည့်အပြင် ကျွန်တော်က တီးလိုက်သည်ထားဦး။ ပြဿနာတက်လျှင် ကျွန်တော်လုပ်နေသော အလုပ်နှင့်လည်း မသင့်တော်သည့်အတွက် ထို"ငတိ"ကို အနုနည်းနှင့်သာ ပညာပေးရန် ဆုံးဖြတ်လိုက်ပါသည်။

"ကိုထွန်းဝင်းရယ် အကျယ်ကြီးမအော်ပါနဲ့၊ ကျွန်တော်က လူ သိမခံချင်လို့ပါ"

ကျွန်တော်က ချိုချိုသာသာပြောသည့်အခါတွင် သူ့မျက်နှာက ပြောင်း၍သွားသဖြင့် ကျွန်တော့်အကြံအောင်ပြီဟု သိလိုက်ရသည်။

"ဆရာကညာတာကိုး ဆရာရဲ့၊ ဆရာ့ခါးမှာ ဟမ်းဖုန်းတွေ့ကတည်းက ဆရာဟာ အရာရှိဆိုတာ ဒီကောင်သိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မှားပါတယ်" ဟုပဲ ပြောရမလိုဖြစ်သွားသည်။

"ဟမ်းဖုန်း" ပါလျှင် အရာရှိဟုထင်နေသည့် ဒီငတိကို ဘယ်လိုလုပ်ရမလဲဟု ဇာတ်ညွှန်းခွဲကြည့်လိုက်တော့ အဖြေပေါ်၍ သွား၏။

"ထားပါတော့ဗျာ. . . ကိုထွန်းဝင်းနဲ့ ကျွန်တော်တို့ အတူတူကစ်ကြပေါ့။ ဟော့. . . အီတူးလာစမ်း"

ကျွန်တော်တို့ဝိုင်းကို စိတ်ဝင်စားနေကြသဖြင့် လူတွေက ဝိုင်းကြည့်နေသည့်အတွက်ကြောင့် ကျွန်တော်က ခေါ်သောအခါ "အီတူး"ဆိုသော စားပွဲထိုးကလေးက ချက်ချင်းပင်ရောက်လာသည်။ အီတူးသည် ကျွန်တော့်ကို စာရေးဆရာမှန်းသိပါသည်။

"ဘာလိုလဲ. . . ဆရာ"

"ဘာအမြည်းတွေရှိလဲ"

"ဟာ. . . ဒီနေ့တော့ အစုံဆုံးပဲဆရာ၊ ဝက်နံရိုးကြော်ပါရှိတယ်"

"ဟေ. . . ဟုတ်လို့လားကွ"

"ဆရာကလည်း ကျွန်တော်ကညာရမှာလား၊ ကြွပ်ကြွပ်ကလေးကြော်ထားတာ၊ မယုံရင်ဆရာလိုက်ကြည့်"

"အေး. . . ကိုထွန်းဝင်း ဝက်နံရိုးကြော် လိုက်ကြည့်လိုက်ဦးမယ်"

"OK ... OK "

တစ်ဆိုင်လုံးကလူတွေက ဝိုင်းကြည့်နေသည့်အချိန်တွင်





သူ့ ကို လေးလေးစားစားနှင့် စကားပြောသည့်အတွက် သူ ကျေနပ်ပြီး ခုံတွင်ကျန်ရစ်ခဲ့သည်။

"အီတူး"

"ဗျာ"

"ဘီအီးတစ်ပိုင်းကို အဲဒီလူဘက်ကိုချပေး၊ ငါ့အတွက်ကတော့ ရေပဲထည့်ခဲ့"

"ဗျာ"

"မင်းကလည်းကွာ၊ ငါပြောတာကို သဘောမပေါက်ဘူးလား၊ ငါ့အတွက်က ရေပဲထည့်၊ သူ့ကို ဘီအီးတစ်ပိုင်းထည့်၊ မင်းတို့စပါကလင်ပုလင်းနဲ့ပဲ ထည့်ပေးတာမဟုတ်ဘူးလား"

"ဟုတ်တယ်. . . ဆရာ"

"အေး. . ဒါဆိုပြီးရောပေါ့ကွာ၊ ငါက ရေပဲသောက်မှာ၊ ငါ့အတွက် တစ်ပိုင်းပုလင်းထဲမှာ ရေပဲထည့်ခဲ့၊ သူ့ကိုအရက်ထည့်"

"ဘယ်လိုဖြစ်တာလဲ ဆရာ"

"သူမူးသွားမှ ဖြစ်မှာမို့လို့ပေါ့ကွာ"

"နားမလည်ဘူး ဆရာ"

"နားမလည်လည်း ငါခိုင်းတဲ့အတိုင်းပဲလုပ် အီတူး၊ ငါကတစ်ပိုင်းစီလို့မှာလိုက်ရင်၊ ငါ့ပုလင်းထဲကို ရေပဲထည့်ပေး၊ သူ့ပုလင်းကို အရက်ထည့်ပေး၊ ဟုတ်ပြီလား"

"ပိုက်ဆံရှင်းတော့ရော ဆရာ"

"ဟာ. . . ရေဖိုးကိုလည်း အရက်ဖိုးနဲ့ အတူတူရှင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ"

"ကျွန်တော်သဘောပေါက်ပြီဆရာ"

"အေး. . . နံရိုးကြော်လည်းယူလာခဲ့၊ ပြီးတော့ ကြက်ဥမွှေကြော်ကို ခရမ်းချဉ်သီးကလေးနဲ့ လုပ်ကွာ"

"ဟုတ်ကဲ့. . . ဆရာ"

ကျွန်တော်ပြန်ရောက်လာတော့ ထိုင်တီက စီးကရက်ကလေးတစ်လိပ်ကို ဖွာ၍နေသည်။ ကျွန်တော်က ရိုရိုသေသေဖြစ်ပြီး သူစားချင်တာတွေကို မှာပေးသည့်အတွက် သူ့ကိုယ်သူလည်း ဂုဏ်ယူနေဟန်တူပါသည်။ ဗိုင်းမှာရှိသည့် အမြည်းအတွက်တော့ တစ်ခုမျှမရှိတော့ပါ။

"ကျွန်တော် နံရိုးနဲ့ကြက်ဥမွှေကြော်မှာခဲ့တယ်"

"ဟာ. . . ဆရာရယ်"

ထိုအချိန်မှာပင် အီတူးက စပါကလင်အအေးပုလင်းဖြင့်ထည့်ထားသော ဘီအီးနှစ်ပုလင်းကို လာချသည်။ ကျွန်တော် အီတူးမျက်နှာကို ကြည့်လိုက်ကတည်းက အီတူးသည် ကျွန်တော်ခိုင်းသည့်အတိုင်း လုပ်လာပြီဖြစ်ကြောင်းကို သိလိုက်ရ၏။ ဝက်နံရိုးကြော်လည်းပါသည်။

"ကြက်ဥက ကြော်နေတုန်းဆရာ"

"အေး. . . ရပါတယ်ကွာ"

ကျွန်တော် အီတူးကိုစိုက်ကြည့်ပြီး ပြောလိုက်တော့ အီတူးက ပြုံးပြီး ထွက်မသွားခင် ကျွန်တော့်ကို မေးတစ်ချက် "ဆတ်"၍





ပြသွားသည်။

အမှန်တော့ အီတူးသည် ဒီဆိုင်ကလေးမှာ ကျွန်တော်နှင့်အခင်မင်ဆုံး စားပွဲထိုးကလေးဖြစ်သည်။ သူပျင်းသည့် နေ့လည်ခင်းများ (အရက်ဆိုင်များသည် နေ့လည်ခင်းတွင် အရောင်းပါးလေ့ရှိသည်) တွင် ကျွန်တော့်အိမ်သို့လာပြီး ဗီဒီယိုတွေဘာတွေ ကြည့်တတ်သည်။ ဒီကောင်ကပါးနပ်သည်။ ယုံကြည်စိတ်ချရသည်။ ဒီလောက်ဆိုလျှင်. . . သူ ဘာလုပ်ရမလဲဆိုတာကို သူသိပြီးဖြစ်သည်။

"ကဲ. . . ကိုထွန်းဝင်း ချီးယားဗျာ"

ကျွန်တော်က ပြောပြီးသည်နှင့် အရှေ့မှ ပုလင်းထဲကအရက်ကို ကျွန်တော်ရှေ့တွင်ရှိသောခွက်ထဲသို့ လက်ငါးလုံးခန့်ထည့်ပြီး ရေချိုင့်ထဲမှရေနှင့် ဖန်(လ်)ခွက်အပြည့်ရောပြီး တစ်ရှိန်ထိုးမော့လိုက်သည်။

ရေကိုရေနှင့်ပင် ရောသောက်ရသဖြင့် ကျွန်တော် ဘာမှမဖြစ်။ မျက်နှာလည်း တစ်ချက်မျှမရှုံ့။ ပြီးတော့ ဟန်လုပ်သဏ္ဍာန်ရုပ်နှင့်တူအောင် ရှေ့ကနံရိုးကြော်ကို ကိုက်ပစ်လိုက်သေး၏။

ဒီတော့ သူကလည်း သူ့ခွက်ထဲသို့ ကျွန်တော်ထည့်သလောက် လိုက်၍ထည့်ပါသည်။

အရက်သောက်သူတို့မည်သည် အရက်ကို မိန်းမပိုးသလိုပိုးကြတတ်မှန်း ကျွန်တော်သိပါသည်။

သူက ဒီလိုပိုးလျှင် သူ့ထက်သာအောင် ငါက ဘယ်လိုပိုးလိုက်မည်ဟု စိတ်ကူးထားသော ကာလသားတို့၏ဉာဉ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရုတ်သမားများ၏စိတ်တွင်လည်း သူက ဒီလောက်သောက်လျှင် ငါက သူ့ထက်သာအောင် သောက်လိုက်မည်ဟူသောစိတ်သည် (မခံချင်၍) ရှိစမြဲဖြစ်ပါသည်။

ထို့ကြောင့် ကိုထွန်းဝင်းဆိုသောငတိသည် ကျွန်တော့်ထက် အရက်ကိုများအောင်ထည့်ပြီး ရေနည်းနည်းရောစ၍ ကျွန်တော် သောက်သလိုပင် တစ်ရှိန်ထိုး မော့ချလိုက်သည့်အခါ သူ့မျက်နှာရှုံ့ သွားသည်ကို တွေ့ရသဖြင့် အီတူး တော်ပါပေသည်ဟု ကျွန်တော် ဝမ်းသာရသည်။

"ခင်ဗျားလည်း တော်တော်တစ်နိုင်တာပဲနော်"

ထိုငတိ ရုတ်တရက် ပြန်စကားမပြောနိုင်ပါ။ အမြည်းကို လည်း ကောက်၍မတီးနိုင်ပါ။ ခွက်ကိုကိုင်ရင်း ခဏငြိမ်နေရသေး သဖြင့် အတော်ထိသွားပြီဆိုတာကို ကျွန်တော်နားလည်လိုက်ပြီး ရှေ့မှာရှိနေသည့် ကျွန်တော့်ခွက်ထဲသို့ ပုလင်းထဲကရေတွေကို ထည့် လိုက်သည်။ ပြီးတော့ ရေကို ရေနှင့်ရောကာ တစ်ရှိန်ထိုး မော့ချ ပစ်လိုက်၏။

ပြီးတော့ ဝက်နံရိုးတစ်ခုကို ရေနှင့်မြည်းရသည်။

သူက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ် ရင်း နောက်ထပ်တစ်ခွက်ကို တစ်ရှိန်ထိုး ကစ်လိုက်ပြန်သည်။

"ဆရာက ဘယ်ဌာနကလဲ"

"မိလ္လာဌာနကပါ"

"ဟုတ်လို့လားဆရာရယ်"





"ကိုယ့်ဆရာကလည်း ကိုယ့်ဆရာကိုလိမ်လို့ ကျွန်တော် ပိုက်ဆံရမှာမှမဟုတ်တာ၊ ဘာလိမ်စရာရှိလို့လဲ"

"မိလ္လာဆိုတော့. . . အီအီးဌာနပေါ့"

"ဒါပေါ့"

သူနှင့်ကျွန်တော် ပြိုင်တူရယ်နေကြတုန်း အီတူးက ကြက်ဥ မွှေကြော်လာချပေးသဖြင့် ကျွန်တော်က အီတူးကို စိုက်ကြည့်ရင်း ပြောရသည်။

"ကဲ. . . အီတူးရေ. . . ခုနကအတိုင်းပဲ တစ်ပိုင်းစီပေး"

"ဟုတ်ကဲ့. . . ဆရာ"

"တစ်လုံးပဲမှာလိုက်ပါဗျာ၊ အတူတူသောက်တာပေါ့"

"အာ. . . မလုပ်ပါနဲ့၊ ကိုယ့်ပုလင်းနဲ့ကိုယ်ဆိုတော့ ကိုယ့် လစ်မစ်ကို ကိုယ်ထိန်းလို့ရတာပေါ့၊ အီတူး ခုနကအတိုင်းပဲ"

"ဟုတ်ကဲ့. . . ဆရာ"

အဲဒီတစ်ပိုင်းမှာလည်း ကျွန်တော်ကတော့ ရေကိုရေနဲ့ ရောသောက်ပြီး ကြက်ဥမွှေကြော်ကလေးစားလိုက်၊ ဝက်နံရိုးကြော် ကလေးစားလိုက်နဲ့ ရှုံးတော့ သုံးခါလောက်ပေါက်ရပါ၏။ ဟို. . . ငတိကတော့ ခေါင်းကြီးစိုက်၍နေပြီဖြစ်သည်။

"အီတူးရေ နောက်တစ်ပိုင်းစီ"

"ကျွန်တော်မရတော့ဘူးဆရာ၊ ဆရာက အရမ်းသောက် နိုင်တာပဲနော်. . . ဆရာညာတယ်"

"မညာပါဘူးဗျာ. . . သောက်နေကျလစ်မစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညာပါတယ်. . . ဆရာညာတယ်"

"ကဲ. . . အီတူးရေ ငါတို့ကို Rum နှစ်ပက်စစ်စစ်ကလေး တစ်ကယ်ပေးစမ်းပါကွာ"

ရောက်လာသော Rum နှစ်ပက်ကို ကျွန်တော် ရေနည်း နည်းနှင့်ရော၍ တစ်ကယ်ကိုတီးပစ်လိုက်ပါသည်။ ဟိုင်တီကလည်း ခေါင်းစိုက်နေရာမှ မခံချင်စိတ်နှင့် သူ့ရှေ့မှာရှိသည့် ခွက်ထဲက Rum တွေကို ရေနည်းနည်းကလေးပဲရောပြီး ကစ်ပစ်လိုက်သည်။ ထို Rum တွေ ကုန်သွားသည်နှင့် သူသည် ကျွန်တော့်ကို မျက်လုံး ရွှဲကြီးများနှင့်ကြည့်ရင်း ခုံပေါ်မှ လဲကျသွားလေသတည်း. . .။

■






"နှစ်ခု"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် စကားပြောခြင်းနှင့်ပတ်သက်၍ "နှစ်မျိုး" သာရှိသည်ဟု ကျွန်တော်ထင်ပါသည်။

ပထမတစ်မျိုးက လူသည် အခြားလူ၊ တိရိစ္ဆာန်၊ သစ်ပင်၊ ပန်းပွင့်၊ စားစရာ၊ ဘော(လ်)ပင်၊ လုံချည်၊ အင်္ကျီ စသည့်ကိစ္စများ မြောင်လှစွာသောအကြောင်းများကို တစ်ခြားတစ်ယောက်နှင့် စကားပြောခြင်း ဖြစ်၏။

လူသည် တစ်ခြားတစ်ယောက်ကို စကားပြောခွင့်မရလျှင် (သို့မဟုတ်) မိမိက မပြောချင်တော့လျှင် ကိုယ့်ကိုယ်ကို စကားပြောတတ်သော သတ္တဝါသာဖြစ်ပါသည်။

ကျွန်တော်ဆိုလိုချင်သည်က လူသည် တစ်ခုခုကို စကားမပြောရလျှင် ကိုယ့်ကိုယ်ကို စကားပြောနေရသော သတ္တဝါဖြစ်





သည်ဟု ဆိုလိုချင်တာပဲ ဖြစ်ပါသည်။

ကျွန်တော်လည်း လူ့ငတိကလေးတစ်ယောက်ဖြစ်သည့်အတွက် ထိုအတိုင်းပင် "စကား"ပြောခြင်းနှင့်ပတ်သက်၍ ရင်ဆိုင်ခဲ့ရပါသည်။

"စကား"ပြောခြင်းနှင့်ပတ်သက်၍ ကျွန်တော်ရေးချင်သမျှ ရေးရပါဦးမည်။

ကလေးလေးတွေ တစ်နှစ်လောက်ရောက်သည့်အခါတွင် လူကြီးတွေ အမေနှင့်အဖေတွေက စကားပြောသင်ကြတာကို လူတိုင်း တွေ့ဖူးကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

မည်သည့်ကလေးပင်ဖြစ်စေ စကားစသင်ရာတွင် ပထမ one step "တစ်လုံးတည်း" ကိုသာရ၏။ ဥပမာ "မေ" "ဖေ" "စား" ဒါမျိုး ဖြစ်သည်။ တစ်နှစ်ကျော်သွားသည့်အခါကျတော့ Two Step နှစ်လုံးပြော ဖြစ်သွား၏။ "မေမေ" "ဖေဖေ" "သားသား" "သွားသွား" "စားစား" ဟု ကလေးကပြောလာပြီဖြစ်သည့်အတွက် မိဘတွေရော အဖိုးအဖွားတွေရော ဝမ်းသာကြသည်။

ကျွန်တော့်သား တော်ကီမင်းတုန်းက two step ကို စသည့်အချိန်တွင် သူများကလေးတွေလို "ဖေဖေ" "မေမေ" မခေါ်ဘဲ "အိပြု" "ဂျန်ဘစ်" ဆိုသော စကားနှင့် two step ကို ဒီငတိက စခဲ့သည်။

ကျွန်တော်သည် "ဒီကောင် ဘယ်လိုစကားတတ်မလဲ"ဆိုတာကို စိတ်ဝင်စားခဲ့ဖူးသည်။

www.burmeseclassic.com



အမှန်တော့ "စကား"ဆိုသည်မှာ ကြားတာကိုမှတ်ထားပြီး ထို အတိုင်း ပြန်ပြောတတ်ခြင်းသာဖြစ်သည်ဆိုတာကို ကျွန်တော် ကောင်းကောင်းကြီးသဘောပေါက်၍ သွားပါသည်။

တရုတ်ကလေးလေးတွေက တရုတ်လိုတတ်မည်။ ကုလား ကလေးလေးတွေက ကုလားလိုတတ်မည်။ အင်္ဂလိပ်ကလေးလေး၊ ဂျာမန်၊ ပိုလန်၊ ဩစတေးလျ၊ လစ်သူနေးရီးယား၊ အီဂျစ်၊ ရောမ၊ ပြင်သစ်၊ ဂျပန်၊ အင်ဒို နီးရှား၊ အိန္ဒိယ၊ ပါကစ္စတန် . . . အားလုံး သောကလေးတို့သည် သူတို့ မိခင်ဘာသာစကားကို သူတို့ အော်တို မစ်တစ် အသံကိုနားထောင်ရင်း တတ်ကြပါသည်။

ယခု ကျွန်တော့်သားသည်လည်း မြန်မာစကားကို မည် သည့်သင်တန်းကျောင်းတွင်မှ မသင်ရပါဘဲ နှစ်နှစ်ကျော်သော အခါ Expert ဖြစ်၍သွား၏။

ဒီငတိသည် လူများကိုလည်း "စကား" ပြောတတ်ပြီးဖြစ် သွားသလို သူ့ကိုယ်သူလည်း "စကား"ပြောတတ်ပြီဟု ကျွန်တော် သဘောပေါက်ပါသည်။

ကိုယ့်ကိုယ်ကိုပြောရသောစကားသည် ဆိုးသည်ဖြစ်စေ၊ ယုတ်ညံ့သည်ဖြစ်စေ၊ မွန်မြတ်ပြီး အထက်တန်းကျသည်ဖြစ်စေ၊ ပျော်စရာကောင်းသည်ဖြစ်စေ၊ ဖြူစင်သည်ဖြစ်စေ၊ ကြောက်စရာ ကောင်းသည်ဖြစ်စေ၊ မဟုတ်ကဟုတ်ကပဲဖြစ်စေ. . . ဘာပဲဖြစ်စေ ဖြစ်စေ မည်သူမျှ မကြားရသည့်အတွက် ဘာပြဿနာမျှမရှိနိုင်ပါ။

သို့သော် တစ်ခြားလူကိုပြောရသော "စကား"ကျတော့





စကားလုံး၊ အဓိပ္ပါယ်၊ ရည်ရွယ်ချက်. . . စသည်တို့ကို သတိတကြီး နှင့် ပြောရလေ့ရှိပါသည်။

ကျွန်တော့်ဘဝတွင် စကားပြောမှားခဲ့သဖြင့် သူငယ်ချင်း နှစ်ယောက် ဆုံးရှုံးခဲ့ရဘူးသည်။ ဒုတိယအကြိမ် စကားပြောမှား တော့ တရားရုံးသို့ ရောက်သွား၏။ တတိယအကြိမ်စကားပြောမှား တော့ ကျွန်တော့် ငယ်ကလောင်ကလေးပါသွားသည်။ ကျွန်တော် လူတွေနှင့် စကားပြောရာတွင် ယနေ့အထိ ညံ့ဆဲဖြစ်ကြောင်း ကိုယ့် ကိုယ်ကို ခေါင်းလောင်းထိုးလိုက်ရပါသည်။

သို့ရာတွင် စကားပြောရာ၌ စည်းမရှိ၊ ဝါးမရှိ၊ လွတ်လွတ် လပ်လပ်ကြီးပြော၍ရသော လူများလည်း လူ့ဘဝတွင် ရှိပါသေး သည်။

လူသည် လောဘ၊ ဒေါသ၊ မာန်မာနနှင့် စကားပြောမည်။ မေတ္တာ စေတနာနှင့် ပျော်ပျော်ရွှင်ရွှင်စကားပြောမည်။ ကိုယ့်တစ် ကိုယ်တည်းကျတော့ ပြောချင်သလိုပြောမည်။ ကျွန်တော်တို့ စာရေး ဆရာဆိုသည်က တစ်ကိုယ်တည်း စကားပြောနေကျလူမျိုး ဖြစ် သည်။

ကျွန်တော်သည် အခြားလူများစွာထက် ကိုယ့်ကိုယ်ကို တော်တော်လေး နှစ်ပေါင်းများစွာ စကားပြောခဲ့သောလူတစ် ယောက်ဖြစ်သည်။ကိုယ့်ကိုယ်ကို စကားပြောရခြင်းသည် အန္တရာယ် အကင်းဆုံးဖြစ်ကြောင်းကိုလည်း ကျွန်တော် နားလည်ခဲ့ပါပြီ။

ဒါပေမယ့် လူဆိုတာက တစ်နေ့ကုန် နှုတ်ဆိတ်နေ၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိတာကိုတော့ ပြောရသည်။ ပြီးတော့ ကိုယ့်ခံစားချက်ကလေးတွေ ကိုယ်စဉ်းစားထားတာကလေးတွေကိုလည်း ပြောချင်ကြသည်။ အဲဒီလို ဆိုလျှင်တော့ အထက်မှာရေးခဲ့ဖူးသလို စည်းလွတ်ဝါးလွတ် လွတ်လွတ်လပ်လပ်ကြီး ပြော၍ရသောလူများမှာ ငယ်သူငယ်ချင်းများပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ငယ်သူငယ်ချင်းများနှင့် "စကား" ပြောရန်ဆုံခဲ့သည်။ (မရ,ရအောင် ကြိုးစားပြီး ဆုံတွေ့ရခြင်းဖြစ်၏။)

"ဟေ့ကောင်. . . မင်းကိုယ်မင်း ဘာထင်နေသလဲ၊ ဟမ်းဖုန်းကလေးရှိတာနဲ့ ဟိုလူ့ကို ဆက်၊ ဒီလူ့ကိုလာပါနဲ့"

"မင်းက ငယ်ကျင့်မပျောက်တာ ငါဝမ်းသာတယ်ကွာ၊ ဟိုလူ့စောင်း၊ ဒီလူ့ရိစကားမျိုးကို မင်း အခုထိ ပြောတတ်တုန်းပဲ"

"ဟေ့ကောင်. . . ရော့ စီးကရက် ဗာဘယ်လိုနေ့ဘ်"

"ငါ. . . ဆေးလိပ်ဖြတ်လိုက်ပြီကွ"

"သောက်ရှူး"

"မရှူးဘူး သူငယ်ချင်း၊ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေပါသည်လို့ ရေးထားတာ မတွေ့ဘူးလား"

"စာရေးဆရာကလေးဖြစ်တာနဲ့ ငါတို့ကို သောက်ပိုတွေလာပြောမနေနဲ့၊ မင်းရေးတဲ့စာတွေ ငါဖတ်တာ တစ်ခုမှမကောင်းဘူး၊ ဘာတွေရေးမှန်းမသိဘူး၊ ငကြောင်ပဲ"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"အေး. . . မင်း စိုးစိုးဖြူအတွက် ရည်းစားစာကျတော့ ငါက ရေးပေးရတာပဲမဟုတ်လား ငအူရဲ့"

သူငယ်ချင်းတွေ အားလုံး ရယ်မောကြသည်။

ကျွန်တော်တို့သူငယ်ချင်းလေးယောက် ပြန်လည်ဆုံတွေ့ကြခြင်းဖြစ်ပြီး ပြောရသောစကားတွေက ပြောချင်တာပြောခွင့်ရှိသော စကားတွေဖြစ်နေသဖြင့် ကျွန်တော့်ရင်ထဲတွင် နှစ်ပေါင်းများစွာ ချုပ်တီးထားရသောအမောကြီး ပြေ၍သွား၏။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်က နိုင်ငံခြားမှာအလုပ်သွားလုပ်ပြီး ပြန်လာတာ မကြာသေးသောသူဖြစ်သည်။ (သူ့ကို A ဟုပင် ခေါ်ကြပါစို့၊ သူတို့က နာမည်အရင်းများကို ထည့်မရေးရန် မေတ္တာရပ်ခံထားသောကြောင့် ဖြစ်သည်။)

ဒုတိယတစ်ယောက်ကတော့ ကားပွဲစားဖြစ်နေပြီး ငွေရှိချောမော၊ တိုက်နှင့်ကားပါပါသော မိန်းမကို ရထားသူဖြစ်သဖြင့် ကျွန်တော်တို့လေးယောက်ထဲတွင် အဆူဖြိုးဆုံးလူတစ်ယောက်ဟု ဆိုနိုင်ပါသည်။ သို့သော် သူသည် ကျွန်တော်တို့သူငယ်ချင်းလေးယောက်ထဲတွင် ရုပ်အဆိုးဆုံးဖြစ်သည်။ ကျွန်တော်လည်း ရုပ်မလှပါ။ သို့သော် သူက ကျွန်တော့်ထက် ပိုရုပ်ဆိုး၏။

သို့သော် သူမိန်းမရတော့ ကျွန်တော်ရသောမိန်းမထက် ပို၍ ချောသော၊ ထောသော မိန်းမကိုရ၏။ လူ့လောကတွင် "ကံ" သည် တော်တော်လေးကို ဆန်းကျယ်သည်ဟုပြောလျှင် ပြောနိုင်ပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတော့ B ဟု မှတ်ထားလိုက်ပါတော့။

တတိယတစ်ယောက်ကတော့ Y.E.S ဆိုတဲ့ အင်္ဂလိပ်စာသင်တဲ့ ကျောင်းမှာ ဆရာဒေ့ဖျောလင်းရဲ့ လက်အောက်က ကျောင်းဆရာတစ်ယောက်ပါ။ သူက စကားနည်းတယ်၊ အကြံကြီးတယ်၊ ဒေါသကြီးတယ်၊ မခံချင်စိတ်ကြီးတယ်၊ သူကကြီးလို့ရချင်တာတွေအားလုံး ကြီးချင်တဲ့ငတိပါ။

အဲဒီတော့ သူ့ထက်အသက်ကြီးတဲ့ မိန်းမနဲ့ အိမ်ထောင်ကျသွားသည်။

သူ့ကိုတော့ C လို့ပဲ မှတ်ထားလိုက်ပါခင်ဗျာ။

ကျွန်တော့်ကိုတော့ ကိုယ့်ဆရာတွေသိပြီးသားမို့ နာမည်ဂုဏ်တွေဘာတွေ ပေးနေစရာမလိုတော့ပါဟု ထင်ပါသည်။

ထိုနေ့က ကျွန်တော်တို့အားလုံး ကားပွဲစား၏အိမ်သို့ သူပွဲစားလုပ်နေပြီး ရောင်းမထွက်သောကားနှင့် ရောက်သွားကြသည်။

သူ့အိမ်ကိုရွေးချယ်ရခြင်းမှာ သူ့တွင် ကားရှိခြင်း၊ သူ့အိမ်က အခန်းဆယ့်နှစ်ခန်းပါသော တိုက်အိမ်(နှစ်ထပ်)ဖြစ်ခြင်း၊ KARAOKE စက်အကောင်းစားလည်းရှိပြီး အခန်းတစ်ခန်းတွင် ဆိုင်များမှာကဲ့သို့ စိတ်ကြိုက်ဟစ်နိုင်သည်ဟုဆိုခြင်း အပြန်ကိုလည်း လိုက်ပို့ပေးပါမည်ဟု ကတိကဝတ်စကားကို ဆိုခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ သူ့အိမ်ကိုရောက်သွားတော့ သူ့ကတိစကားအတိုင်း ညီပါပေသည်။ ကျွန်တော်တို့ကို ကာရာအိုကေထည့်ပေးပြီး





ဖန်(လ်)ခွက်၊ ရေခဲ၊ အမြည်း စသည်တို့ကို စီစဉ်ရန် အိမ်ဖော်ကောင်မလေးသုံးယောက်ကို ငတိက ဆရာကြီးအထာနှင့် အမိန့်ပေးပြီး သူ့ဇနီးလက်ကိုဆွဲရင်း ကျွန်တော်တို့အခန်းထဲသို့ ဝင်လာ၏။ သူ့ခယ်မကလေးများကလည်း ကျွန်တော်တို့လိုအပ်သမျှကို ရှိုရှိုသေသေပင် ဧည့်ဝတ်ပြုကြသည်။

"သူငယ်ချင်းတို့ ဒါ. . . ငါ့မိန်းမပဲ၊ မင်းတို့ကို ရေခဲလာပေးတာက ခယ်မကလေးတွေ"

ကျွန်တော်တို့အသံမထွက်ဘဲ ခေါင်းကိုသာ ညိတ်ပြကြ၏။ ခယ်မကလေးတွေဆိုသဖြင့် နည်းနည်းတော့ စိတ်ဝင်စားသွားကြသော်လည်း သူတို့က ရှိသေလွန်းသဖြင့် ခပ်တည်တည်နေကြရ၏။

"မိန်းမ. . . ဒါ မောင့်ငယ်သူငယ်ချင်းတွေ၊ ဒီကောင်က နာမည်ကြီးစာရေးဆရာ နီကိုရဲတဲ့"

သူ့မိန်းမက အသံတိတ်ပင် ခေါင်းကိုညိတ်၍ပြသည်။ သူက တစ်ခုပိုတာက အပြုံးကလေးဖြင့် ခေါင်းကိုညိတ်ခြင်းဖြစ်သော်လည်း သူ ကျွန်တော့်စာအုပ်ကို တစ်အုပ်မှ ဖတ်ဖူးဟန်မတူပါ။ ဟိုငတိ၏ ခယ်မကလေးတွေက ဖန်(လ်)ခွက်တွေပုလင်းတွေကို သေသေချာချာကြီးကို လုပ်ပေးနေသည်။ ကျွန်တော့်စာအုပ်ကို မဖတ်ဖူးသဖြင့် ငတိဇနီး ဒုက္ခတွေ့နေပုံရသည်။ သူတင်မဟုတ်ပါ။ ကျွန်တော့်သူငယ်ချင်း B ကလည်း ကျွန်တော်ရေးသောစာအုပ်တစ်အုပ်ကိုမှ မဖတ်ဘူးပါ။ သူငယ်ချင်းဆိုတော့ အကြောင်းသိမို့ "သောက်ထင်ကြီးစရာမရှိပါဘူး" ဆိုပြီး မဖတ်တာလည်းဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူငယ်ချင်းဆိုတာ အချင်းချင်း အထင်ကြီးလေ့မရှိတတ်ပါ။ ထို့အတွက် ကျွန်တော်ဝမ်းမနည်းပါ။

ကျွန်တော့်ကို အထင်တကြီးနှင့် ဖုန်းတွေဘာတွေဆက်ပြီး အိမ်ကို ခက်ခက်ခဲခဲရှာ၍ မောကြီးပန်းကြီးနှင့် ရောက်လာ၍ အင်တာဗျူးသော လူများလည်း ကျွန်တော့်စာအုပ်များကို မဖတ်ဖူးကြဘဲ "စာပေလောကကို ဘယ်အချိန်က စ,ရောက်ခဲ့တာလဲဆရာ" ဆိုသော စကားနှင့်စကာ "ဆရာ အခု လုံးချင်းဘယ်နှစ်အုပ်ထွက်ပြီးပြီလဲ" ဆိုသော ဒုတိယစကားကို ဆိုတတ်ကြသဖြင့် ကျွန်တော့် သူငယ်ချင်းနှင့် သူ့ဇနီးက ကျွန်တော့်ကိုမသိရှိခြင်းကို ဂုဏ်ယူဝံ့ကြွားစွာပင် ရေးလိုက်ရပါသည်။ (သူ့ခယ်မကလေးများကတော့ တစ်အုပ်တစ်လေ ဖတ်မိလိမ့်မည်ဟု ထင်ပါသည်။)

"ဒီကောင်က နာမည်ကြီးနော်မိန်းမ၊ ငါတို့ ဒီနေ့ နည်းနည်းတော့ချမယ်၊ ဒီကောင့်အတွက်ဆိုပါတော့ကွာ"

"ဘာလုပ်ပေးရမလဲ၊ မောင်လိုတာကို ပြောလေ"

"ရေခဲရယ်၊ ဆော်ဒါရယ်၊ ပြီးတော့ မောင် ဘဲကင်ဝယ်လာတယ်၊ ပြန်ကြော်လိုက်၊ ပြီးရင် တစ်ဝက်ကို ဒီလာပေး၊ လက်ဖက်သုပ်ကွာ၊ ဂေါ်ဖီထုပ်တွေမထည့်နဲ့၊ အဖိုးကြီးသုပ်ပဲသုပ်"

"ပဲခြမ်းသုပ်ရော"

"အေး. . . ကောင်းတာပေါ့ကွာ၊ ရှောက်သီးနဲ့မသုပ်နဲ့၊ သံပုရာသီးနဲ့သုပ်"

"ဟုတ်ကဲ့"





B ရဲ့မိန်းမကလေးက ဂျပန်ဂေးရှားမယ်ကလေးတွေလို ရိုရိုသေသေနဲ့ ကျွန်တော်တို့ရှေ့ကထွက်သွား၏။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် တစ်ယောက်နှင့်တစ်ယောက် မျက်ဝန်းခြင်းဆုံအောင် ကြည့်ဖြစ်လိုက်ကြသည်။ ခယ်မတွေကလည်းရိုသေ၊ မယားကလည်းရိုသေဆိုတော့ ကျွန်တော်တို့ပါ သူ့ကို ရိုသေရမလိုဖြစ်နေသည်။

"ပုလင်းဖွင့်တော့လေကွာ၊ မင်းတို့ကလည်း. . ."

B က သူ့မိန်းမကိုပြောသော မျက်နှာပေးနှင့်ပင် ကျွန်တော်တို့ကိုပြောရင်း Air-con ခလုတ်ကိုဖွင့်လိုက်သည်။ သူ့အိမ်မို့ ကျွန်တော်တို့တစ်တွေ ဘာမျှထပ်မပြောတော့ဘဲ သူငွေစိုက်ထုတ်၍ဝယ်လာသော JOHNNY WALKER ပုလင်းကို ဖွင့်လိုက်ကြသည်။ ဒီကောင်က အဲယားကွန်းကို တောင်လုပ်မြောက်လုပ်နှင့် အလုပ်ရှုပ်၍နေ၏။

"ငါတော့ ဒီကောင့်ကို ဆွဲထိုးချင်နေပြီ"

"သူ့မိန်းမကလေးက ချောလို့လား"

"ခွီးပဲ. . . ဒီကောင်က ငါတို့ကို ရင့်နေတာ မင်းမတွေ့ဘူးလား ရဲဝင်းရဲ့၊ စာရေးဆရာဆိုပြီး တုံးလှချည်လား"

"သိတာပေါ့၊ အရက်သောက်ပါစေဦးကွာ၊ မင်းတို့ကလည်း ဒီကောင့်ကို မူးအောင်တိုက်ရမယ်၊ ပြီးရင် ငါ့တာဝန်ထားကွာ၊ ဒီကောင် ဘာလဲဆိုတာ ငါသိပါတယ်"

ကျွန်တော့်"စကား"ဆုံးတော့ ကျန်သည့်သူငယ်ချင်းနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အချင်းချင်းကြည့်လိုက်ကြသည်။ သဘောကတော့ ကျွန်တော်ရွေးချယ်သော နည်းကို သဘောတူမတူဆိုတာပဲဖြစ်၏။

"OK မင်း ဘာလုပ်မှာလဲ"

"ဒီကောင့်ကို အရက်မူးအောင်တိုက်မယ်ကွာ၊ ပြီးတော့ စကားပြောခိုင်းမယ်၊ ဒီလောက်ပါပဲ"

ထိုအချိန်တွင် B ပြန်ရောက်လာသဖြင့် A နှင့် C တို့ ဟန် မပျက်ပင်နေလိုက်ကြသည်။ ကျွန်တော်က JOHNNY ကို အသေအချာကြီးထည့်ပြီး ဆော်ဒါနှင့်ရောပစ်လိုက်သည်။ B ၏ ခွက်ကို ပို၍ များများထည့်ထားပါသည်။

"ကဲ. . . တို့သူငယ်ချင်းတွေ ပြန်လည်ဆုံတွေ့မှုအမှတ်တရအနေနဲ့ ချီးယား"

ကျွန်တော်တို့ ဖန်(လ်)ခွက်ချင်းထိခတ်ပြီးသည့်နောက် ကျွန် တော်က စ,၍ လက်ထဲမှာရှိသော ဖန်(လ်)ခွက်ထဲကအရက်ကို တစ်ရှိန်ထိုး ကစ်ပစ်လိုက်သည်။ ဒီတော့ ဘေးမှာရှိနေသော "A" "B" "C" တို့ကလည်း ငယ်သူငယ်ချင်း ဒီလိုလုပ်ပြတာကို မခံချင်စိတ်နှင့် သူတို့လည်း တစ်ရှိန်ထိုးကစ်ပစ်လိုက်ကြ၏။

သူတို့ဖန်(လ်)ခွက်တွေချသည်နှင့် ကျွန်တော်က နောက်ထပ်အရက်ကို ငှဲ့လေပြီ။ ကျွန်တော်က စာပေလောကမှာ (စာအုပ်ရောင်းသောဆိုင်မဟုတ်)၊ ရုပ်ရှင်လောကမှာ တစ်ကယ်သောက်သော အရက် ဘီလူး၊ သရဲ၊ မှင်စာ၊ အဓိပတိများနှင့် နှံ့ခဲ့ဘူးသဖြင့် ဒီကောင်တွေလောက်ကိုတော့ အပျင်းပြေသဘောထားပါသည်။





"အမြည်းလာမှလေကွာ. . ."

"ထည့်ထားတာပဲ"

"မင်းက သောက်ရူး၊ ငယ်ငယ်တုန်းကအကျင့်ကို မဖျောက်ဘူး၊ ဟော့ကောင် C တို့ ညနေ ကျောင်းဆင်းရင် ကန်တဲ့ ရာဘာဘောလုံးကို ဒီကောင် ဖွက်ထားတာမှတ်မိလား"

B မေးသည့်စကားကို C က ခေါင်းတညိတ်ညိတ်နှင့် ပြုံး၍သာနေသည်။ ဘာမှတော့ ပြန်မပြော။

"သိမ့်သိမ့်ခိုင်ရဲ့ ကွန်ပါဘူးနောက်ကျောမှာ ဒီကောင်က ရည်းစားစာကပ်ပေးလိုက်တဲ့ ကိစ္စတုန်းကရော"

A ကမေးသည်။

B ကဖြေသည်။

"ဒီကောင်က အဲဒီကတည်းက သောက်ကျင့်မကောင်းတာပါကွာ၊ ရေးတုန်းက သူရေးပြီး အောက်ကနာမည်ကျတော့ ကျော်ထွေးလို့ရေးတယ်၊ ဟိုကောင် အတီးခံရတာပေါ့။ ဟော့ကောင်. . . မင်း အခု ဝတ္ထုတွေ၊ ဇာတ်ညွှန်းတွေရေးပြီးရင် ကျော်ထွေးလို့တပ်ပါလား၊ ဘာဖြစ်လို့ မင်းနာမည်ကို မင်းကတပ်နေရတာလဲ"

သူငယ်ချင်းလေးယောက်စလုံး အားရပါးရရယ်လိုက်ကြသည်။ ထိုသို့ ရယ်သောအသံထဲတွင် ကျွန်တော့်အသံက အကျယ်ဆုံးဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် ငယ်သူငယ်ချင်းများနှင့် တွေ့သည့်အတွက် "ရင်ဘတ်ပွင့်" ၍သွား၏။ ပြောချင်သောစကားကို ပြော၍



www.burmeseclassic.com

www.burmeseclassic.com



ရပြီ၊ ငယ်ဘဝရနံ့ကလေးကိုလည်း ပြန်၍ရပြီ။ ဂျော်နီလမ်းလျှောက်တလေးတလည်း ရှေ့မှာရှိနေပြီ။ အခုနေ ဖြဟ္မာ့ဘုံကို သွားမလားဆိုလျှင် ကျွန်တော်က ထူးအိမ်သင်၏ သီချင်းထဲကလို OH...No ဟုသာပြောဖြစ်မည်ဟု သေချာသည်။

"ငါအခုရေးတာလည်း ငါ့နာမည်မှမဟုတ်ဘဲ၊ နီကိုရဲလေ"

"မင်းနာမည်နဲ့မင်းရေးပါတယ်၊ ဘာလဲ၊ ငါမေ့နေပြီ"

"မသိတာပါ ခွေးကောင်ရာ"

"ဟိုဟာကွာ. . . ဟော့ကောင် C မင်းသိလား"

B ကမေးလိုက်တော့ C က တစ်ချက်စဉ်းစားသည်။ ဒီကောင်ကစကားပြောလျှင် တိတိကျကျဖြစ်မှကြိုက်သော သောက်ကျင့်ကလေးရှိ၏။ ကျွန်တော်သည် ဘာကြောင့်မှန်းမသိ ပျော်ပြီးမြူး၍လာ၏။

"တစ်နေ့စာအလွဲများလို့ ထင်တယ်"

"ဟုတ်တယ်. . . တစ်နေ့စာအလွဲများ"

"သောက်တလွဲ၊ အဲဒါက. . . ထူးအိမ်သင်ရဲ့ သီချင်းခွေကြီးကွ"

"ဟုတ်တယ်. . . မင်းတို့ပြောတာမှားတယ်၊ ဒီကောင်ရေးတာ နဂ္ဂတစ်တော့ပါတယ်၊ ငါမသိတော့ဘူး"

A က ဝင်ပြောတော့မှ ဟိုကောင်တွေငြိမ်၍သွားကြသည်။ ကံကောင်းသည်က ထိုအချိန်တွင် ဟိုကောင့်ခယ်မကလေးများ၏ အမြည်းတွေရောက်လာကြခြင်းပင်ဖြစ်၏။ ကျွန်တော်က





ပဲခြမ်းသုပ်ကို အရင်မြည်းကြည့်သည်။ ကြက်သွန်နီကို ပါးပါးကလေးလှီးပြီး ဆီရွှဲရွှဲဖြင့် ရောက်သီးညှစ်ထားသဖြင့် အရသာကလျှာဖျားမှာ နောက်တစ်ခွက်လာမလား၊ လာမလားဖြစ်နေသည်။ ဟိုကောင့်ခယ်မကလေးများကို ပြုံး၍ နှုတ်ဆက်လိုက်ရ၏။

ဒီတော့ ကျွန်တော် နောက်တစ်ခွက်ကို သူတို့ကိုထည့်မပေးတော့ဘဲ ကိုယ့်ဘာသာကိုယ်ပင် ခပ်ပြင်းပြင်းကလေး ဆော်ဒါနှင့်စပ်ပြီး ကစ်လိုက်၏။

ဒီတော့ သူတို့ကလည်း မခံချင်စိတ်နှင့် သူတို့ဘာသာသူတို့ထည့်ပြီး ကစ်ကြလေသည်။ခယ်မကလေးတွေလည်းသွားပြီ။ ကျွန်တော်တို့လည်း လွတ်လပ်သွားပြီဖြစ်သည်။

အသီးသီးကစ်ပြီးတော့ အမြည်းအကောင်းစားများကို စားကြ၏။ အမြည်းစားပြီးသည်နှင့် ကျွန်တော်က ဂျော်နီကို နောက်ထပ်စိန်ခေါ်လိုက်သည်။

အဲဒီတော့ သူတို့ကလည်း ဘယ်နေမှာလဲ။ ဂျော်နီကို လိုက်၍စိန်ခေါ်သည်။ အမြည်းစားသည်။ ထပ်စိန်ခေါ်သည်။ ထပ်စိန်ခေါ်သည်။ စိန်ခေါ်သည်။ စိန်ခေါ်သည်။

ဂျော်နီသည် တဖြည်းဖြည်း ပါး၍ပါး၍သွားပြီး ကျွန်တော်တို့ ပါးတွေနဖူးတွေက ထူ၍ထူ၍လာသည်။

"ဟော့ကောင် ရဲဝင်း၊ မင်းက ဘာဖြစ်လို့ စာရေးဆရာဖြစ်သွားရတာလဲ"

"မင်းတို့လို ငတိတွေနဲ့ သူငယ်ချင်းဖြစ်ရလို့ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



စကားအနည်းဆုံး C က သောက်စကားများလာပြီဖြစ်သည်။

"သောက်ရူး. . . မင်း. . . သီတာဦးကို မရလို့မဟုတ်လား"

"သွားသေလိုက်ပါလား၊ အဲဒီတုန်းက သီတာဦးကို မင်းလည်း ကြိုက်တာပဲမဟုတ်လား၊ တင်မောင်မြင့်လည်း ကြိုက်တယ်လေ"

"မင်းကို စာရေးဆရာဆိုလို့ ငါတို့က အထင်ကြီးမယ်လို့တော့ မထင်နဲ့လေ"

B ကဝင်ပြောတော့ ကျွန်တော့်စိတ်ထဲမှာ တော်တော်လေးဒေါသဖြစ်သွားသည်။ (အရက်၏အရှိန်ကြောင့်လည်း ဖြစ်နိုင်သည်)

"ဟေ့ကောင်. . . ငါက မင်းကို အထင်ကြီးခိုင်းနေလို့လား၊ အေး. . . ငါကလည်း အရက်ကောင်းကလေးတိုက်၊ မယားကောင်းကလေးရပြီး တိုက်ကောင်းကောင်းနဲ့နေရပေမယ့် သီချင်းတစ်ပုဒ်ကိုတောင် ကီးဝင်အောင်မဆိုတတ်တဲ့ အနုပညာရှားပါးတဲ့ မင်းလိုကောင်မျိုးကို သောက်ထင်လုံးဝမကြီးဘူးကွ"

"ဟေ့ကောင်တွေ. . . မင်းတို့တော်ကြတော့ကွာ"

"ရဲဝင်း. . . တော်တော့ကွာ၊ လူများအိမ်မှာ၊ B မင်းလည်း တော်တော့ကွာ၊ ကိုယ့်အိမ်မှာ"

C ပြောသောစကားသည် ဟုတ်သည်ရှိမဟုတ်သည်ရှိ၊ ကျွန်တော်တို့ကတော့ ငြိမ်ပြီးနေလိုက်ကြတော့သည်။ ကျွန်တော်က





ရှေ့က ဂျော်နီ့ကို လမ်းလျှောက်ခိုင်းဖို့ ပုလင်းကိုကိုင်သည်။ A က တား၏။

"ရဲဝင်း မင်းများနေပြီ"

"ကောင်းတာပေါ့ကွာ၊ များများသောက်၊ မြန်မြန်အိပ်၊ နောက်ကျမှနိုး၊ သူခိုး၊ ဂျပိုး၊ ငတေ ပြီးရောပေါ့"

A က ကျွန်တော်ကိုင်ထားတဲ့ပုလင်းကို လွှတ်ပေးလိုက်တော့ ကျွန်တော် တူးပက်လောက်ထည့်၊ ဆော်ဒါနဲ့ရောပြီး ကစ်ပစ်လိုက်သည်။

ထိုအချိန်တွင် ကျွန်တော်သည် ပြောချင်သောစကားကို ပြောချင်တာ ပြောခွင့်ရသော ကျွန်တော်တို့သူငယ်ချင်းဝိုင်းကလေးကို တပ်တပ်မက်မက်ကို ချစ်နေပြီဖြစ်ပါသည်။ ကျွန်တော် အရက်ခွက်ကိုယူပြီး သောက်မည်အလုပ်တွင် . . .

ကျွန်တော့်နဖူးပေါ်သို့ ပျော့စိစိအရာတစ်ခု ကျလာသည်။

ကျွန်တော် လန့်ဖြန့်ပြီး လက်နှင့်သပ်ချလိုက်တော့ ထိုအရာသည် B ၏ပေါင်ပေါ်သို့ ရောက်သွား၏။ B က တစ်ချက်ငုံ့ကြည့်ရင်း လက်ဖြင့်အုပ်ထားလိုက်သည်။

"ဟာ. . . အိမ်မြှောင်ကွ၊ အိမ်မြှောင်၊ အမြီးနှစ်ခွနဲ့"

B ၏ ဝမ်းသာအားရစကားကြောင့် ကျွန်တော်တို့သုံးယောက် နည်းနည်းကြောင်သွားကြသည်။ B က သူ့လက်သီးဆုပ်ထဲက အိမ်မြှောင်ကို လက်မနှင့်လက်ညှိုးကြားမှနေ၍ ချောင်းကြည့်နေသေးသည်။ ကျွန်တော်တို့သုံးယောက် အချင်းချင်း ကြည့်လိုက်ပြီး

www.burmeseclassic.com



တော့မှ C က ပြောသည်။

"အိမ်မြှောင်ပဲကွာ. . . လွှတ်ပေးလိုက်ပါ"

"ဟာ. . . မလုပ်နဲ့၊ ဒီကောင်က အမြီးနှစ်ခွနဲ့ကွ"

"နှစ်ခွတော့ဘာဖြစ်လဲ"

A ၏မေးခွန်းသံက နည်းနည်းကျယ်၍ သွားသည်။

B ကတော့ သူ့လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်းကနေ လေသံပျော့ပျော့ကလေးဖြင့် ပြော၏။

"ငါ့လိုရုပ်မျိုးနဲ့ ဒီမိန်းမမျိုးကို ဘာ့ကြောင့်ရသလဲဆိုတာ မင်းတို့သိလား"

"မင်းက ဖွန်ကြောင်ပဲ. . . ရမှာပေါ့"

ဒီတစ်ခါတော့ ကျွန်တော် ဒေါသဖြင့်ဝင်၍ပြောရသည်။ ကျွန်တော်က ထိုအချိန်တုန်းကအထိ မိန်းမမယူရသေးသဖြင့် B ကို မသိ စိတ်ထဲက မကျေမနပ်ဖြစ်နေဟန်တူပါသည်။

"မဟုတ်ဘူးကွ၊ ငါ အိမ်မြှောင်အမြီးနှစ်ခွကိုစားလို့၊ ဒီကောင်က ပီယကောင်းတယ်"

"ပေါက်ကရတွေမပြောနဲ့ကွ"

"ဟာ. . . C ကလည်း ဒီအိမ်မြှောင်က ရဲဝင်းနဖူးပေါ် ကျပြီး ငါ့လက်ထဲရောက်လာလို့ ကြည့်လိုက်တော့ အမြီးကနှစ်ခွဖြစ်နေလို့ ငါဝမ်းသာသွားတာ"

"အဲဒီတော့. . . ဘာလုပ်မှာလဲ"

A ကမေးတော့ B က သူ့လက်သီးဆုပ်ကို သတိတကြီးနဲ့





ကြည့်ရင်း ချိုတုံ့ချတုံ့ဖြစ်နေသည့် စိတ်လှုပ်ရှားမှုကို တွေ့ရသည်။ B ၏ပုံစံက သူ့လက်သီးဆုပ်ထဲတွင် လက်ပစ်ဗုံးတစ်လုံးကို ဆုပ်ကိုင်ထားရသူလို ဖြစ်၍နေသည်။

"ငါက အိမ်ထောင်ကျပြီးပါပြီကွာ၊ မင်းတို့ပဲစားကြပါ၊ တော်ကြာ နောက်တစ်ယောက်ထပ်ရနေရင် ငါ့မိန်းမ အသည်းကွဲလိမ့်မယ်ကွာ၊ ရော့. . ."

B က ကျွန်တော့်လက်ထဲသို့ အိမ်မြှောင်ကို ထည့်ပေးလိုက်သည်။ ကျွန်တော်ကြည့်တော့ B ပြောသည့်အတိုင်း အမြီးက နှစ်ခွဖြစ်နေတာကိုတွေ့ရသည်။ ကျွန်တော်ရော A နှင့် C ပါ အိမ်ထောင်မကျကြသေးသဖြင့် ကျွန်တော်တို့သုံးယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။

အရက်ကလည်းကောင်း၊ အမြည်းကလည်းကောင်း အိမ်မြှောင် အမြီးနှစ်ခွကလည်း လက်ထဲရောက်နေသဖြင့် ကျွန်တော်တို့ သုံးယောက် နောက်ဆုံး လက်ကျန်ခွက်ကိုကစ်ပစ်လိုက်ကြပြီး ငယ်သူငယ်ချင်းတွေ ပြန်တွေ့ကြသည့် မခံချင်စိတ်ကလေးကလည်း ရှိနေသဖြင့် အမူးပေါ်မှာ မာနကလေးကို ပါးပါးတင်ပြီး ကျွန်တော်က စ,မေးသည်။

"ကဲ. . . ဘယ်သူအရင်စားမလဲ"

"မင်း. . . စားရဲလား"

ကျွန်တော် အိမ်မြှောင်ကို လည်မြိုမှညှစ်၍ကိုင်ကာ အမြီးကိုကိုက်ပြီး စားပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထုတ်ထုတ်ထုတ်နှင့် စား၍ကောင်းပါသည်။

ဟိုကောင်တွေလည်း မူးနေပြီဆိုတော့ ကျွန်တော့်လိုပင် စားကြ၏။

ကျွန်တော်တို့သည် အမူးစိတ်နှင့် စားရဲသည်ဆိုသော ငယ်သူငယ်ချင်းအချင်းချင်း သတ္တိပြိုင်လိုက်ကြသည်မှာ ထိုအိမ်မြှောင်ကလေးကို ခေါင်းအထိပါ ဝါးစားလိုက်ကြ၏။ အခုနေ ပြန်တွေးတော့ အန်ပင်အန်ချင်သည်။

အရက်သည် မလုပ်ချင်သောအရာကို လုပ်အောင် စွမ်းဆောင်ပေးနိုင်သလို၊ မလုပ်သင့်သောအရာကိုလည်း (အရှက်အကြောက်၊ ပညာမာန) မရှိတော့ဘဲ လုပ်အောင် စွမ်းဆောင်မြှောက်ပင့်ပေးတတ်သော သတ္တိရှိသည်ဟု ကျွန်တော်ပြောချင်ပါသည်။

ထိုအိမ်မြှောင်ကလေးကို အစိမ်းလိုက်စားလိုက်ရသည့်အတွက် ကျွန်တော်သည် B လို ရုပ်ချော၊ ဥစ္စာပေါမိန်းမနှင့် မညားပါ။ ကျွန်တော့် မိန်းမသည် ရုပ်ကလည်း ကျွန်တော့်လောက်မချော၊ ဥစ္စာကလည်းမထော၊ ပေါတောတောနှင့် တော်တော်စိတ်ပျက်ဖို့ကောင်းပါသည်။

ဟိုကောင်နှစ်ကောင်ရသော မိန်းမတွေကလည်း ကျွန်တော့်နည်းတူ သိပ်မကွာပါ။ C က ကျွန်တော့်တို့သူငယ်ချင်းအုပ်စုထဲမှာ နောက်ဆုံး သုံးဆယ့်ကိုးနှစ်ကျမှ အိမ်ထောင်ကျပြီး သူ့ဇနီးက သူ့ထက် ငါးနှစ်ကြီးပါသည်။





C မင်္ဂလာဆောင်မှာဆုံကြတော့မှ B က ကျွန်တော့်ကိုပြောသည်။

"ဒီည ဘတ်ချလာနိုက်မှာ သောက်ကြဦးမလား"

"ဒါပေါ့ကွ၊ သောက်ရမှာပေါ့"

"ဒီကောင့်မိန်းမအိုကြီးက လက်ခံပါ့မလား"

"ဒီနေ့တော့ရမယ်ထင်တာပဲ၊ ဟော်တယ်တစ်ခုခုသွားလိုက်တာပေါ့ကွာ"

"မသွားပါဘူး၊ ငါ့အခန်းပဲသွားမယ်"

"အာ. . . မင်းအိမ်သွားရင် ဘာထူးမှာမို့လို့လဲ၊ ဒီကောင်ပြန်ရတာ ဝေးနေမှာပေါ့ကွ"

"ထူးတာပေါ့၊ ငါ့အခန်းမှာက အိမ်မြှောင်တွေအများကြီးလေ၊ မင်းတို့အရက်မူးပြီဆိုရင် အိမ်မြှောင်အမြီးနှစ်ခွတစ်ကောင်ဖမ်းပြီး အစိမ်းလိုက်ကိုက်စားတာကို ငါ့ခယ်မတွေက ချောင်းကြည့်ပြီး ရယ်ရတာပေါ့"

"ခွေးမသား. . . "


■



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော် နှင့် ဘတ်တာဖလိုင်းဆရာမ

ကျွန်တော်သည် အရက်ကို လူအတော်များများ နယ်ပယ်တော်တော်များများတွင် သောက်ခဲ့သူဖြစ်သည်။

ငယ်စဉ်ဘဝတုန်းကတော့ ၁၀-တန်းအောင်သည့်နေ့က ကျောင်းနေဘက်သူငယ်ချင်းများဖြစ်ကြသည့် ရဲမြင့်တိုး၊ မောင်မောင်နီ၊ အောင်နိုင်စိုး၊ စောနိုင်နှင့် ကျွန်တော်တို့ ဇဝနရပ်ကွက်ရှိ ထိုစဉ်က နာမည်ကြီးစားသောက်ဆိုင်ဖြစ်သော "အရှေ့ရွာ" စားတော်ဆက်တွင် Rum တစ်လုံးဆော်ဒါနှင့် အမြည်းကောင်းကောင်းမှာပြီး သောက်ကြသည်။

ထိုစဉ်က ကျွန်တော်တို့ အရက်သောက်ကြခြင်းရည်ရွယ်ချက်မှာ ကျွန်တော်တို့တုန်းက အင်မတန်မှဖြတ်သန်းရခက်ခဲလှသော ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ခြင်း၊ ကိုယ့်ကိုယ်ကို





လူကြီးဖြစ်ပြီဟု သတ်မှတ်ခြင်း နေ့စဉ်ဖိစီးနေသော အောင်မှအောင်ပါ့မလားဆိုသည့် စိတ်ဖိစီးမှုမှ လွတ်ပြီး ပေါ့ပါးသွားခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ကျွန်တော်တို့ထိုင်နေကြသော စားပွဲပေါ်သို့ စားပွဲထိုးက Rum လေးထောင့်ပုလင်းကြီးကို "ဒေါက်" ခနဲလာတင်သောအခါ ကျန်သည့်လူတွေကိုတော့မသိ၊ ကျွန်တော်တော့ ရင်တော်တော် ခုန်သွားသည်။ နှုတ်ခမ်းကို တစ်ချက်သပ်ရင်း "မသောက်တော့ဘူး" လို့ ပြောရရင်ကောင်းမလား၊ အရက်ဆိုတာခါးသတဲ့၊ ဘယ်လိုခါးတာလဲဆိုတာလည်း သိချင်တယ်။ ပြီးတော့ အရက်ဆိုတာမူးသတဲ့။ ဘယ်လိုမျိုးမူးတာလဲဆိုတာ သိချင်တယ်. . . စသည်ဖြင့် ကျွန်တော်အတွေးတွေ လုံးလည်လိုက်နေသည်။

ထိုအချိန်တွင် ဖန်(လ်)ခွက်နှင့် ရေခဲ၊ ဆော်ဒါပုလင်းစသည်တို့ ရောက်လာသည်။ ကျွန်တော် ရင်တွေတော်တော်ခုန်နေတာကို အခုထိမှတ်မိနေသည်။ ကျွန်တော်အကြောက်ဆုံးမှာ သူငယ်ချင်းလေးဦးက ကျွန်တော်အရက်မသောက်ဘူးဆိုလျှင် ကျွန်တော့်ကို "စကြောက်"ဟုထင်မှာ စိုးနေခြင်းသာဖြစ်သည်။ ဒီလိုတော့ အထင်မခံနိုင်။ အရက်ကို ဘယ်လိုပဲဖြစ်ဖြစ်သောက်တော့မည်ဟု ဆုံးဖြတ်လိုက်ချိန်တွင် ရင်ခုန်သံအမြန်ဆုံးဖြစ်သည်။

အာခေါင်တွေခြောက်လာသဖြင့် ကျွန်တော့်ဖန်(လ်)ခွက်ထဲကို ရေခဲသုံးလေးတုံး ထည့်လိုက်သည်။

"ဟော့ကောင်. . . ရဲဝင်း၊ အဲဒါ မင်း အရက်မသောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်သေးဘူးဆိုတာကို ပြတဲ့အဓိပ္ပါယ်ပဲကွ"

စောနိုင်စကားကြောင့် ကျွန်တော် အံ့သြသွားသည်။ ကျွန်တော်မှ ဘာမျှမလုပ်ရသေး။ စောနိုင်က ဗလိုင်းကြီးလာဆရာလုပ်နေသည်မဟုတ်လား။ ကျွန်တော်တို့သူငယ်ချင်းငါးယောက်ထဲတွင် စောနိုင်က အာအကျယ်ဆုံး၊ ဆရာကြီးအလုပ်ဆုံး၊ သူ့ကိုယ်သူလည်း အထင်အကြီးဆုံးဖြစ်၏။

"ဘာကိုလဲကွ. . . မင်းဟာက ဗလိုင်းကြီးပါလား"

"မင်း. . . ဖန်ခွက်ထဲကို ရေခဲတုံးထည့်တဲ့ကိစ္စပေါ့ကွ"

"ဘာ. . ."

စောနိုင်ပြောသည့်အဓိပ္ပါယ်ကို ကျွန်တော်နားမလည်ပါ။

"မင်း. . . နားမလည်ဘူး၊ ဟောကောင်. . ဒီလိုကွ၊ အရက်သောက်တတ်တဲ့လူဆိုတာ ဖန်(လ်)ခွက်ထဲကို ဘယ်တော့မှ ရေခဲတုံးအရင်မထည့်ဘူး၊ အခုလို မိတ်ဆွေတွေနဲ့ သူငယ်ချင်းတွေနဲ့ ဝိုင်းသောက်တဲ့အခါမျိုးမှာပေါ့ကွာ"

"ဘာဆိုင်လို့လဲ"

စောနိုင်က ဆရာကြီးပုံစံဖြင့် တစ်ချက်ပြုံးသည်။ စောနိုင်မှာ ကျွမ်းကျင်တာဆိုလို့ အဲဒီလို ဆရာကြီးအပြုံးမျိုး ပြုံးတတ်ခြင်းသာရှိပါသည်။

"မသိရင်မှတ်ထား၊ ပုလင်းဖွင့်ပြီးရင် မာကာလုပ်တဲ့လူက ဖန်(လ်)ခွက်တွေကိုစီပြီးတော့ အဲဒီထဲကို အရက်ညီတူမျှတူထည့်ပေးရတယ်၊ ပြီးတော့မှ ရေခဲထည့်တာတို့၊ ဆော်ဒါထည့်တာတို့

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကတော့ ကိုယ့်သဘောနဲ့ကိုယ်ပေါ့၊ အခု မင်းက ရေခဲတွေထည့်ထားတော့ အရက်ညီတူမျှတူဖြစ်အောင် ဘယ်လိုလုပ်ငှဲ့လို့ရတော့မှာလဲကွ၊ အဲဒါကိုပြောတာ"

မမူးသေးခင် ဆရာအလုပ်ခံလိုက်ရသဖြင့် ကျွန်တော် စိတ်ပျက်သွားသည်။ ကျွန်တော် အရက်ကို ခုမှစသောက်သည်ဆိုတာမှန်ပါသည်။ ဒါပေမယ့် ဒီလိုတော့ သူငယ်ချင်းတွေထင်တာ မခံချင်၊ ပြီးတော့ ကျွန်တော်လုပ်တာက သူပြောနေတာနဲ့ တစ်ခြားစီမဟုတ်လား။

ဒီတော့မှ ကျွန်တော်တို့အိမ်ကိုငှားထားသည့် အိမ်ငှားမှာ သစ်သားဘတ်(စ်)ကားထောင်စားသူဖြစ်ရာ ထိုဘတ်(စ်)ကားကိုမောင်းသော ဒါရိုက်တာဦးထွန်းက ကားအပ်ပြီးသည်နှင့် ကားပေါ်မှာပင် အရက်သောက်တတ်သည်။ သူသောက်သည့်အရက်ကဘီအီးဖြစ်သည်။ ဦးထွန်းသည် အရက်မသောက်မီ ရေတစ်ခွက်ကို အရင်သောက်လေ့ရှိသည်ကို ကျွန်တော်ကမေးဖူးသည်။ ဒီတော့ ဦးထွန်းက "ရေခဲတော့ အသေမမြန်ဘူးပေါ့ကွာ" ဟုပြောသည်ကို သတိရသည်နှင့် ကျွန်တော့်ခုခံစစ်ကို စ,ရသည်။

"အဲဒါဆိုရင်တော့ မင်းမှားတယ်စောနိုင်၊ ငါရေခဲထည့်တာ အရက်နဲ့ ရောဖို့မဟုတ်ဘူး၊ ရေနဲ့ရောပြီး ရေခဲရေကြိုခံထားမလို့ကွ၊ ရေမခံရင် အသေမြန်တယ်ဆိုတာ မင်းမကြားဖူးဘူးလား"

ကျွန်တော့်စကားကြောင့် စောနိုင်မျက်နှာ တစ်ချက်အမ်းသွားသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်တွေ. . . ရေခံတာတို့ မာကာတို့ လုပ်မနေနဲ့၊ သောက်စရာရှိတာသောက်ကွာ"

စိတ်တိုတတ်သော မောင်မောင်နီက အရက်ပုလင်းကို ကောက်ယူရင်းပြောသည်။

"ဟာ. . . မောင်နီ အရမ်းမဖွင့်နဲ့၊ အရမ်းမဖွင့်နဲ့ ဒီကောင့်ကို အတုလား အစစ်လား စစ်ရဦးမယ်"

ပြောပြောဆိုဆို စောနိုင်က မောင်နီ့ထံမှ အရက်ပုလင်းကို အတင်းလုသည်။ ပုလင်းရသွားတော့ အဖုံးကို လှည့်ပတ်ပြီး သေသေချာချာကြည့်သည်။ သူ့ပုံစံက အရက်ကို နေ့စဉ်သောက်နေသည့် ဆရာကြီးပုံစံမျိုး။ ပြီးတော့ အရက်ပုလင်းကို မှောက်ထိုးလုပ်ပြီး ဖင်ပိုင်းကအရက်တွေ စီးကျတာကိုကြည့်ပြန်သည်။ ပုလင်းဖင်မှ နောက်ဆုံး အရက်တစ်စက်က တောက်ခနဲကျတော့မှ ပြုံးရင်း ဝမ်းသာအားရဆိုသည်။

"စိတ်ချ. . . ဒီကောင်အစစ်ပဲ၊ ရေမရောတဲ့အစစ်"

"ဟေ့ကောင်. . . စောနိုင် မင်း စကားကိုရှည်တယ်ကွာ၊ ပေးစမ်း. . . ဘာတွေလျှောက်လုပ်နေကြတာလဲ"

မောင်မောင်နီက ပုလင်းကိုဒုတိယအကြိမ်ဆွဲယူပြီး ပုလင်းကို မှောက်ထိုးထားပြီး ပုလင်းဖင်ကို သုံးလေးချက်ရိုက်ပြီး အဖုံးကို ဖွင့်တော့ "ကလစ်"ဟု မြည်ရင်း အဖုံးပွင့်သွားသည်။ စောနိုင်က အရက်ဖန်(လ်)ခွက်တွေကို တန်းစီပေးသည်။ မောင်နီက ဖန်(လ်)ခွက်ထဲသို့ အရက်ကို လက်နှစ်လုံးစီခန့်အသာချိန်၍ ထည့်ပြီးတော့





မှ ဖန်(လ်)ခွက်တွေကို ရှေ့သို့ ပြန်ချပေးသည်။

ကျွန်တော်သည် ကိုယ့်ရှေ့ကခွက်ကိုကြည့်ရင်း ကြောက်လည်းကြောက်သည်။ သောက်လည်းသောက်ချင်သည်. . . ဆိုသည့် စိတ်နှစ်ခွကိုခံစားနေရသည်။ ရေခဲထည့် ဆော်ဒါတွေထည့်ပြီးတော့ အရက်ခွက်သည် လုံးဝ အသက်ဝင်သွားပြီဖြစ်သည်။

"ကဲ. . . ချီးယား(စ်) အောင်မြင်သွားတဲ့စာမေးပွဲအတွက်"

မောင်နီ၊ ရဲမြင့်တိုးနှင့် အောင်နိုင်စိုးတို့က အရက်ဖန်(လ်)ခွက်ကို မြှောက်ရင်းက ပြန်မချဘဲ သုံးလေးကျိုက်သောက်ပစ်လိုက်သော်လည်း သူတို့ပုံစံက မျက်နှာပျက်မသွားကြ။ စောနိုင်ကိုလှမ်းကြည့်တော့ သူ့လက်ထဲကအရက်ခွက်ကိုကြည့်ရင်းက "အမြည်းမှမလာသေးတာကွာ" ဟု တစ်ဝိုင်းစာကြားလောက်ရုံပြောပြီး အရက်ခွက်ကို နှုတ်ခမ်းနှင့်တေ့၊ မျက်စေ့ကိုမှိတ်ပြီး တဂွတ်ဂွတ်နှင့် မော့ချပစ်လိုက်ပြီးတော့ မျက်နှာရှုံ့မဲ့သွားပြီး အတော်ကြာအောင် ခေါင်းကိုငုံ့ထားသည်။

ဒီကောင် ခေါင်းပြန်မော့လာတော့ အောင်နိုင်စိုးတို့ ရဲမြင့်တို့ကိုကြည့်သည်။ ဟိုကောင်သုံးကောင်က ထုံးစံအတိုင်း အေးဆေးပင်ရှိသည်။ ဒီတော့ စောနိုင်က ခွက်ကိုကိုင်ရင်း ဘာလုပ်ရမယ်မှန်းမသိဖြစ်နေသော ကျွန်တော့်ကို ရိပြုံးပြုံးသည်။

"ဟေ့ကောင် ရဲဝင်း၊ ချလေကွာ၊ First cup ဆိုတာ ဒီလိုတစ်ရှိန်ထိုးမော့ရတယ်ကွ"

"သူသောက်ချင်သလို သောက်ပေ့စေပေါ့ကွာ၊ မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းကြိုက်သလိုသာသောက်၊ ရဲဝင်း မင်းအမြည်းလာမှ သောက်ဆိုင်လည်းသောက်ရတယ်"

ရဲမြင့်တိုးက ဝင်ပြောတော့မှ စောနိုင် ငြိမ်သွားသည်။ ဒါပေမယ့် အတန်းတူအသက်တူချင်း ကျွန်တော့်ကို အရက်သောက်တော့မှ ညီငယ်တစ်ယောက်လို ကာကွယ်စောင့်ရှောက်တာကို ခံလိုက်ရသဖြင့် ကျွန်တော် ဒေါသနည်းနည်းဖြစ်ပြီး မခံချင်စိတ်နှင့် လက်ထဲကခွက်ကို တစ်ရှိန်ထိုးမော့ချပစ်လိုက်သည်။

"ဂွပ်"ခနဲ ခွက်ကိုချပြီးတော့ ကျွန်တော် အရင်ဆုံးကြည့်တဲ့လူက စောနိုင်ပါ။ ဒီကောင် ကျွန်တော့်ကို တအံ့တသြမဖြင်ဘူးသူတစ်ယောက်လို ငေးကြည့်နေသည့် မျက်နှာကိုတွေ့ရတော့ ကျွန်တော်ကျေနပ်သွားသည်။ ကျန်တဲ့သူငယ်ချင်းတွေရဲ့မျက်နှာကိုကြည့်တော့ ဘာမှမထူးခြား။ ထူးခြားမည်ဆိုလျှင်လည်း "ဖြစ်မှဖြစ်ရလေ" ဆိုသောအကြည့်မျိုးသာ ရှိလိမ့်မည်ထင်သည်။

ကျွန်တော် တစ်ရှိန်ထိုးမော့ချပစ်လိုက်သော အရက်သည် ဝင်သွားသော အစာအိမ်ထဲတွင် ဘယ်လိုမှမနေဘဲ အရက်မဝင်သော နှာခေါင်းထဲမှာ ရေးချပြ၍မရသော Rum ၏အနံ့သည် "ထင်း"ကနဲ စူးရှ၍နေသည်။ ကျွန်တော့်ဆီမှာ ဘာမှအပြောင်းအလဲမဖြစ်။ ကျွန်တော် အရက်မသောက်မီကအတိုင်းပင် အသိရောခံစားမှုပါ မပြောင်းလဲသဖြင့် ကျွန်တော်သည် "အရက်ကိုနိုင်သည်" ဟု ထင်သွားသည်။

"ဟေ့ကောင်တွေ မင်းတို့အရက်က စစ်ရောစစ်ရဲ့လားကွ၊





ငါ ဘာမှလည်းမဖြစ်ပါလား"

ကျွန်တော်စကားကြောင့် ရဲမြင့်တိုး၊ အောင်နိုင်စိုးနှင့် မောင်မောင်နီတို့က ပြုံးကြသည်။ စောနိုင်ကတော့ ဘာမျှမပြောဘဲ သူ့မျက်နှာကို ကျွန်တော့်ဘက်မလှည့်တော့သည့်အတွက် ကျွန်တော် ကျေနပ်သွားသည်။ "လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်ကွာ" ဆိုသည့် စကားအတိုင်းပေါ့။ ထိုအချိန်မှာ ကြက်ဥမွှေကြော် အရင်ရောက်လာသည်။

ကျွန်တော် အမြည်းကလေးစားလိုက်တော့ ပါးစပ်ထဲတွင် တစ်မျိုးဖြစ်နေသောအရသာမှာ ကြက်ဥမွှေကြော်နှင့်တွေ့တော့ တော်တော်လေး အဆင်ပြေသွား၏။ ကျွန်တော် အမြည်းကို သုံးလေးခါစားပစ်လိုက်သည်။ ဟိုသုံးကောင်ကတော့ တစ်ခါငုံလိုက် အမြည်းစားလိုက်နှင့် အဆင်ပြေနေကြသည်။ ကျွန်တော် ဂျက်ကမ္ဘာကိုဖွာရင်း အရက်တစ်ခွက်လုံးကို တစ်ရှိန်ထိုးကစ်ပြီး ဘာမှမဖြစ်သော ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြရင်း ကျေနပ်နေသည်။

စောနိုင်က ပုလင်းကိုကောက်ယူပြီး သူ့ခွက်ထဲသို့ လက်နှစ်လုံးလောက်ထည့်ပြီးတော့ ကျွန်တော့်ဘက်သို့ ပုလင်းကို ကမ်း၍ပေးသဖြင့် ကျွန်တော် လှမ်းယူပြီး သူထည့်သလောက်ထည့်လိုက်သည်။ ပြီးတော့ ရေခဲထည့်၊ ဆော်ဒါနှင့်ရော. . . ဆော်ဒါမှ အမြှုပ်ကလေးတွေခုန်ပေါက်နေတာကို ကျွန်တော် ငေးနေမိသည်။

ထိုအချိန်တွင် ကျွန်တော်တို့မှာထားသော ငါးရှဉ့်ချဉ်စပ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းဘောင်ကြီးကြော်၊ ငါးမုန့်ကြော်နှင့် ဆေးဘဲဥသုပ်တို့ ရောက်လာပြီး ရေခဲတစ်ပွဲပင် ထပ်မှာလိုက်ရသေး၏။ ရဲမြင့်တိုးတို့အုပ်စုက တစွတ်စွတ်သောက်နေကြသော သူတို့အရက်များကို လက်စသတ်လိုက်ကြပြီး အမြည်းစားကြသည်။

စောနိုင်ကလည်း အရက်ကို တစ်ငုံငုံ၍ ဆေးဘဲဥသုပ်ကို စားသည်။

"ဘီအီးဘီယာ၊ Rum ဆော်ဒါ အမြည်းအားလုံးမှာ ဆေးဘဲဥ. . . တဲ့ကွ. . . မှတ်ထား"

ထုံးစံအတိုင်း အမြည်းစားရင်းက စောနိုင်က ဆရာကြီးလုပ်ပြန်သည်။ စောနိုင်သည် အရက်နှင့်ပတ်သက်လျှင် ကျွန်တော်တို့ထက် သူက ပိုနားလည်သည်။ သူက ပိုဗဟုသုတရှိသည်ဟု ကျွန်တော်တို့ထင်အောင် အမျိုးမျိုးပြောနေ လုပ်ပြနေခြင်းဖြစ်သည်။

ကျွန်တော်လည်း အရက်ကို တစ်ချက်ငုံပြီး မြိုချလိုက်တော့ ခုနက ကျိုက်ချလိုက်သည်ထက်ပင် အရက်၏အနံ့နှင့် အရသာက ဆိုးသည်ဟုထင်ရသည်။ ဒီတော့ ကျွန်တော် ငါးရှဥ့်ချဉ်စပ်ကို တစ်ဇွန်းစားလိုက်ရ၏။ ဒီတော့မှ အဆင်ပြေသွားသည်။ အင်း. . . ဒါကြောင့်မို့ အမြည်းနဲ့အရက်ကို တွဲဘက်ထားတာပါလား. . . ဟု ကျွန်တော် သိပြီးသားကို လက်တွေ့ကျကျ နားလည်လိုက်ရပါသည်။

"ငါကတော့ အမှတ်စာရင်းထုတ်ပြီးရင် ရတဲ့အမှတ်က ငါလိုချင်တဲ့အမှတ်မရရင် G.T.I ဖြေမယ်ကွာ"

မောင်မောင်နီက ဆိုသည်။





"ကောင်းတယ်. . . မောင်နီ၊ ဒီကောင်က ကျောင်းဆင်းတာနဲ့ အလုပ်တန်းရတာ၊ ငါ့သူငယ်ချင်းရဲ့အစ်ကိုက G.T.I ဆင်းပေါ့၊ သူက E.P (Electronic Power) ဆိုတော့ ဘယ်သူ့ဆီမှာမှ မလုပ်ဘဲနဲ့ ပထမ အိမ်တွေမှာ လိုအပ်ရင်လိုက်ပြင်တယ်၊ အခုတော့ ဆိုင်ဖွင့်ပြီး ပြင်လည်းပြင်၊ ရောင်းလည်းရောင်းပေါ့ကွာ"

"ဟုတ်တယ်. . . ငါလည်း e.p ပဲလိုချင်တာ၊ ဘွဲ့ရပြီး ဘာမှလုပ်စားလို့မရရင် အချိန်ကုန်ရုံပဲရှိမှာပေါ့"

ကျွန်တော်တို့စကားဝိုင်းသည် အရက်ရှိန်ကြောင့် ဆူညံစပြုလာ၏။ ကျွန်တော် ဒုတိယခွက်မကုန်ခင် ငါးရှဥ့်အမြည်းကို လှမ်းအနှိုက်မှာ ရိပ်ခနဲတစ်ချက်ဖြစ်သွားပြီး ကျွန်တော့်ရှေ့မှသူငယ်ချင်းများနှင့် မြင်ကွင်းသည် အဖြူရောင်ပုလင်းအလွတ်တစ်လုံးကို မျက်စေ့ရှေ့မှာခံ၍ ကြည့်ရသလိုမျိုးဖြစ်သွား၏။ ကျွန်တော့်အရှေ့ကခုံအစွန်းကို ကိုင်ရင်းက ငါ. . . မူးပြီဟု သတိရသွားပြီး ကြောက်လာသဖြင့် ဇောချွေးတွေပျံ၍လာသည်၊ ရင်တွေလည်းတုန်၍လာ၏။ သို့သော် ကျွန်တော် ထုတ်၍မပြော၊ ပြောရမှာရှက်သည်။

ကျွန်တော် အမြည်းကိုလည်းနှိုက်ပြီးစားသည်။ ပြီးတော့ အသိစိတ်ကို ရအောင်ထိမ်းသည်။ မနက်ကတည်းက အပျော်လွန်ပြီး လက်ဖက်ရည်တစ်ခွက်မှလွဲ၍ ဘာမျှမစားရသေးကြောင်း သတိရလာသည်။ အရက်ဆိုတာ အစာမစားဘဲသောက်ရင် ပိုမူးတယ်. . တဲ့။ ငါ မနက်ကတည်းက ဘာမှမစားရသေးတာ အမြည်းများများစားထားမှဟု သတိပေးရင်း အမြည်းချည်းဖိစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်း. . . မင်းကရော ဘာလုပ်မှာလဲ"

ကျွန်တော် တစ်ချက်စဉ်းစားသည်။ ခေါင်းထဲမှာတော့ ရီဇာတီနှင့်. . .။

"ငါ. . . တက္ကသိုလ်ရဲ့အရသာကို ခံစားချင်တယ်ကွာ၊ ငါ လှည်းတန်းဘက် တစ်ခါရောက်တုန်း ကားပေါ်ကနေမြင်ရတာ အိုး. . . အင်္ကျီအဝတ်အစားတွေရောင်စုံနဲ့ ကျောင်းကြီးထဲမှာ ဟိုသွားဒီသွားနဲ့ ကျောင်းတက်နေတာလား၊ ကျောင်းလွှတ်နေတာလား တောင် မသိပါဘူးကွာ. . .၊ ငါကတော့ အဲဒီအရသာကို ခံစားချင်တယ်"

"စာအုပ်တွေစွက်ဖက်ပြီး စိတ်ကူးမယဉ်နဲ့ . . . ရဲဝင်း၊ (၁၀)တန်းအောင်ပြီးတဲ့လူဆိုတာ ဘဝလမ်းဆုံကိုရောက်တာပဲ၊ မင်း ဘယ်သွားမလဲ သွားချင်တဲ့ဆီသွားလို့ရတယ်"

"ငါကတော့ ငါ့အဖေရှိတဲ့ မီးရထားမှာ ဝင်လုပ်ရင်းနဲ့ လုပ်သားကောလိပ်ပဲတက်တော့မယ်ကွာ"

"မင်းဟာက လွယ်လှချည်လား"

"ငါ့အဖေရော. . . အစ်ကိုရောက ရထားရုံးမှာဆိုတော့ ၁၀-တန်းအောင်တာနဲ့ ဝင်ရတာလွယ်တယ်ကွ"

"ရဲဝင်း. . . သောက်လေကွာ. . ."

ထိုနေ့က ကျွန်တော် နောက်ထပ်ဘယ်နှခွက်ဆက်သောက်မိမှန်းမသိတော့။ အရက်ဆိုင်ကထတော့ ရန်ကုန်ထဲသွားပြီး ရုပ်ရှင်ကြည့်ကြတာကို မှတ်မိသည်။ သို့သော် ဘယ်ရုံမှာ ဘာကားကိုကြည့်





ခဲ့သည်ဆိုတာကို ကျွန်တော် မမှတ်မိတော့။ အိမ်ကို ဘယ်လိုလုပ်ပြန်ရောက်မှန်းလည်းမသိတော့။

နောက်တစ်နေ့မျက်နှာသစ်တော့ ဦးနှောက်ထဲမှာ အရက်နံ့ကိုရနေသည်။ ရေသောက်တော့လည်း ထိုအရက်နံ့ကိုပဲ ရနေသည်။ အခုမှ ကျွန်တော် အန်ချင်နေသည်။ ဦးခေါင်းထဲကို လာလာရိုက်နေသော အရက်နံ့ကို ကျွန်တော်မခံနိုင်ပါ။ "အရက်"ဟု တွေးလိုက်သည်နှင့် ထိုရနံ့ကို ပြန်၍ရသည်။ တော်ပြီ. . . ငါ နောက်ကို အရက်မသောက်တော့ဘူးဟု ကျွန်တော် တွေးလိုက်ခဲ့ဖူးတာကို ပြန်မှတ်မိသည်။

ကျွန်တော်သည် ပထမဦးဆုံး အရက်သောက်ဖြစ်သည့်အကြောင်းကို အရက်ဖြတ်သည့် စိတ်ကျန်းမာရေးဆေးရုံဖြစ်သော လုမ္ဗနီအထူးကုဆေးခန်းရှိ ကုတင်ပေါ်မှာ အိပ်ရင်း တွေးမိနေခြင်းဖြစ်သည်။

ကျွန်တော် ဆေးရုံကိုရောက်တာ ၃-ရက်မြောက်ပြီဖြစ်သည်။

အားကမရှိသေး။ ခြေတွေလက်တွေတုန်နေဆဲ။ ပါးစပ်ထဲက ဘာကိုမှလည်းမစားချင်။ အချိုရည်ဆရာမရောက်လာလျှင် ဆန်းကစ်အချိုရည်ကို သောက်ပြရသည်မှလွဲ၍ ဘာကိုမှ မစားချင်သေး. . .။

"ဗိုက်ထဲမှာ အစာမရှိတော့ ရင်တုန်တာပေါ့၊ ဘာစားချင်လဲဆိုတာကို စဉ်းစား၊ ဘာဖြစ်ဖြစ် ကြိုးစားပြီး ရအောင်စားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ရင်မတုန်မှာ. . . အချိုရည်သောက်"

ကျွန်တော့်ကိုတွေ့တိုင်း အချိုရည်သောက်ခိုင်းသဖြင့် ကျွန်တော် သောက်ရသည်။ ဒီနေ့တော့ ဆရာမကမပြောပါဘဲ ကျွန်တော် အချိုရည်တစ်ပူးကုန်အောင် နည်းနည်းစီသောက်ဖြစ်သွားသဖြင့် ရင်တုန်နည်းနည်းသက်သာပါသည်။ ကျွန်တော်သည် ဆရာမမှာသွားသည့်အတိုင်းပင် အချိုရည်ကို နည်းနည်းချင်းစီသောက်ပါသည်။ ကျွန်တော့်အတွက် အဖော်အဖြစ်ခေါ်ထားသော ကျွန်တော့်ညီဝမ်းကွဲကလေးက ကျွန်တော်တောင်းတိုင်း အချိုရည်ပူးကိုယူလာ၍ပေးရသည်။ ကျွန်တော် ထ,၍မထိုင်နိုင်သေးသဖြင့် အချိုရည်ကို တစ်စောင်းလှဲ၍ ပိုက်ဖြင့်စုပ်ရသည်။

ကျွန်တော်တွေးနေတုန်း သူနာပြုဆရာမကလေးဝင်လာပြီး ကျွန်တော့်ကို သွေးပေါင်ချိန်သည်။ ပထမတစ်ကြိမ် ညှစ်ပြီး ဆရာမသည် ပြဒါးလုံးကလေးကျလာတာကိုကြည့်ရင်း ကျေနပ်ပုံမရဘဲ နောက်တစ်ကြိမ် ထပ်ပြီးညှစ်၍ ချိန်ပြန်သည်။

ဆရာမသည် နားကြပ်မှာကြားရမည့် ကျွန်တော့် သွေးခုန်နှုန်းကို အသက်မရှူဘဲ စိုက်၍ကြည့်သည်။ ပြီးတော့မှ. . . လက်မောင်းကိုရစ်ပတ်ထားသော အဝတ်စကိုဖြည်ရင်း "တစ်ရာ့ခြောက်ဆယ်ငါးဆယ်" ဟု သွေးပေါင်မှတ်သောဆရာမကလေးကို ပြောသည်။

"ဆရာ အပေါ်သွေးတွေနည်းနည်းများတယ်၊ အမြဲတမ်းလှဲမနေပါနဲ့၊ ခေါင်းကိုထောင်ပြီးလှဲပေါ့၊ ဒါမှမဟုတ်ရင် ထိုင်နေ





ပေါ့"

"ထိုင်လို့မရဘူး ဆရာမ၊ ထိုင်တာနဲ့ ခေါင်းကမူးပြီး ရင်တွေအရမ်းတုန်လာလို့၊ ကျွန်တော့်ကို အကြောဆေးမသွင်းပေးဘူးလားဆရာမရယ်၊ ကျွန်တော် ရင်တွေအရမ်းတုန်ပြီးမောနေလို့ပါ"

"စစ်စတာကြီးကို ပြောပေးမယ်နော်၊ နောက်က ခေါင်းအုံးကလေးခံပြီး ခပ်မတ်မတ်ကလေးနေပါလား"

နပ်(စ်)မကလေးက ကျွန်တော့်ညီဘက်လှည့်ပြောလိုက်သဖြင့် ကျွန်တော့်ညီက နပ်(စ်)မလေးစကားအတိုင်း ပြုပြင်ပေးသည်။ ဆရာမကလေးထွက်သွားတော့ ကျွန်တော့်ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်ကျန်ခဲ့သည်။

ကျွန်တော့် အာရုံထဲမှာ "ဟေး"ခနဲ "ဟား"ခနဲ ရယ်သံပျော်သံများနှင့် ရီဝေမူးယစ်ခဲ့သော အရက်ဝိုင်းများကို ပြန်မြင်ယောင်နေသည်။ မည်သူ့ကိုမှ အပြစ်တင်ခြင်းမဟုတ်ပါ။ အရက်သည် သောက်ကြတုန်းကလူအများကြီး. . . ပျော်စရာ။ ခံရတော့ တစ်ယောက်တည်း စိတ်ပျက်စရာ။

ကျွန်တော် အခုလို အရက်ကို ဆေးရုံတက်ပြီးဖြတ်ရသည်အထိ ဖြစ်ရသည်မှာ ပထမတစ်ချက်က ကျွန်တော့်၏ပျော့ညံ့မှုကြောင့်ဖြစ်ပြီး ဒုတိယအချက်က ကျွန်တော် ခါးသီးစွာ ခံစားလိုက်ရသော ကံကြမ္မာအလှည့်အပြောင်းကြောင့် ဖြစ်ပါသည်။

သို့သော် ဘယ်သူမပြုမိမိမှုဆိုသည့်အတွက် မည်သူ့ကိုမှ အပြစ်မတင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်အတူသောက်သူများသည် ယခုတိုင် အရက်ကို သောက်နေကြဆဲဖြစ်၏။ ဆေးရုံတက်ရသည်ဟု တစ်ယောက်မှမကြားရ။ ကျွန်တော်တို့အရင်သောက်ကြသည့် ပုံစံအတိုင်း ညနေ(၆)နာရီလောက်မှ သူတို့သောက်ကြသည်။

ကျွန်တော်က ကျွန်တော့်အပြောင်းအလဲကြောင့် မိတ်ဆွေဖြစ်သူများနှင့် မတွေ့ချင်တော့ပဲ အိမ်မှာဝယ်၍ တစ်ယောက်တည်းချသည်။ ပုလင်းကရှိနေတော့ လူကစည်းကမ်းမရှိချင်တော့၊ သောက်ချိန်ကျမှ သောက်ချင်းမဟုတ်တော့ပဲ အရက်အရှိန်လျော့သည်ဆိုတာနှင့် နောက်တစ်ခွက်သောက်ဖြစ်ရင်း တစ်နေကုန်ဖြစ်သွားသည်။ ဒီတော့ ကျွန်တော်သည် မမူးတော့သော အမူးသမားဖြစ်သွားခြင်းဖြစ်သည်။

ကျွန်တော်တွေးနေတုန်းမှာပင် အပြာဝတ်ဆရာမ တစ်ယောက်နှင့် အကူနပ်(စ်)တစ်ယောက်ဝင်လာသည်။ လက်ထဲမှာ စလင်းအကြီး ဆေးစပ်ပြီးသားနှင့် စပရစ်ဘူးနှင့် ကျွန်တော့်ညီကတော့ နပ်(စ်)နှင့် စစ်စတာ ထိုင်ရန်ခုံချပေးပြီးသည်နှင့် အခန်းထဲကထွက်သွားသည်။ ဒီကောင်ကအရပ်သာ ၅ပေ၈လက်မလောက်ရှိပြီး ထောင်ထောင်မောင်းမောင်းနှင့် ဆေးထိုးခံရဖို့ကျသိပ်ကြောက်သည်။ သူအထိုးခံရတာ ပင်မဟုတ် လူများကိုထိုးတာကိုလည်း မကြည့်ရဲသည့် ငတိဖြစ်သည်။

"လက်မကို လက်သီးထဲ ထည့်ဆုပ်လိုက်. . . ဟုတ်ပြီ"

ကျွန်တော်လက်သီးဆုပ်ပြီးတော့ လက်မောင်းရင်းကဖိပေး





ဖို့ဆရာမကလေးက ဟိုဒီကြည့်သည်။ ကျွန်တော့်ညီကို ရှာခြင်းဖြစ်၏။

"ရှင့်အစောင့်ရော. . ."

"ဒီကောင်က. . . ဆေးထိုးတာ မကြည့်ရဲဘူး စစ်စတာ"

"ဩော် ဖြစ်မှဖြစ်ရလေ. . . ဒီလောက်ခန္ဓာကိုယ်နဲ့"

ဆရာမသည် ကျွန်တော့်လက်မောင်းကို ဖိကြည့်သည်။ ဒီနေရာ ဟိုနေရာလက်ကောက်ဝတ်နားမှာ စိတ်တိုင်းကျပုံမရတော့ တံတောင်ဆစ်နားရောက်လာသည်။ အရက်ပျံစွတ်ထားသော ဂွမ်းဖြင့်သုတ်သည်။ လက်ကောက်ဝတ်ကို ညှစ်ကြည့်သည်။

"သွေးကြောကတော်တော်ပါးတာပဲ"

မှန်ပါသည်. . .။ ကျွန်တော်သည် လူကအကောင်သေးသလို ကျွန်တော့်လက်မောင်း၊ လက်ဖျံ. . . စသောနေရာများတွင် သွေးကြောကရှာမတွေ့နိုင်လောက်အောင်ကို ပါးပါသည်။

ဆရာမသည် လက်ကောက်ဝတ်နားကို အရက်ပျံနာနာ ပွတ်ပြီး လက်ညှိုးဖြင့်ဖိဖိပေးရင်း. . . 'ဒီကောင်ရမယ်ထင်တယ်' ဟု နပ်(စ်)မကလေးကိုလား ကျွန်တော့်ကိုလား၊ သူ့ကိုယ်သူလား မကွဲပြားဘဲပြောသည်။

ကျွန်တော့်လက်ကောက်ဝတ်အောက်မှာ တစ်ချက်အောင့်ပြီးနာသည်။ နောက်တစ်ချက်ထပ်နာသည်။ ကျွန်တော်မကြောက်သော်လည်း အသက်ကိုအောင့်ထားမိသည်။

"မရဘူး. . . ဒီနားမှာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှမ်းကြည့်တော့ ဆရာမပုံစံက စိတ်လှုပ်ရှားနေပုံရသည်။ ထိုသို့စဉ်းစားနေရင်း လက်ကောက်ဝတ်မှ ဆစ်ခနဲနာပြန်သည်။ နောက်တစ်ချက်ထပ်နာသည်။ နောက်တစ်ချက်။ အပ်ကိုဂွမ်းနှင့်ဖိပြီး ပြန်ထုတ်သွားသည်။

"ဆရာမ. . . ဘတ်တာဖလိုင်းသွားယူလိုက်ပါ၊ သူ့သွေးကြောတွေက အရမ်းပါးနေတယ်"

နပ်(စ်)မကလေးက ချက်ချင်းလျင်မြန်စွာ ထွက်သွားသည်။ ခဏပါပဲ။ စစ်စတာက "ဘတ်တာဖလိုင်း"ကို သေသေချာချာပြင်သည်။ ဘာကြောင့် ဘတ်တာဖလိုင်းလို့ ခေါ်ပါလိမ့်ဆိုတာကြည့်တော့ အပ်က ရိုးရိုးအပ်ထက်ပိုသေးပြီး ဘေးတစ်ဖက်တစ်ချက်စီမှာ လိပ်ပြာလိုတောင်ပံကလေးတွေပါသည်။ ဒါကြောင့် ဘတ်တာဖလိုင်းဟု မြန်မာတွေက အလွယ်တကူပေးထားတာလား စပြီးထုတ်လုပ်ကတည်းကိုက သူ့အခေါ်အဝေါ်က "ဘတ်တာဖလိုင်း"လားဆိုတာတော့ ကျွန်တော်မသိပါ။

ဒီတစ်ခါတော့ စစ်စတာသည် သွေးပစ်ကွင်းကိုလက်ခုံသို့ ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အရက်ပျံသုတ်နေသဖြင့် ကျွန်တော်သိလိုက်ပါသည်။ ပြီးတော့ လက်ညှိုးဖြင့် သုံးလေးချက် အဖိခံလိုက်ရပြီး ဆစ်ခနဲခပ်ဖျော့ဖျော့သာနာသည်။

ထို့ကြောင့် ကျွန်တော်သည်. . .

လုမ္ဗနီသာမော. . .

အင်ကြင်းတော၌၊ ကြိုက်သောအရက်





ဤရွှေစက်ကို၊ အဖက်မလုပ်
ငုတ်တုတ်သည်းခံ၊ မာန်ကိုချိုးနှိမ်
ကန္ဒြေမပျက်၊ နေရန်ခက်၏
မချိရွှေရင်၊ တုန်ငင်လှိုက်မော
ပြောဆိုခံရ၊ ဒီဘဝဝဋ်မှ
ကျွတ်စေသော်(ဝ်). . .။ ဟု ကဗျာစပ်သည်။

ကျွန်တော် ထိုကဗျာကို စိတ်ဖြင့်စပ်နေတုန်း နပ်(စ်)မလေးနှင့် စစ်စတာကြီးတို့ဝင်လာသည်။ စစ်စတာကြီးမှာ အပြာဝတ်ဖြစ်ပြီး တည်ငြိမ်သော ကန္ဒြေရှိ၏။ ပထမဦးဆုံး ကျွန်တော့်လက်ကောက်ဝတ်ကို လက်ညှိုးလက်ကောက်တို့နှင့် ထောက်၍ သွေးခုန်နှုန်းကိုတိုင်းသည်။

ပြီးတော့မှ. . . နားကြပ်ဖြင့်ရင်ဘတ်ကို စမ်းသည်။ ပြီးတော့ ပူနေသော ကျွန်တော့် ဗိုက်ကိုသေသေချာချာ စမ်းသည်။

"ရင်တွေ အရမ်းတုန်ပြီး မောနေတယ်ဆရာမ၊ ခေါင်းလဲမထူနိုင်ဘူး"

"မောမှာပေါ့ အစာမှမရှိတာ၊ သောက်တုန်းကတော့ ကောင်းတယ်မဟုတ်လား၊ ဒီဗိုက်ပူပုံကိုလည်း သဘောမကျဘူး၊ သောက်တုန်းက တစ်နေ့ဘယ်လောက်သောက်လဲ"

ကျွန်တော် ဘာပြောရမှန်းမသိ၊ အမှန်တော့ ကျွန်တော်သောက်ပုံက ပုလင်းကြည့်ပြီးသောက်တာမဟုတ်၊ အမူးမချော့အောင်သောက်တာဖြစ်သည့်အတွက် တစ်နေ့တစ်ပိုင်း၊ တစ်

www.burmeseclassic.com



စသည်ဖြင့်မရှိချေ။

"တစ်လုံးလား၊ တစ်ပိုင်းလား"

စစ်စတာကြီးက ခပ်ထန်ထန်မေးသည်။ ကျွန်တော့်ကို ဟောက်ခြင်းတော့မဟုတ်။ ကျွန်တော် ခံနေရတာကိုကြည့်ပြီး ဂရုဏာနှင့် ထိုအသံဖြစ်သွားခြင်းဖြစ်သည်။

"အင်း. . . တစ်လုံးလောက်တော့ရှိမယ် ဆရာမကြီး"

"အင်း. . . မလုပ်ကြနဲ့ မလုပ်ကြနဲ့၊ မကောင်းမှန်း ကိုယ်လဲသိနေတာကို၊ နေလို့ သက်သာအောင်လုပ်ပေးမယ် ဟုတ်ပြီလား"

စစ်စတာကြီး ထွက်သွားတော့ ကျွန်တော့်ရင်ထဲမှာ အတွေးတွေ ရှုပ်ထွေးပြီးကျန်ရစ်ခဲ့သည်။ ကျွန်တော်သည် ဆရာမကြီးပြောသလိုပင် အရက်သည် မကောင်းမှန်းသိသော်လည်း အကြောင်းကြောင်းနှင့်သောက်မိသည်။

ကျွန်တော့်ကို ဘာကြောင့်အရက်သောက်ရတာလဲဟု မေးမည်ဆိုလျှင် ဖြေစရာမရှိပါ။ သို့မဟုတ် ပြော၍မကုန်နိုင်သောအကြောင်းအချက်များကြောင့်ပါ။ ကျွန်တော်သည် နိုင်ငံခြားကားတွေထဲက မင်းသားတွေလူဆိုးတွေ အရက်သောက်တာကိုမြင်လျှင် အလွန်သဘောကျသည်။ အရက်သုံးပက်လောက်ကို ခွက်ထဲထည့်သည်။ ကျွန်တော်တို့လို ရေတွေဘာတွေမရောပဲ ဒီအတိုင်းတစ်ငုံငုံသည်။ စကားပြောရင်းဖြင့် နောက်တစ်ငုံ ငုံချင်လျှင်ငုံမည်။ ဒါမှမဟုတ် အကုန်မော့လျှင်မော့မည်။ ပြီးပြီ သူတို့သည် စကားပြောကောင်းရုံ၊ သွေးနွေးရုံသာသောက်ကြခြင်းဖြစ်၏။ သူတို့သည်





အိမ်မှာ ကိုယ်ပိုင်အရက်ဘားရှိသော်လည်း အရက်သမားများ မဖြစ်ကြ၊ အရက်ကို အဲဒီလိုသောက်ရလျှင်. . .၊ ကျွန်တော် ဆက်မတွေးတော့ပါ၊ ကျွန်တော်ဆိုသောကောင်က ရမှာမဟုတ်ဆိုတာကို ကျွန်တော်သိပါသည်။

"ရပြီ. . ."

စစ်စတာ ဝမ်းသာအားရဆိုသည်။ ဆရာမသည် စလင်းထဲမှ အားဆေးရည်ကို ဘတ်တာဖလိုင်း ပိုက်မှတဆင့် ဖြည်းညှင်းစိတ်ရှည်စွာ ထိုးသွင်းပေးသည်။

မိတ်ကပ်ပါးပါးလိမ်းထားသော ဆရာမ စစ်စတာ၏ နဖူးနှင့် နှုတ်ခမ်းတို့တွင် ချွေးစပါးပါးကိုတွေ့ရသည်။ စစ်စတာသည် ဆေးရည်လုံးဝကုန်သည်အထိ စိတ်ရှည်လက်ရှည်ထိုးသွင်းပေးရင်း ကျွန်တော့်ကို ပြုံး၍ကြည့်သည်။

"စစ်စတာကြီးက. . . ဆရာ့မှာ နှလုံးရောဂါအခံရှိတယ်၊ ဂရုစိုက်လိုက်ပါဆိုတာနဲ့ ကျွန်မလဲ စိုးရိမ်လွန်ပြီး ရှာမတွေ့တာ၊ ပြီးတော့ ဆရာ့သွေးကြောကလည်း ပါးတာကိုး"

"ဟုတ်တယ်၊ ကျွန်တော့်သွေးကြောကိုက ပါးတာပါ၊ အကြောဆေးသွင်းတိုင်း ဒီလိုပါပဲ"

စစ်စတာက သူထိုးခဲ့သည့်နေရာတွေမှာ ဟမ်းနီးပလပ်ကပ်၍ပေးသည်။ ပြီးတော့ အပြုံးနှင့်နှုတ်ဆက်ပြီး နပ်(စ်)မကလေးနှင့် အတူထွက်သွားသည်။ ကျွန်တော် အကြောဆေးထိုးထားသောနေရာကိုကြည့်ရင်း ချက်ချင်းအားပြည့်လာသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . . "ဘတ်တာဖလိုင်း"ကယ်ပေလို့ပဲဟု ကျွန်တော် တွေးမိသည်။ အမှန်တော့ စစ်စတာအဆင့်ကို ရောက်ပြီဆိုလျှင် အကြောရှာတာလောက်ကတော့ အပျော့ပင်ဖြစ်သည်။ အခုဖြစ်ပုံက ကျွန်တော့်အကြောကလည်း မှန်မှား၊ စစ်စတာကြီး သတိပေးစကားကြောင့် စစ်စတာလေးစိတ်ကလည်း လှုပ်ရှားသောကြောင့် ဖြစ်ပါသည်။

တစ်လောတုန်းက ကြည့်ခဲ့ရသည့် စစ်ကားတစ်ကားတွင် မင်းသားနှင့်သူ့သူငယ်ချင်းကို ဒဏ်ရာရသဖြင့် နောက်တန်းပြန်ပြီး ဆေးရုံမှာဆေးကုခံနေရသည်။ မင်းသားနားမှ နပ်(စ်)မလေးကို ထွက်သွားတော့ နံဘေးက ဒဏ်ရာရစစ်သားဟောင်းကြီးက လှမ်းမေးသည်။

"ကိုယ့်လူ. . . မင်းကိုဆရာမ သွေးကြောဘယ်နှစ်ခါရှာသွားသလဲ"

"သုံးခါတောင်ရှာတယ်ဗျ"

"ဟာ. . . ဒါဆို ဒီဆရာမတော်တော်တိုးတက်လာတာပဲ" ဟု ပြုံးရင်းပြောသည့် အခန်းကလေးကို ပြန်သတိရသည်။

ကျွန်တော့် စစ်စတာကတော့ အဲဒီလိုဟုတ်မည်မထင်ပါ။ ကျွန်တော့်သွေးကြော မှန်မှားတာပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် ထိုဆရာမနာမည်ကို မသိပါ။ မေးလည်း မမေးမိပါ။ ဒီတော့. . . ကျွန်တော့်စိတ်ထဲကပဲ ထိုတီချယ်ဆရာမကို နာမည်ပေးလိုက်ပါသည်။






ထိုဆရာမသည် ကျွန်တော့်၏ "ဘတ်တာဖလိုင်း"ဆရာမ ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ပေါ်တိန် နှင့် ဘော(လ်)ပင်

လူတစ်ယောက်သည် ကိုယ်"ဝါသနာ"ပါသောအလုပ်ကို လုပ်ခွင့်ရဖို့ ကိုယ့်ပတ်ဝန်းကျင်မိသားစုနှင့် အခြေအနေအားလုံးကို ရုန်းကန်တွန်းထိုး ပဋိပက္ခဖြစ် ပြဿနာတက်ပြီးမှ သူတို့နားလည်မှုနှင့် ကိုယ့်ဝါသနာကို အိမ်ထောင်ပြုရသည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော် အခုလို ခပ်ရဲရဲကလေးပြောခြင်းမှာ ကျွန်တော်သည် ဝါသနာနှင့်အရင်အိမ်ထောင်ကျပြီးမှ လူမိန်းမနှင့် အိမ်ထောင်ကျခြင်းဖြစ်သောကြောင့် ဤစကားကို ရဲရဲဝံ့ဝံ့ ပြောဝံ့ခြင်းဖြစ်ပါသည်။

ဝါသနာသည် အိမ်ထောင်ကို ထိခိုက်တတ်မှန်း အစက ကျွန်တော် မသိခဲ့ရိုးအမှန်ပင်ဖြစ်ပါသည်။ လူတစ်ယောက်မှာ "ဝါ





သနာ" ဆိုတာကလည်း ဘာရယ်ပြောလို့မရ။ ရပ်ကွက်ထဲက "နှစ်လုံး"ထိုးသူတွေလိုပဲ ခန့်မှန်းရခက်လေသည်။

ကျွန်တော်က ကျွန်တော့်ဝါသနာကိုပဲ ဦးစားပေးခဲ့သည်။

ကျွန်တော်သည် ဝါသနာကလေးနှင့်နေရလျှင် ပျော်နေသော လူတစ်ယောက်သာဖြစ်၏။ ကျွန်တော့်ဘဝတလျှောက်လုံး ယနေ့အထိ တိုင်လည်း ကျွန်တော့်ဝါသနာကလေးနှင့် ကျွန်တော် ငြိမ်းချမ်းစွာ နေလျက်ရှိပါသည်။

ကဲ. . .။

လူတစ်ယောက်မှာရှိသည့် ဝါသနာကို ဘာနှင့် ပိတ်ပင်တားဆီးခွင့်ရှိပါသလဲ။ သူ့ဝါသနာသည် ပြစ်မှုအဖြစ်သို့ မရောက်သမျှ ကျွန်တော်တို့က တားဆီးခွင့်မရှိဟု ကျွန်တော်ထင်ပါသည်။

လူတစ်ယောက်သည် . . .

ကာရာအိုကေကို သူ့အိမ်မှာ ဆိုချင်လျှင်ဆိုမည်။ နှစ်လုံးထီကိုလည်း ထိုးချင်ထိုးမည်။ သူ့မိန်းမနှင့်လည်း စကားများချင်များမည်။ လမ်းနံဘေးမှာ မူးလဲချင်လျှင်လည်းလဲနေနိုင်သည်။ အရက်မူးပြီး chess ဝင်ထိုးချင်လည်းထိုးမည်။ အရက် တော်တော်လေးကစ်ပြီးမှ လမ်းထိပ်က ကုန်သွားပြီဖြစ်သော အသုပ်ဆိုင်ကအသုပ်နှင့်မှ ထမင်းစားမည်ဟု မိဘတွေကိုရော မိန်းမကိုရော ရစ်ချင်လျှင် ရစ်မည်။

"အရက်မူးလျှင် ကျွဲခိုးပေါ်" ဆိုသော မြန်မာစကားပုံတစ်ခု ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ အရက်မူးလျှင် "ဝါသနာ"ပေါ် ဆိုသော စကားပုံကို အစားထိုး၍ (ဖြစ်နိုင်လျှင်) ထည့်ချင်ပါသည်။

ကျွန်တော် အရက်တော်တော်ကလေးမူးသွားလျှင် လုပ်သောဝါသနာက ဘော(လ်)ပင်တွေကိုတွေ့ရာ စတိုးဆိုင်တွေမှာ လျှောက်ဝယ်ခြင်းဖြစ်သည်။

"ဒီကိစ္စက ဘယ်လိုဖြစ်တာလဲ" ဟု ကျွန်တော့်ဇနီးက မေး ဖူးသည်။ ကျွန်တော် စာရေးဆရာဖြစ်နေသော်လည်း သူ့အမေးကို ဖြေစရာစကားသည်မရှိ။

ကျွန်တော်ကိုယ်တိုင်ကပင် ဘာ့ကြောင့်ဘော(လ်)ပင်တွေကို ဝယ်နေရတာလည်းဆိုတာကို မသိပါ။

ကျောင်းသူကျောင်းသားများသည် ကျွန်တော်တို့ခေတ်တုန်းကလို မဟုတ်တော့ဘဲ ဘော(လ်)ပင်ကို တစ်တန်း၊ နှစ်တန်းဆိုလျှင် ကိုင်နေကြပြီဖြစ်သည်။

ကျွန်တော်တို့တုန်းကတော့ သူငယ်တန်းမှာ ကျောက်သင်ပုန်းနှင့် စာရေးရ၏။ ပထမတန်းရောက်တော့မှ "လက်ရေးလှ"စာအုပ်နှင့် စာရေးခွင့်ကိုရသည်။ ကျွန်တော်ရော ကျွန်တော်နှင့် တစ်တန်းတည်းတက်ဖော်များပါ ခဲတံကို ကျောင်းရှေ့တွင်ရှိသော အုတ်နံရံတွင် ချွန်ကြရ၏။

ကျွန်တော် ကျောင်းတက်စဉ်က ခဲတံချွန်စက်ကလေးများ ရှိ နေပြီဖြစ်သော်လည်း "ငါးကျပ်" ပေးရသည်ဆိုသဖြင့် မိဘများက ဝယ်မပေးကြပါ။ ထိုစဉ်က ကျွန်တော်ရသောမုန့်ဖိုးက





တစ်မတ် (၂၅)ပြားသာဖြစ်ပါသည်။ ငါးကျပ်ဆိုသောငွေသည် ခဲတံချွန်စက်အတွက် မသင့်လျော်ဟု အိမ်ကမိဘများက ဆုံးဖြတ်ကြသည်ဟု ထင်ပါသည်။

ဒီတော့ ကျွန်တော်သည် ကျောင်းရှေ့တွင်ရှိသော ခဲတံချွန်တိုင်မှာ ကျွန်တော့်ထက်ဗလကောင်းသော ဝတီများနှင့် အပြိုင် ခဲတံချွန်ခဲ့ရသည်။

ကျွန်တော်တို့ငါးတန်းရောက်တော့မှ ဖေါင်တိန်ကိုကိုင်ရသည်။ ဆရာမက ဖောင်တိန်နှင့် မှင်အိုးကို တစ်ယောက်စီထပြီး ထုတ်ရသည့်နေ့တုန်းက ကျွန်တော့်ဝမ်းသာမှုမှာ မိန်းမရသည့်နေ့က ဝမ်းသာမှုထက် အဆတစ်သန်းလောက်ပိုသည်ဟု ထင်ပါသည်။

ကျွန်တော်တို့ရသော ဖောင်တိန်မှာ "ပိုက်လော့" ဖေါင်တိန်ဖြစ်ပြီး ထိုဖေါင်တိန်မှာ မှင်ကို ဖေါင်တိန်အရစ်ကိုချွတ်ပြီး ဖေါင်တိန်၏ ဖင်ပိုင်းမှထည့်ပြီးရေးရသည်ဟု ဆရာမက ဖေါင်တိန်ရကစ ကျွန်တော်တို့ကို သင်ပြပေးပါသည်။ (ဆရာမကလည်း ထိုဖေါင်တိန်တစ်ချောင်းကို ရပါသည်။ ဆရာမ၏ မှင်အရောင်ကတော့ ဘာကြောင့်မှန်းမသိ အနီရောင်ဖြစ်နေသည်)

ကျွန်တော် ကျောင်းကနေပြန်လာတော့ မြေကြီးနှင့်ခြေထောက် မထိဘူးဟု ထင်ပါသည်။

ကျွန်တော့်ဘဝမှာ အဲဒီလောက်ပျော်ခဲ့သောနေ့ တစ်နေ့မှ မရှိဟု ထင်ပါသည်။

ကျွန်တော်သည် အိမ်ရောက်သည်နှင့် ကျွန်တော့် "ပိုက်



www.burmeseclassic.com

www.burmeseclassic.com



လော့" ဖေါင်တိန်ကလေးထဲကို မှင်တွေထည့်သည့်အခါ မကျွမ်းကျင်သေးသည့်အတွက် လက်တွင်မှင်တွေစွန်း၊ အင်္ကျီတွင်မှင်တွေစွန်းနှင့် ဘာလုပ်ရမှန်းမသိဖြစ်သွားခဲ့သည်။

ဖေါင်တန်ကလေးကိုချရေးတော့လည်း ဖေါင်တိန်ကလေးက မှင်မထွက်။ ဘာမှရေး၍မရ။ ကျွန်တော် ငိုချင်သွားသည်။

ကလေးတစ်ယောက်သည် ကိုယ်အသစ်အဆန်းရလာသော ပစ္စည်းကလေးကို မြတ်နိုးသည်။ အသုံးချချင်သည်။ လုပ်၍ပြချင်သည်။ ကျွန်တော်ကတော့ ထိုနေ့ကကျွန်တော် ဖေါင်တိန် "ပိုက်လော့"ကလေးဖြင့် ဘာစာမျှရေး၍မရခဲ့သည့်အတွက် ကျွန်တော့်ဝါသနာတွင် "ဖေါင် တိန်"နှင့် ယနေ့ခေတ်သုံး ဘော(လ်)ပင်သည် မသိစိတ်၏အိပ်မက်တစ်ခုလို ဖြစ်နေသည်ဟု ကျွန်တော်ထင်ပါသည်။

ဝါသနာသည် မသိစိတ်မှဖြစ်သည်ဟု ကျွန်တော် ဗုဒ္ဓဟောတော်မူသော တရားထဲတွင် ဖတ်လိုက်ရဖူးသည်။

ကျွန်တော်သည် စတိုးဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားပြီး "ဖေါင်တိန်" များကို အရင်ရှာတတ်သော်လည်း ယနေ့ခေတ်တွင် "ဖေါင်တိန်"များမရှိတော့သဖြင့် ဘော(လ်)ပင်များကိုသာ တွေ့သည်။

"ဖေါင်တိန်ရှိသလား"

"ရှင်. . ."

"ဖေါင်တိန်"





"ဖေါင်တင်မလို့လား၊ အဲဒါဆိုရင် အပေါ်ထပ်က (G.M) နဲ့ သွားပြောပါ"

"ဖေါင်တိန်ကိုပြောတာ"

"ရှင်"

"ဖေါင်တိန်လေ"

"ကျွန်မ အုပ်ချုပ်သူနဲ့ သွားတိုင်လိုက်တော့မယ်နော်"

"ဟာ. . . မဟုတ်ဘူး၊ ဖေါင်တိန်လို့ပြောတာ. . ."

"အဲဒါကိုပဲ တိုင်မှာ. . . ."

ကျွန်တော် ထိုနေ့က ထိုစတိုးဆိုင်တွင် တော်တော်ကလေးရှင်းလိုက်ရ၏။ သူတို့က ကျွန်တော်ပြောသော "ဖေါင်တိန်"ဆိုတာကို တစ် ယောက်မျှမသိကြတော့ ကျွန်တော် ဖေါင်တိန်တစ်လက်မဝ ခြင်းထက် "ဖေါင်တိန်"ဆိုတာကို မသိကြတော့သော လူများအတွက်သာ ဝမ်းနည်း၍နေခဲ့သည်။

အပြစ်ပြောမည်ဆိုလျှင်လည်း ကျွန်တော့်ပါးစပ်က အရက်နံ့ကလေးရနေသည်ဟုပင် ဆိုကြပါတော့။ ကျွန်တော် အိမ်ကိုပဲပြန်လာပါသည်။ အိမ်ကိုပြန်ရောက်တော့ ခဏကလေးအိပ်ပြီးသည့်နောက် ကျွန်တော်တို့လမ်းထိပ်က ပေါက်ပေါက်တို့ဆိုင်ကလေးတွင် အနက်ရောင်ဘော(လ်)ပင်ဝယ်မည်ဟု ထွက်ခဲ့ပါသည်။

"ပေါက်ပေါက်" တို့ဆိုင်ဆိုတာကို (စကားလမ်းကြုံ၍မဟုတ်ဘဲ) လက်လမ်းကြုံသဖြင့် နည်းနည်းကလေးတော့ ရေးလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်ကလေးသည် သာမန်ရပ်ကွက်ထဲမှ အသေးစား ကုန်စုံ ဆိုင်ကလေးဖြစ်သော်လည်း ရပ်ကွက်ထဲမှ လူတွေ လိုချင် သမျှ ပစ္စည်းအကုန်ရသည့်အတွက် သူတို့ဆိုင်တွင် လူက အမြဲတမ်း တိုးလျှက်ရှိသည်။

“ပေါက်ပေါက်”တို့ဆိုင်တွင် လူသုံးယောက်က နေ့စဉ် ရောင်းကြသည်။ ထိုလူသုံးယောက်မှာ ပေါက်ပေါက်၊ သူ့အစ်မနှင့် အမေတို့ ဖြစ်ကြသည်။

သူတို့သုံးယောက်စလုံးက သင်္ချာကိုမတော်ကြဟန်ရှိ၏။

ငါးရာတန်ပေးပြီး တစ်ရာလေးဆယ့်ငါးကျပ်ဖိုးဝယ်လျှင် သားအမိသုံးယောက်ပေါင်းပြီး တစ်ယောက်တစ်မျိုးဆီ ပိုက်ဆံပိုပြန် အမ်းငွေကို ပြောကြသဖြင့် ကျွန်တော် သူတို့ကို တော်တော်ကလေး သဘောကျသည်။

တစ်ခါတစ်ရံတွင် ပြန်အမ်းငွေကို တွက်ချက်တာမှန်ပြီး ငွေလည်းအမ်းရော ငွေက ပိုရှိနေသည်မှာ အကြိမ်တော်တော်များ သည်။ ကျွန်တော်က လူရှင်းနေလျှင်တော့ ရယ်ရယ်မောမောနှင့် သူတို့ကို နောက်ပြီး ပိုအမ်းသည့်ငွေကို ပြန်ပေးတတ်လေ့ရှိသော် လည်း လူရှုပ်နေလျှင်တော့ ကိုယ်ကလျှော့သည်ဖြစ်စေ၊ သူက ပိုသည်ဖြစ်စေ ဘာမှမပြောတော့ဘဲ ပြန်သည်ကသာများပါသည်။

သူတို့ဆိုင်မှာဝယ်လျှင် “ပေါက်ပေါက်” ကတစ်မျိုးတွက် သည်။ သူ့အစ်မက တစ်မျိုးတွက်သည်။ သူ့“အမေ”က တစ်မျိုး တွက်သည်။ ဝယ်သည့်လူက တစ်မျိုးတွက်သည်။ ထို့ကြောင့် ပိုက်ဆံ





ကမတူဘဲ တစ်မျိုးစီဖြစ်နေတတ်၏။

“အာလူးတစ်ဆယ်သားက တစ်ရာ့နှစ်ဆယ်”

“ဟုတ်ကဲ့”

“ဆီက. . . စားအုန်းဆီနော်. . .”

“ဟုတ်ကဲ့. . .”

“အဲဒါက တစ်ရာ့ခြောက်ဆယ်. . .”

“ဟဲ့. . . နေဦး၊ ငါထည့်ပေးလိုက်တာက ပဲဆီဖြစ်နေ တယ်”

“မဟုတ်ပါဘူး စားအုန်းဆီပါရှင်”

“ကဲ. . . ငါ့ကို ပြန်ပြ. . . ပြန်ပြ”

“ဘဲဥတစ်လုံးက ဘယ်လောက်လဲဟင်”

“အမေ. . . ဘာဆီပဲဖြစ်ဖြစ်ပေးလိုက်တော့၊ ဘဲဥက တစ် လုံးကိုတစ်ရာနဲ့ ဆယ့်ငါးကျပ်ညီမလေး”

“အဲဒါဆို. . . ငါးလုံးပေး”

“ဘဲဥက ငါးလုံးနော်၊ ပြီးတော့ကော. . .”

“အချိုမှုန့်ကတစ်ရာဖိုး၊ မဆလာရှိလား. . .”

“ကုလားလေးမဆလာရှိတယ်”

“မဟုတ်ဘူး. . . ကျန်တဲ့မဆလာ”

“သြော်. . . ကျန်တဲ့မဆလာက ကုန်နေတယ်”

ပေါက်ပေါက်က အပြုံးနဲ့ပဲ ပြောပါသည်။ ဝယ်သူက ကုလား မကလေးဖြစ်ပြီး ကုလားလေးမဆလာကို မကြိုက်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရယ်ချင်သွား၏။ သို့သော် ကျွန်တော် ထိုအချိန်က ဘော(လ်)ပင်ဝယ်၍ မရသေးပါ။

"ဆန်တစ်လုံးက တစ်ရာ့နှစ်ဆယ်၊ ပဲကြီးလှော်က ငါးကျပ်သား၊ အချိုမှုန့်က တစ်ရာတန်တစ်ထုပ်ဆိုတော့. . ."

ဒါက ပေါက်ပေါက်အစ်မပါ။ သူ့ဘာသာသူတွက်ပြီး သူ့ဘာသာသူတို့ ရှုပ်နေကြတဲ့ ဈေးဆိုင်ကလေးဟာ တစ်နေကုန် ခုံကလေးတစ်လုံးနဲ့ ထိုင်ကြည့်နေလျှင်တော့ တော်တော်ကလေး ပျော်ဖို့ကောင်းမည်ဟု ကျွန်တော်ထင်ပါသည်။

"ဘော(လ်)ပင်လိုချင်ပါတယ်ဗျာ"

"ခဏလေးနော်. . . ဦး၊ အဲဒါက ရှစ်ဆယ်၊ ရာဇာက ငါးဆယ်၊ ပဲကြာဇံက အမေ. . . ဘယ်လောက်လဲ"

"ငါလည်းမသိတော့ဘူးအေ့"

"အဲဒါဆို တစ်ရာပဲထားလိုက်တော့၊ အမှန်တော့ အဲဒီထက်များတယ်၊ ဒါပေမယ့် တစ်ရာပဲပေး. . . ဟုတ်ပြီလား"

"ပေါက်ပေါက်" တို့ဆိုင်က ဆိုင်ရှေ့မှာနာမည်တပ်ထားတဲ့ ဆိုင်းဘုတ်မရှိသော်လည်း ကျွန်တော်တို့ရပ်ကွက်ထဲမှာတော့ တိုးမပေါက်အောင်ရောင်းရသော ဆိုင်ဖြစ်နေခြင်းမှာ သူတို့ကံကြောင့်လား၊ သူတို့ ဂဏန်းပေါင်းများ၍လား၊ ဖော်ဖော်ရွေရွေနှင့် ဆက်ဆံရေးကောင်း၍လား၊ တစ်ခုခုတော့ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

"ဘော(လ်)ပင်ပေးပါ"





"ဟုတ်ကဲ့. . . ဦး၊ ခဏလေးနော်၊ ပဲခြမ်းက ဘယ်လောက်ဖိုးလဲ"

"တစ်ရာဖိုး. . ."

"အာလူးက. . ."

"တစ်ဆယ်သား. . ."

"အဲဒါဆိုရင် ပဲခြမ်းကနှစ်ရာ၊ အာလူးက တစ်ဆယ်သားကို တစ်ရာ့နှစ်ဆယ်ဆိုတော့. . ."

"ပေါက်ပေါက်" က လက်ညှိုးကိုထောင်ပြီး သူ့ဂဏန်းကိုသူတွက်ရင်း စဉ်းစားနေသည်။

ကျွန်တော် စိတ်မရှည်ချင်တော့ပါ။ ကျွန်တော် "ဖေါင်တိန်"လိုချင်သဖြင့် ပြဿနာတက်ခဲ့ရပြီးပြီ။ ယခု ဘော(လ်)ပင်လိုချင်တော့လည်း ကိုယ့်ရပ်ကွက်ထဲက ကိုယ်နှင့်ခင်နေသောဆိုင်မှာ ပင် ဝယ်၍မရဖြစ်နေသည်။

ကျွန်တော် ဒီညစာရေးရမည်။ စာရေးဆရာတို့မည်သည် စာရေးမှ ငွေရမည်။ စာမရေးလျှင် မည်သည့်ထုတ်ဝေသူကမျှ (သဘောကောင်းစွာနှင့်) ငွေလာပေးလိမ့်မည်မဟုတ်ကြောင်းကို သိသည့်အတွက် ဒီညစာရေးရန် ဘော(လ်)ပင်ဝယ်ရခြင်းဖြစ်ပါသည်။

"ပေါက်ပေါက်" တို့မိသားစုကတော့ အာလူးတစ်ဆယ်သား၊ ကြက်သွန်နှစ်ဆယ်သား၊ အချိုမှုန့်နှစ်ထုပ်၊ ဆီငါးကျပ်သား ဘဲဥသုံးလုံး၊ ဇီးထုပ်တစ်ထုပ်၊ စာကလေးခွေ၊ ပဲကြီးလှော်အပြင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေကြ၏။

သူတို့တွက်တိုင်းလည်း မှားတာကများပါသည်။ တစ်နေကုန် တွက်နေရသူတွေဆိုတော့ မှားတာလည်းပါချင်ပါမည်ဟု ကျွန်တော်က နားလည်ပေးနိုင်ပါသည်။ သူတို့အတွက်အချက်လစ်တုန်းမှာ ကျွန်တော်က ခပ်သွက်သွက်ပြောရသည်။

"ဘော(လ်)ပင်ပေးပါ"

"ဘော(လ်)ပင်နော်. . . ဟုတ်ကဲ့ဦး၊ ယံယံက တစ်ရာနဲ့ရှစ်ဆယ်၊ ဂျင်းက ငါးဆယ်ဆိုတော့. . ."

ကျွန်တော်လည်း စိတ်မရှည်တော့တာနဲ့ ဝင်ပေါင်းပေးလိုက်မိသည်။

"နှစ်ရာ့သုံးဆယ်. . ."

"အင်း. . . ဟုတ်တယ်နော်၊ ရွှေဝါဆပ်ပြာက. . ."

"လက်ငါးလုံး"

"အင်း. . . အဲဒါဆိုရင် တစ်တောင့်ကို နှစ်ရာ့နှစ်ဆယ်ဆိုတော့ လက်ငါးလုံးက . . ."

"ဟဲ့. . . လက်ငါးလုံးဆိုတာ ဆပ်ပြာတောင့်ရဲ့ လေးပုံတစ်ပုံကို ပြောတာပေါ့၊ နင် တစ်တောင့်ကို နှစ်ရာ့နှစ်ဆယ်ဆိုတော့ လက်ငါးလုံးကို ငါးဆယ့်ငါးကျပ်ကျတာပေါ့ဟ"

"ဟုတ်တယ်နော်. . . နှစ်ရာ့သုံးဆယ်ရယ်၊ ငါးဆယ့်ငါးကျပ်ရယ်. . . ဆိုတော့. . ."

"နှစ်ရာရှစ်ဆယ့်ငါးကျပ်ဟာ. . ."





"ဟုတ်တယ်နော်"

"တော်ပြီ. . . ခွီးပဲ. . . ငါ့ကို ဘော(လ်)ပင်သာပေး"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဦး၊ ဘယ်ဘော(လ်)ပင်လဲဟင်"

"ရေးနော့(လ်)"

"ရှင်"

"ရေးနော့(လ်)လို့ပြောနေတယ်"

"အော်. . . ရေးလို့ကောင်းတာကိုပြောတာပေါ့နော်၊ သမီးသိပြီ၊ ဒါပေါ့. . . ဘယ်နှစ်ချောင်းလဲ"

"ဆယ်ချောင်း"

"ရှင်. . . ဆယ်ချောင်း၊ ဆယ်ချောင်းတောင် ဘာလုပ်မလို့လဲ ဦးရဲ့"

"ဝါးစားမလို့"

"ရှင်. . . ဘော(လ်)ပင်ဝါးစားလို့မှမရတာကို"

"အေး. . . အဲဒါကို ငါရအောင်ဝါးစားမယ်၊ နင့်ဘော(လ်)ပင် တစ်ချောင်းဘယ်လောက်လဲ"

"ခဏလေး. . . ဦး"

ပေါက်ပေါက်လည်း အူကြောင်ကြောင်နဲ့ ဘော(လ်)ပင်ထည့်ထားတဲ့ ဗူးကလေးကိုယူပြီး အဲဒီမှာရေးထားတဲ့ စာတမ်းကိုဖတ်ပေမယ့် စာတမ်းကပျက်နေလို့ သူ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ကျွန်တော်ကပဲ ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချောင်းကို တစ်ရာ့ငါးဆယ်မဟုတ်လား"

"မှတ်မိပြီ. . . တစ်ရာ့နှစ်ဆယ်"

"တော်သားပဲ"

"ဦးကလည်း တော်ပါတယ်၊ အရက်သာမူးနေတာ၊ ပိုက်ဆံတွက်တာကျတော့ မမှားဘူးနော်"

"ဟဲ့. . . အရက်မူးတာနဲ့ တွက်တာနဲ့ ဘာဆိုင်လို့လဲ၊ ငါက ဈေးရောင်းရတာကို ဝါသနာပါတယ်၊ တွက်ရချက်ရတာကိုလည်း ဝါသနာပါတယ်"

"ဦး. . . ဘယ်နှစ်ချောင်းလဲ"

"အနီသုံးချောင်း. . . အပြာနှစ်ချောင်း. . . အနက်က ငါးချောင်း"

"ဟင်. . . ဦးကလည်း မျှားလှချည်လား၊ သွားကောလိပ်က ကျောင်းသားလေးတွေတောင် တစ်ခါဝယ်မှ တစ်ချောင်းပဲဝယ်တာ"

"အေး. . . သူတို့က သွားကောလိပ်က၊ ငါက မယားကောလိပ်က၊ အဲဒီတော့ ဆယ်ချောင်းကို ဘယ်လောက်လဲ"

"ရှစ်ရာ့ငါးဆယ်. . . ဦး"

"ဟဲ့. . . တစ်ချောင်းကို တစ်ရာ့နှစ်ဆယ်ဆို"

"ဟာ. . . မဟုတ်ဘူးဦး၊ တစ်ချောင်းကို ရှစ်ဆယ့်ငါးကျပ်ပါ"

"နင့်ဟာ. . . ဟုတ်ရဲ့လားဟာ. . . ပေါက်ပေါက်"





"သမီးလည်းမေ့တော့မေ့နေပြီ၊ ဒါပေမယ့် အဲဒီလောက်ပဲထင်ပါတယ်၊ ဒီဘော(လ်)ပင်ကိုပြောတာနော်၊ အမေ ဒီဘော(လ်)ပင်က ဘယ်လောက်လဲ၊ ဦးကမေးနေလို့"

"သုံးဆယ့်ငါးကျပ်"

ကျွန်တော်လည်း မူးနေသမျှကနေ ရူးနေသမျှဖြစ်သွား၏။

နောက်တစ်ယောက်ကိုထပ်မေးနေလျှင် ကျွန်တော်မူးထားတာကလေးတွေ ပျောက်သွားမှာ စိုးရိမ်ရသည့်အတွက် ကျွန်တော့်လက်ထဲက ကိုင်ထားသော ဘော(လ်)ပင်ကလေးတွေကို နံဘေးလွယ်အိတ်ထဲထည့်လိုက်ရင်း ဒီညအတွက်တော့ ကျည်ဆံအသစ်တွေရပြီဟု သဘောထားလိုက်သည်။

"ပဲကြာဇံကုန်နေတယ် အမေ၊ ရိုးရိုးကြာဇံပဲရမယ်"

ပေါက်ပေါက်က အပြုံးနှင့်ပြော၏။

"ငါ. . . ဘယ်လောက်ပေးရမလဲ ပေါက်ပေါက်၊ နင် တစ်ခါတည်းပြော"

"အာ. . . ဦးက အရေးမကြီးပါဘူး၊ ခဏနော်၊ မနေ့က ကျန်တာက နှစ်ဆယ်၊ အကြွေအမ်းတုန်းက ငါးဆယ်တန်ကို ပြန်ယူမသွားတာနဲ့ဆို ခုနှစ်ဆယ်၊ ဒါဆိုရင် အခုဆိုရယ်၊ ကုလားပဲကြမ်းတစ်ဆယ်သားရယ်"

ပေါက်ပေါက်ကတွက်လိုက်၊ သူ့အမေကတွက်လိုက်၊ သူ့အစ်မကတွက်လိုက်နှင့် လုံးလည်လိုက်နေကြသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း စားအုံးဆီဈေးကိုလည်း မသိ၊ ကုလားပဲခြမ်းဈေးကိုလည်း မသိသဖြင့် ဒီတစ်ခါတော့ ဝင်တွက်၍မပေးတော့ဘဲ ရယ်၍သာနေသည်။ သို့သော် သူတို့ တွက်ချက်မှုက တစ်မိနစ်လောက်အတွင်းမှာ ပြီးသွားသည်။

ကျွန်တော်ကလှမ်းကြည့်တော့ ကျွန်တော့်ကို ပေါက်ပေါက်က ပြုံး၍ပြသည်။

"ဘော(လ်)ပင်"

"ဘယ်နှစ်ချောင်းလဲ ဦး"

"ဖေါင်တိန်မရှိဘူးလား"

"ဖေါင်းတာတွေမရှိဘူး ဦး၊ သွားတိုက်၊ သပွတ်တံကတော့ ဖေါင်းတာလေးတွေရှိတယ်၊ အသစ်ဝင်တာ"

"ဖေါင်တိန်ကိုပြောတာ. . ."

"ဦးကလည်း မူးမူးနဲ့ ဘာတွေလာပြောနေတာလဲ"

ကျွန်တော် စိတ်ဓာတ်ကျ၍သွားသည်။

အရက်သောက်ခြင်းသည် ကျန်းမာရေးကို မထိခိုက်စေသော်လည်း လူမှုရေးကိုတော့ ထိခိုက်တတ်ကြောင်းကို ကျွန်တော် ကောင်း ကောင်းလေး နားလည်သွား၏။ ကျွန်တော်က "ဖေါင်တိန်" ဟုပြောတာကို သူက နားမလည်သော်လည်း ကျွန်တော့်ပါးစပ်မှ အရက်၏ရနံ့ကိုတော့ နားလည်သွားဟန်တူသည်။ သွားတိုက် သပွတ်တံမှာ "ဖေါင်း"တာရှိသည်ဆိုတာကို ကျွန်တော်လည်း အဲဒီနေ့ကျမှ သိရ၏။





နံဘေးနားမှာ ဝယ်သူတွေလည်းရှိနေသဖြင့် ကျွန်တော့် ဒေါသကို ပျော်စရာအဖြစ် ပြောင်းပစ်လိုက်သည့်အခါ ရင်ထဲတွင် ပြောစရာ စကားကလေးတွေ ရှိလာသည်။

"ကဲ. . . ပေးစမ်းဟာ နင့်ရဲ့ဖေါင်းတဲ့သွားပွတ်တံ"

"ခဏနော်. . . ဦး၊ အာလူးက အစိတ်သားလား"

ပေါက်ပေါက်က ကျွန်တော့်ရှေ့က ကုလားမကြီးကို အာလူး အစိတ်သားချိန်ပေးပြီးတော့မှ ကျွန်တော့်ကို သွားပွတ်တံ လက်ကိုင် ဖေါင်းဖေါင်းကလေးနှစ်ချောင်းကို ပြသည့်အတွက် ကျွန်တော်က တစ်ချောင်းကိုရွေးလိုက်ပါသည်။

"တော်ကီမင်းအတွက်လား. . ."

"ဟ. . . ငါ့အတွက်ပါဟ. . ."

"ဦး. . . မူးနေပြီထင်တယ်၊ ဦးယူတာက ကလေးတိုက်တဲ့ သွား ပွတ်တံ၊ ဟိုဟာက လူကြီးတိုက်တာ"

ကျွန်တော့်စိတ်ထဲမှာ "ဂိန်"ဟူသော အသံအကျယ်ကြီးကို ကြား ရ၏။

နံဘေးနားမှာ ဈေးဝယ်ရန်အတွက် စောင့်နေသော လူများကလည်း ဝိုင်း၍ရယ်ကြသည်။ ကျွန်တော်သည် အရှက်ကွဲသွားလျှင် လုပ်နေကျအတိုင်း အားရပါးရကြီးကို ရယ်ပစ်လိုက်ပါသည်။ ပြီးတော့မှ. . .

"နှစ်ချောင်းလုံးယူမယ်ဟာ"

"ဟုတ်ကဲ့. . . ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဘော(လ်)ပင်ဆယ်ချောင်း၊ သွားပွတ်တံနှစ်ချောင်းနှင့် အိမ်ကိုပြန်ရောက်လာတော့ ကျွန်တော့်သား တော်ကီမင်းက သွားပွတ်တံတွေကိုလွှင့်ပစ်ပြီး ဘော(လ်)ပင်တွေကိုတော့ သူ့ကို "အပိုင်စားကြီး" ပေးရမည်ဟု ဆိုသည်။

ကျွန်တော် ဘာတစ်ခွန်းမျှမပြောတော့ဘဲ ဘော(လ်)ပင်တွေကို ကျွန်တော့် သား တော်ကီမင်းအား "အပိုင်စားကြီး" ပေးလိုက်ပြီး အိပ်ယာပေါ်ပစ်လှဲလိုက်သည်။

ကျွန်တော် "ဖေါင်တိန်"ကလေးတစ်ချောင်းတော့ ယနေ့အထိ လိုချင်နေပါသည်။ ယနေ့အထိတော့ "ဖေါင်တိန်" ရောမှင်အိုးကိုပါ မရရှိသေးပါ။

အရက်သောက်သူများသည် သူတို့သောက်သောအရက်က မူးသည်ဖြစ်စေ၊ မမူးသည်ဖြစ်စေ ပတ်ဝန်းကျင်နှင့်မိသားစုကတော့ "အနံ့"ကလေးရသည်နှင့် မူးနေပြီဟုယူဆ၍ ခွင့်လွှတ်တန်လျှင်လည်း ခွင့်လွှတ်၊ ဒေါသဖြစ်စရာရှိလျှင်လည်း ဒေါသဖြစ်ကြပြီး မှားသွားလျှင်လည်း (အနည်းငယ်လွဲတာကို ဆိုလိုသည်) မူးနေလို့ဟု ရယ်ရယ်မောမောနှင့်ပင် တုန့်ပြန်တတ်ကြပါသည်။

ကျွန်တော် တစ်ညနေခင်း "ဆရာကျောင်း"ဟုခေါ်သော "မျိုးဆွေသန်း" ဟုခေါ်သော စာရေးဆရာ "မျိုးငြိမ်းဆွေ"ဟုခေါ်သော "မောင်ကျောင်း"ဟု ကျွန်တော်က ချစ်စနိုးခေါ်သော "ဆရာကျောင်း" အခန်းသို့ ရောက်သွား၏။

ကျောင်းနှစ်ကောင်စားအုပ်တိုက်



သူနှင့် ပေါက်တတ်ကရစကားတွေလျှောက်ပြောရင်း ကျွန်တော်ကြည့်လိုက်တော့ သူ့အခန်းဝင်နံဘေးက စင်ကလေးပေါ်မှာ "ဖေါင်တိန်"တစ်ချောင်းကို သွားတွေ့သည်။ "ဖေါင်တိန်"က ခပ်တုတ်တုတ်ကြီးကြီးဖြစ်နေသဖြင့် ကျွန်တော် မကြိုက်သော်လည်း "ဖေါင်တိန်"ငတ်နေသည့်လူ ဖြစ်သဖြင့် မောင်ကျောင်းထံမှ မတောင်းစဖူး ထို"ဖေါင်တိန်"ကို တောင်းလိုက်၏။

"မင်းက. . . ဘယ်လိုလုပ် မြင်သွားတာလဲ"

"ဝင်ကာစကတည်းက မြင်တာကွ၊ မင်းနဲ့ စကားပြောနေတာတွေက ရှီးနေတာ၊ ငါလိုချင်တာက အဲဒီဟာပဲ"

"ကဲ. . . ယူကွာ. . . ရော့၊ အဲဒါ တံဆိပ်ကိုကြည့်ဦး၊ MO-NT BLANC နော်၊ ဒီမှာတွေ့လား"

မောင်ကျောင်းက သူ့ပစ္စည်းကိုအရစ်ဖြုတ်ပြီး တံဆိပ်ကိုပြတော့မှ ကျွန်တော်ရွေးသောအရာမှာ "ဖေါင်တိန်"မဟုတ်ဘဲ ဘော(လ်)ပင်ဖြစ်မှန်း သိလိုက်ရသော်လည်း ပြောပြီးလက်စ စကားကြောင့် ထိုဘော(လ်)ပင်ဖြစ်သွားသော ဖေါင်တိန်ကို အိတ်ထဲသို့ထည့်လိုက်ရသည်။

ထိုနေ့က မောင်ကျောင်းအခန်းနှင့် မျက်စောင်းထိုးတွင်ရှိသော ဘီယာဘားကလေးတွင် ဘီယာမူးမူးနှင့် ထူးအိမ်သင်၏ နှေဦးကံ့ကော် များသီချင်းကိုဆို၍ အိမ်သို့ပြန်ရောက်ခဲ့သည်။

ကျွန်တော်သည် နောက်အရက်မူးလျှင် ဘော(လ်)ပင်ကို

ကျောင်းနှစ်ကောင်စားအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် "ဖေါင်တိန်"ကိုဖြစ်ဖြစ် ဘယ်တော့မှမဝယ်တော့၊ မတောင်းတော့ကြောင်းကို ဤ၀တ္ထုတိုကလေးနှင့်ဝန်ခံကတိပြုရင်း ကျွန်တော်၏ "သူရာထောင့်မှအလွဲများ" ကို နိဂုံးချုပ်လိုက်ရပါသည်. . . ခင်ဗျား။

■

နီကိုရဲ




စာမူခွင့်ပြုချက်အမှတ်

၅၀၁၃၇၈၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၅၉၉၀၄၁၁

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၁၁ ခုနှစ်

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သူရာထောင့်မှဒုတိယအလွဲများ/နီကိုရဲ၊ -ရန်ကုန်၊ ၈၉၅.၈၃

ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။

၁၄၀-စာ ၊ ၁၈.၅ X ၁၃.၅ စင်တီ။ (၁)သူရာထောင့်မှဒုတိယအလွဲများ


BURMESE CLASSIC

www.burmeseclassic.com